အောင်မြင်စာပေ

ဂ မ္ဘီ ရ ဆန်း ကြယ် လုံး ချင်း ဝ တ္ထု သစ်

# တြိဝဏ္ဏ



အောင်မြင်
စာပေ





## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၅၀၀၇၅၈၀၃၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၁၂၃၁၂၁၁

**ထုတ်ဝေသူ** ဦးအောင်မြင့်၊
အမှတ်(၇)၊ သီတာလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး** အောင်မြင်စာပေ၊
အမှတ်(၁)၊ အောင်ဘာလေလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ်**
အောင်မြင်ပုံနှိပ်တိုက်၊ သုဝဏ္ဏ။

ပထမအကြိမ်၊ ၂၀၁၂ခုနှစ်၊
(ဧပြီလ)၊ အုပ်ရေ(၅၀၀)၊
တန်ဖိုး(၂၀၀)ကျပ်။

၈၉၅.၈၃
တြိစက္က
မရဏာကြေးမုံနှင့် လိပ်ပြာအကျဉ်းသား / တြိစက္က။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၂။
၂၅၀ - စာ၊ ၁၂.၅ × ၁၈.၃ စင်တီ။
(၁) တြိစက္က

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရရှိရေး — ယင်းကာမိပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ထြိခဏ



# ဒဿနလက်ဆောင်

- လူတစ်ယောက်ရဲ့အပြုအမူကို စကားဖြင့်
အကဲဖြတ်ကြည့်နိုင်သည်။
စကား၏ပြောဆိုမှုမှာလည်း
စိတ်စေတနာကို ဖော်ပြပေးနိုင်ပါသည်။
စိတ်စေတနာဖြူစင်မှုကို သိလိုလျှင်တော့
ၛင်းဆောင်ရွက်ပေးသည့်အပြုအမူဖြင့်
သိနိုင်ပါသည်။

- မကောင်းတဲ့လူတစ်ယောက်နှင့် နှိုင်းယှဉ်ပြီးမှ
လူကောင်းတစ်ယောက်ဟု သတ်မှတ်ခံရခြင်း
ထက်...မိမိပြုလုပ်ဆောင်ရွက်ပေးမှုများကြောင့်
လူတော်လူကောင်းဟု သတ်မှတ်ပေးခြင်းကသာ
ဂုဏ်ယူစရာဖြစ်ပါသည်။

- အခြားသူများကို အမှီပြု၍ အောင်မြင်လျှင်
တစ်ဝက်တာ အောင်မြင်သည်ဟု ဆိုနိုင်သည်။
ကိုယ့်အားကိုယ်ကိုးပြီး အောင်မြင်အောင်
လုပ်မှသာ ပြည့်ဝသောအောင်မြင်ခြင်းဟု
ဆိုနိုင်ပေသည်။

# ဒဿနလက်ဆောင်

- စိတ်ထဲမှ ပြုလုပ်ချင်သောအလုပ်မှန်သမျှ
စိတ်ဝင်စားမှု ရှိလေသည်။
စိတ်ထဲမှာ မလုပ်ချင်သောအလုပ်ကို
လုပ်ရလျှင်တော့ စိတ်ပင်ပန်းမှု ဖြစ်စေပါသည်။
စိတ်တက်ကြွမှုဖြင့် ဦးဆောင်လျှင်
မည်သည့်အလုပ်မဆို အောင်မြင်နိုင်ပါသည်။

- ကံကြမ္မာက သင်နှင့် ကြုံကြိုက်လာဖို့ ဖန်တီး
လာသောကိစ္စကို လက်ခံပေးပါ။
ကံကြမ္မာက သင်နှင့် ဆုံစည်းဖို့ ဖန်တီးပေး
လာတဲ့လူကိုလည်း ချစ်ပါ။
ဒါပေမယ့် အသည်းနှလုံးရဲ့လိုအင်ဆန္ဒကိုတော့
လျစ်လျူမရှုသင့်ပါချေ။

- အသည်းနှလုံးက အချစ်ရောအမုန်းတွေပါ
ဘယ်လောက်များများ လက်ခံထားနိုင်တယ်
ဆိုပေမယ့်...
တကယ်ဆန်းစစ်ကြည့်တဲ့အခါမှာတော့
အချစ်စစ်က တစ်ခုထက် ပိုမရှိနိုင်ပါဘူး

# ဒဿနစကားဆောင်

- အချစ်အကြောင်းတွေကို
များများပြောနေခြင်းဟာ
အချစ်အကြောင်းကို ဂဃနဏ မသိသေးလို့ပဲ။
အချစ်အကြောင်းကို သေသေချာချာ
သိပြီဆိုရင်တော့
အခြားသူနဲ့ စကားပြောနေဖို့ အချိန်မရှိတော့ဘူး။

- မျက်ရည်ကျခြင်းဆိုတာ ခံစားမှု ပြင်းထန်စွာ
ရိုက်ခတ်မှုကြောင့်ပဲဖြစ်ပါတယ်
ခံစားမှုရှိနေပြီး မျက်ရည်မကျတော့ဘူးဆိုရင်
ပူလောင်ပြင်းပြမှုက
မျက်ရည်တွေကိုခန်းခြောက်သွားစေလို့ပါပဲ

- ဆင်းရဲသော်လည်း မျှော်မှန်းချက်၊
ရည်ရွယ်ချက် ကောင်းလျှင်
ချမ်းသာသူဘဝ ရောက်နိုင်သည်။
ချမ်းသာသော်လည်း ကိုယ်ကျင့်မကောင်းပါက
မကြာမီ ဆင်းရဲသားဘဝ ရောက်နိုင်ပေသည်။

# ဒဿနစကားဆောင်

- သစ္စာသည် ဆိုးယုတ်မှုများကို ဖြိုဖျက်နိုင်၏။
ဖြောင့်မတ်ခြင်းသည် ခက်ခဲမှုများကို
ကျော်လွှားနိုင်သည်။
ကြိုးစားအားထုတ်မှုကောင်းလျှင်တော့
ရည်ရွယ်ချက်များ ပြည့်ဝစေနိုင်ပါသည်။

- ကောင်းသည်ဆိုးသည်ကို
ပတ်ဝန်းကျင်က ဝေဖန်ပိုင်းခြားပေးနိုင်သည်။
ထိုအကောင်းအဆိုးကို ရွေးချယ်ရာမှာတော့
မိမိကိုယ်ပိုင်စွမ်းရည်ကိုသာ အသုံးချရမည်
ဖြစ်သည်။

- သံကဲ့သို့သော ဘဝအမြင်မျိုး ရှိမှ
ကြံ့ခိုင်ပြတ်သားသည့်ရပ်တည်မှုမျိုး ရှိမည်
အသုံးဝင်သည့်လုပ်ငန်းအမြင်မျိုး ရှိမှ
တန်ဖိုးရှိသောအရာများကို ဖန်တီးနိုင်သည်။
တည်ငြိမ်ရင့်ကျက်သော အတွေးအမြင်ရှိမှ
သဘောတရားကောင်းများ ရှာဖွေထုတ်ဖော်
နိုင်ပေမည်။

# ( စာရေးသူ၏အမှာစာ )

စာရေးသူတစ်ယောက်အနေဖြင့် ဝတ္ထုရေးသားရာမှာ အခက်အခဲများစွာတို့နှင့် တွေ့ကြုံရပါသည်။ အချို့ဇာတ်လမ်း ကောင်းမည်၊ ရေးကွက်လှမည် ထင်သဖြင့် တကယ်ရေးတော့မှ တစ်ဝက်တစ်ပျက်နှင့် စိတ်တိုင်းမကျသည်တို့နှင့် ကြုံဖူးပါသည်။

သို့သော်လည်း ပြီးအောင်တော့ ဆက်ရေးရပါသည်။ ရေးပြီးသမျှထဲမှ ကျွန်တော်နှစ်သက်သဘောကျခဲ့သော ဝတ္ထုအချို့မှာ...

ကညင်ပင်ကိုးပင် စင်ကိုးစင်၊
သလင်းကျောက်နန်းတော်၊
ကြယ်နဂါးနှင့်ရွှေသားလိုဏ်ဂူ၊
ဇီဝဇိုးကျိန်စာ၊ နဂါးတစ်ထောင်ဂူ၊
ဂမုန်းနက်ရန်စွယ်၊ ပဥ္စလက်ဝိဉာဉ်ကြိုး၊
ယက္ခဝတီ၊ မဟာမြိုင်နှင့်ငွေဖြူရှင်၊ လောကငရဲသား၊
နဂါးရာဇ်လိုဏ်ဂူ၊ ဂန္ဓဝင်တိဗက်နှင့် ကွဲအက်ခဲ့သော
နှလုံးသား၊ မရဏသစ်ခွနက်၊
မျောက်တစ်ရာမှ တစ်ပွဲစားတာတော၊
မှန်ကင်းစံနှင့် မရဏတာမန် ပတ္တမြား၊
သိင်္ဂါရမြားချက်၊ မောဂ္ဂတော်ဝက်ပါ၊
ပလ္လင်သုံးဆင့်မြိုင်သေလာ...

အစရှိသောဝတ္ထုများမှာ စာရေးသူတစ်ယောက်အနေနှင့် အတွေးရော အရေးပါ ထပ်တူကျခဲ့သော ဝတ္ထုအချို့ဖြစ်ပါသည်။

(အလျဉ်းသင့်ပါက ထိုဝတ္ထုများကို ဒုတိယအကြိမ်ပြန်လည်ထုတ်ဝေပေးနိုင်ရန် စီစဉ်ပေးပါမည်။) ယခုရေးသားသော "မရဏကြေးမုံနှင့် လိပ်ပြာအကျဉ်းသား" ဝတ္ထုရှည်မှာလည်း စာရေးသူ၏အတွေးနှင့် အရေးအသား တစ်ထပ်တည်း ကျပြီး ဘဝင်ကျစေခဲ့သော ဝတ္ထုရှည်တစ်ပုဒ်ဖြစ်ကြောင်း ကြိုတင်အသိပေးလိုက်သည်။

ဟုတ်မဟုတ်တော့ စာဖတ်သူများကသာ ဆုံးဖြတ်ပေးရန် ကျန်ပါတော့သည်။

ဝတ္ထုကို ဖတ်ရှုပြီး တစ်စုံတစ်ခုအထိ ကျေနပ်မှုရရှိခဲ့ပြီ ဆိုလျှင်တော့ ကျွန်တော့်ရဲ့ကြိုးပမ်းအားထုတ်ရကျိုးနပ်ပြီဟုသာ ဆိုချင်ပါတော့သည်။

စာဖတ်သူများ၏မေတ္တာရိပ်အောက်မှ...

တြိစက္က

## ဤဝတ္ထု၌ ပါဝင်သောအခန်းများ


အမှာစာ
အခန်း(၁) မဟာဂန္ဓာရီပညာတို့၏ဇစ်မြစ်
အခန်း(၂) အီဂျစ်တို့၏မရဏကျမ်း
အခန်း(၃) မြို့စားကြီးအိုစီရန်၏မှော်ဝင်မှန်
အခန်း(၄) အိုင်းရစ်မြို့မှ စိတ္တဇလူသတ်သမား
အခန်း(၅) မရဏကြေးမုံနှင့် ထူးဆန်းမှုများ
အခန်း(၆) ပါမောက္ခသီဟန်နှင့် သဲလွန်စများ
အခန်း(၇) ကျောက်တလားအတွင်းမှ ထူးဆန်းသောအလောင်း
အခန်း(၈) လိပ်ပြာဝိညာဉ်အကျဉ်းသား
အခန်း(၉) လက်စတာနှင့် ထူးဆန်းသောအတွေ့အကြုံများ
အခန်း(၁၀) အဆောင်တွင်းမှ မရဏကြေးမုံ
အခန်း(၁၁) ရှေးဟောင်းပြတိုက်မှ ဝိညာဉ်လှောင်အိမ်
အခန်း(၁၂) ဝိညာဉ်လှောင်အိမ်မှ ထွက်လာသောသရဲ
အခန်း(၁၃) မှန်ချပ်အတွင်းမှ ကုမုဒြာပုံရိပ်
အခန်း(၁၄) ကုမုဒြာနှင့် တွေ့ဆုံရလေပြီ
အခန်း(၁၅) အန္တရာယ်စက်ကွင်းသို့ ဝင်ရောက်ကြခြင်း
အခန်း(၁၆) အိုစီရန်နှင့် မရဏကြေးမုံနိုဗုံး
အခန်း(၁၇) မေတ္တာစစ်နှင့် ချစ်သူ့ရင်ခွင်




# အခန်း (၁)

# မဟာဂန္ဓာရီပညာတို့၏ဇစ်မြစ်

ဒေါက်တာမင်းထင်ကျော်အနေနှင့် မြန်မာပြည်သာမက ကမ္ဘာ့နေရာတော်တော်များများသို့ ရောက်ခဲ့ဖူးပေသည်။ အထူးသဖြင့် ရှေးဟောင်းပစ္စည်း၊ ရှေးဟောင်းပညာရပ်များ၊ အဖြစ်အပျက်များနှင့် ဂမ္ဘီရဆန်သောနေရာများသို့ ဦးစားပေး၍ သွားရောက်ခဲ့ပေသည်။

ဂမ္ဘီရဟုဆိုသောအကြောင်းအရာ အဖြစ်အပျက်များနှင့်ပတ်သက်သော နေရာအတော်များများ ရှိပေသည်။ မြန်မာ

ပြည်မှာလည်း ရှိသည်။ ကမ္ဘာ့နေရာအနှံ့ပြား၍လည်း ရှိပေသည်။ သို့သော် မူလမြစ်ဖျားခံရာ ပင်ရင်းဒေသကတော့ များများစားစား မရှိလှပေ။

မဟာဂန္ဓာရီပညာနှင့် ပတ်သက်၍ စတင်ပေါ်ပေါက်လာသော မြစ်ဖျားခံရာဒေသမှာ အတ္တလန်တစ် မြို့တော်ကြီးနှင့် မျိုးနွယ်စုများပင်ဖြစ်သည်။

အတ္တလန်တစ် မြို့တော်ကြီး သမုဒ္ဒရာရေအောက်သို့ နစ်မြုပ်ပျောက်ကွယ်ခြင်း မဖြစ်မီ အချိန်အထိ မဟာဂန္ဓာရီပညာများ ထွန်းကားခဲ့သည်။

မဟာဂန္ဓာရီပညာသည် ဘာသာရေး မဟုတ်သလို ဆန်းကြယ်သော မှော်ပညာရပ်များလည်း မဟုတ်ပေ။ လူသားများအတွက် တိုးတက်ထွန်းကားနိုင်စေသောပညာ ဖြစ်သည်ဟု ယေဘူယျ ကောက်ချက်ချနိုင်သည်။

လူသားများအတွက် မရှိမဖြစ် လိုအပ်နေသော ဒဿနဗေဒပညာ၊ မနုဿဗေဒပညာ၊ စိတ္တဗေဒပညာနှင့် အနုပညာအပါအဝင် သဘာဝသိပ္ပံပညာရပ်များအားလုံးတို့မှာ မဟာဂန္ဓာရီပညာမှတဆင့် ပေါ်ထွက်လာခဲ့သော ပညာရပ်များ ဖြစ်ကြပေသည်။

သို့ဆိုပါက ၎င်းပညာရပ်များ၏ ရေသောက်မြစ်မှာ မဟာဂန္ဓာရီပညာပင်ဖြစ်ကြောင်း သိနိုင်ပေသည်။ အတ္တလန်တစ်တိုက်ကြီး သမုဒ္ဒရာရေအောက်သို့ မနစ်မြုပ်မီအချိန်ထိ မဟာဂန္ဓာရီများ ထွန်းကားလာခဲ့လေသည်။ ထို့အတူ အတ္တလန်





တစ် မျိုးနွယ်စုများလည်း ပေါ်ပေါက်ခဲ့သည်။ ထိုအချိန်က အတ္တလန်တစ် မျိုးနွယ်စုပေါင်း ခုနစ်မျိုး ရှိခဲ့သည်။

၎င်းမျိုးနွယ်များ ပေါ်ပေါက်ခဲ့သောကာလမှာ လွန်ခဲ့သည့် နှစ်ပေါင်း ဆယ့်နှစ်သိန်းခန့် ဖြစ်သည်ဟု မဟာဂန္ဓာရီပညာရှင်များက ခန့်မှန်းခဲ့ကြသည်။

ထိုအချိန်က ထွန်းကားခဲ့သော မျိုးနွယ်စု ခုနစ်မျိုးမှာ (၁)မိုဟာ၊ (၂)လေဗတ်တီ၊ (၃)တောလ်တက်၊ (၄)တာရေနီယံ၊ (၅)ဆီးမိုက်၊ (၆)အကာဒီယံ၊ (၇)မွန်ဂိုလီယံ. . .

စသည်တို့ဖြစ်သည်။

မျိုးနွယ်ခွဲအချို့ဖြစ်သော မိုဟာ၊ လေဗတ်တီနှင့် တောလ်တက်တို့မှာ နီညိုသောအသားရောင်ရှိသည်။ တာရေနီယံနှင့် မွန်ဂိုလီယံတို့၏ အသားအရောင်မှာ အဝါရောင်ဖြစ်သည်။

ဆီးမိုက်နှင့် အကာဒီယံတို့၏ အသားအရောင်များမှာ အဖြူရောင်ဖြစ်ကြလေသည်။

ယနေ့ကမ္ဘာပေါ်၌ လူဦးရေအများဆုံးမှာ မွန်ဂိုလီယံမျိုးနွယ်ခွဲများပင် ဖြစ်ကြလေသည်။

အတ္တလန်တစ် မြို့တော်ကြီး ကောင်းစားစဉ်အချိန်က ယဉ်ကျေးမှုကြီးတစ်ခုလုံးကို ခေါင်းဆောင်လွှမ်းမိုးထားသော မျိုးနွယ်ခွဲမှာ တောလ်တက်များပင်ဖြစ်၏။

ဆီးမိုက်မျိုးနွယ်ခွဲသည် နောင်အခါ အာရိယန်ပင်မလူမျိုးကြီးဖြစ်လာပြီး အနောက်တိုင်းနှင့် အမေရိကတိုက်သို့ ပျံ့နှံ့သွားခြင်းဖြစ်သည်။

တာရေနီးယံ၊ ဆီးမိုက်နှင့်အကာဒီယံတို့မှာ ယခုအခါတွင် အာရပ်ကမ္ဘာတွင် ရှိကြသည့် မျိုးနွယ်ခွဲများ ဖြစ်လာခဲ့ကြလေသည်။

အတ္တလန်တစ် မြို့တော်ကြီး ပျက်စီးသွားပြီးနောက်ပိုင်းတွင် ကျန်ခဲ့သော မျိုးနွယ်စုများတို့သည် အရှေ့အနောက် ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့သွားကြလေသည်။

အာရှတိုက်သို့ မွန်ဂိုလီယံ မျိုးနွယ်ခွဲများ ရောက်ရှိခဲ့ကြလေသည်။ တရုတ်၊ မွန်ဂို၊ တိဗက်၊ ကိုရီးယား၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား စသောလူမျိုးစုများ နိုင်ငံများ ဖြစ်ပေါ်လာသည်။

အာရှအနောက်ပိုင်းအရပ်များမှာ တာရေနီးယံနှင့် အကာရီယံ မျိုးနွယ်ခွဲများဖြစ်ကြလေသည်။ မြောက်အမေရိကတိုက်နှင့် တောင်အမေရိကတိုက်များသို့ တောလ်တက်မျိုးနွယ်ခွဲများ ရောက်ရှိသွားကြလေသည်။

တောလ်တက်များ၏အသားရောင်မှာ နီညိုရောင် ဖြစ်သည်၊ မျက်လုံးနက်သည်။ ဆံပင်နက်၍ဖြောင့်သည်။ အသားကြမ်းသောကြောင့် အာရှတိုက်မှာရှိသော အိန္ဒိယ အနွယ်ဝင်များနှင့် ဆင်တူလေသည်။ ထို့ကြောင့် တောလ်တက်ဟု ခေါ်ကြသည့် အမေရိကတိုက်မှာ ရှိကြသော တိုင်းရင်းသားများကို (Indian)ဟု ခေါ်ကြသည်။

မြောက်အမေရိကတိုက်ရှိ တိုင်းရင်းသားများကိုတော့ လူရိုင်းနီဟု ခေါ်ကြသည်။





ထို့ပြင် တောင်အမေရိကတိုက်တွင် ရှိသော ယဉ်ကျေးမှုများမှာ မာယာယဉ်ကျေးမှုများပင်ဖြစ်ကြောင်း ဂန္ဓာရီပညာရှင်များက သုံးသပ်ပြောဆိုကြသည်။

မာယာတို့ အသုံးပြုခဲ့သော နက္ခတ်ပညာများမှာ ယခုခေတ်အခါ အသုံးပြုနေကြသည့်ပညာများနှင့် ကွာခြားမှုမရှိကြောင်း အောက်ပါအချက်များကို လေ့လာကြည့်ပါက သိနိုင်လေသည်။

နက္ခတ်နှစ်တစ်နှစ်ကို တွက်ချက်ရာတွင်. . .

မာယာတို့က ၃၆၅၊ ၂၄၂၊ ၁၂၉၊ ရှိသည်ဟု တွက်ချက်သည်။ ဂရိဂိုရီယံ ပြက္ခဒိန်နှစ် ၃၆၅၊ ၂၄၂၊ ၁၂၉၊ ရှိကြောင်း တွက်ချက်ဖော်ပြလေသည်။

ခေတ်သစ်နက္ခတ်ပညာရှင်တို့ကတော့ ၃၆၅၊ ၂၄၂၊ ၁၉၈၊ ရှိသည်ဟု တွက်ချက်သုံးစွဲကြသည်။

မနုဿဗေဒပညာရှင် ပလွန်ဂီယွန်ကမူ 'မာယာတို့၏ ဂန္ဓာရီ' ဆိုသောကျမ်းတွင် လွန်ခဲ့သော နှစ်ပေါင်း (၁၁၅၀၀)ကပင် မာယာယဉ်ကျေးမှုကြီး ပေါ်ထွန်းခဲ့သည်ဟု ရေးသားဖော်ပြထားခဲ့သည်။

သို့ဆိုပါက အတ္တလန်တစ် မြို့တော်ကြီး မပျောက်ကွယ်မီက ပေါ်ထွန်းခဲ့သော ယဉ်ကျေးမှုနှင့် မဟာဂန္ဓာရီပညာများမှာ ယခုအခါ ကမ္ဘာ့နေရာအနှံ့အပြားသို့ ပျံ့နှံ့ရောက်ရှိနေသည် ဆိုသောအချက်မှာ လက်ခံနိုင်စရာအကြောင်းပင်ဖြစ်ပေသည်။

ကျွန်တော်အနေနှင့် အတ္တလန်တစ် မြို့တော်ကြီး ပျက်

စီးပျောက်ကွယ်ခဲ့ရသော အကြောင်းအရာအချို့ကို ရှေ့၌ ရေးသားခဲ့သည့်ဝတ္ထုအချို့တွင် ထည့်သွင်းရေးသားခဲ့ပေသည်။

သို့စေကာမူ ယခုရေးသားမည့် ဝတ္ထုရှည်သည် ဂန္ဓာရီပညာ၏ မြစ်ဖျားခံရာဖြစ်သော အီဂျစ်ပြည်နှင့် သက်ဆိုင်သည့် အကြောင်းအရာများ ပါနေသောကြောင့် အတ္တလန်တစ်အကြောင်းကိုလည်း သင့်သလောက် ထပ်မံဖော်ပြပေးချင်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းခုနစ်သိန်းခန့်က ကမ္ဘာပေါ်တွင် အတ္တလန်တိတ်တိုက်ကြီးရှိပြီး အတ္တလန်တိယံ လူသားများ ရှိခဲ့သည်။

ထိုသူတို့သည် ဉာဏ်ပညာအဆင့်အတန်း မြင့်ရုံသာမက ဂန္ဓာရီပညာရပ်များပါ အထက်တန်းကျကျ တတ်မြောက်ထားသူများဖြစ်သည်ဟု ပလေတိုက ရေးသားခဲ့သည်ကို အကြောင်းပြု၍ အတ္တလန်တိယံ လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှု၊ အနုပညာနှင့် ဂန္ဓာရီပညာများကို စိတ်ဝင်စားလာကြသည်။

ယခုခေတ်တွင်ကား ယခင်ခေတ်များကထက် ပိုမိုစိတ်ဝင်စားလာရုံမက အတ္တလန်တိယံတို့နှင့် ပတ်သက်သော စာအုပ်များပင် ရေးသားထွက်ပေါ်လာခဲ့သည်။

အချို့ အနောက်တိုင်းနိုင်ငံများတွင် အတ္တလန်တိယံ လူသားများအကြောင်း လေ့လာရန် အသင်းအဖွဲ့များပင် ဖွဲ့စည်းဆောင်ရွက်ကြသည်။

ယခုခေတ် ဂန္ဓာရီပညာရှင်များကလည်း သူတို့၏ စိတ်စွမ်းအင်ဖြင့် ရှေးဟောင်းအတ္တလန်တိယံတို့၏ သမိုင်းနှင့် ဂန္ဓာရီ





ပညာများကို လေ့လာပြီး စာအုပ်စာတမ်းနှင့်ဆောင်းပါးများ ရေးသားလျက်ရှိသည်။

အထက်ပါ အထောက်အထားများအရ အတ္တလန်တိတ်တိုက်ကြီး ရေလွှမ်းမိုး၍ တစ်စတစ်စ ရေအောက်ရောက်သွားသောအခါ အတ္တလန်တိယံ ဂန္ဓာရီပညာရှင်များသည် သူတို့၏ တပည့်နောက်လိုက်များကို ခေါ်ဆောင်၍ ရေဘေးမှ လွတ်မြောက်ရာသို့ ထွက်ခွာလာကာ လွန်ခဲ့သောနှစ်ပေါင်း သုံးသိန်းခန့်က ဥရောပတိုက်နှင့် အီဂျစ်ပြည်သို့ ရောက်ရှိလာသည်။

ဤသို့ ရောက်ခဲ့သော အထိမ်းအမှတ်အဖြစ် အီဂျစ်တွင် ပိရမစ်များနှင့် အင်္ဂလန်တွင် ကျောက်တိုင်စက်ဝိုင်းများကို တွေ့ရှိရသည်။

ခရစ်ယာန် သမ္မာကျမ်းစာအရ ရေလွှမ်းမိုးတော့မည်ကို သိသော နိုအာသည် သင်္ဘောတစ်စီးဖြင့် ရေလွှမ်းမိုးခြင်းမှ လွတ်မြောက်မည့်ကုန်းမြေကို လိုက်ရှာသည်။

နိုအာ၏သားဖြစ်သူ ရှမ်သည် အီဂျစ်သို့ ရောက်လာပြီး စိုးမိုးအုပ်ချုပ်သည်ဟု ဆိုသည်။ ထိုစဉ်က အီဂျစ်သည် ရေလွှမ်းမိုးခြင်းမှ လွတ်ကင်းသောနေရာဖြစ်သည်။

အချို့သုတေသီများ၏အလိုအရ နိုအာကိုယ်တိုင်လည်း ဂန္ဓာရီပညာရှင်ဖြစ်သည်။ သူ့သား ရှမ်ကလည်း ဂန္ဓာရီပညာ တတ်မြောက်သည်ဟု ဆိုသည်။

ရှမ်သည် ဂန္ဓာရီပညာများကို အတ္တလန်တိယများထံမှ သယ်ဆောင်လာသည်ဟု ယူဆရသည်။ ကမ္ဘာ့ပထဝီအနေ

အထား ရုတ်တရက် ပြောင်းလွဲသွားပြီး ကမ္ဘာ့တိုက်ကြီးများ ရှေးဟောင်းလူများနှင့် ယဉ်ကျေးမှုများ ပင်လယ်သမုဒ္ဒရာများအောက်သို့ နိမ့်ကျနစ်မြုပ်သွားခြင်း၊ သို့မဟုတ် သမုဒ္ဒရာ ပင်လယ်ရေထု လွှမ်းမိုးခံရပြီးနောက် ပျောက်ကွယ်သွားခြင်း စသောအကြောင်းခြင်းရာများသည် စိတ်ဝင်စားဖွယ်ကောင်း၍ ဖော်ပြလိုပေသည်။

ကမ္ဘာပေါ်တွင် ရေအောက်သို့ ပျောက်ကွယ်သွားသည်ဟု ယူဆထားသော တိုက်ကြီးလေးခု ရှိသည်။

- အတ္တလန်တိတ်
- လမူးရီးယား
- မူး
- အေဗလွန်တို့ဖြစ်သည်။

ပျောက်ကွယ်သွားသောတိုက်ကြီးများ ရှိသည်ဟူသောအယူအဆကို ယနေ့ သိပ္ပံပညာရှင်များက တိုးတက်လာသောသိပ္ပံအယူအဆနှင့် ချိန်ထိုးနှိုင်းဆ၍ ဖြစ်နိုင်စရာရှိသည်ဟုကောက်ချက်ချခဲ့ကြသည်။

ပျောက်ကွယ်သွားသော တိုက်ကြီးများအနက် စိတ်ဝင်စားဖွယ်ရာအကောင်းဆုံးနှင့် ယနေ့ပညာရှင်အများက အမှန်တကယ် ဖြစ်နိုင်သည်ဟုဆိုသော တိုက်ကြီးမှာ အတ္တလန်တိတ်ဖြစ်သည်။

ဂရိဒဿနဆရာကြီးပလေတိုက အီဂျစ်ရှေးဟောင်းကျမ်းစာများ၊ အီဂျစ်ဘုန်းတော်ကြီးများ၏ ပါးစပ်ပြော သမိုင်း





များမှ အချက်အလက်များကို ကိုးကား၍ အတ္တလန်တိတ်တိုက်ကြီး ရှိခဲ့ကြောင်းများကို သူ၏နာမည်ကျော် ကရိုက်တိယ(စ)နှင့် တိမကပ်(စ်) ဆွေးနွေးခန်းကျမ်းကြီး၌ ထည့်သွင်းဆွေးနွေးခဲ့သည်။

ထိုအချိန်မှစ၍ ယနေ့ထိ နှစ်ပေါင်း(၂၀၀၀)ခန့် ရှိခဲ့သော်လည်း နှောင်းခေတ်ပညာရှင်အဆက်ဆက် ဆွေးနွေးငြင်းခုံလျက် ရှိနေဆဲဖြစ်ပြီး သဘာဝကျသော ယတိပြတ်အဖြေ မရသေးပေ။

အတ္တလန်တိတ်နှင့် ပတ်သက်သော စာအုပ်ပေါင်း (၂၀၀၀)ခန့် ရှိပေသည်။

သုတေသီအများက အတ္တလန်တိတ်တိုက်ကြီးသည် အတ္တလန်တိတ် သမုဒ္ဒရာ၏ဟိုဘက်ကမ်း၊ သည်ဘက်ကမ်းအပြင် မြေထဲပင်လယ်တစ်ဝိုက်တွင် ရှိတန်ကောင်းသည်ဟု ငြင်းခုံ၍ သူ့ထက်ငါ ရှာဖွေဆဲဖြစ်၏။

ကမ္ဘာ့နိုင်ငံအသီးသီးမှ လူမျိုးနွယ်များ၏ဒဏ္ဍာရီများ၊ ပါးစပ်ပြောသမိုင်းများနှင့် သူပြောငါပြော ပုံပြင်များတွင် ကမ္ဘာ့တိုက်ကြီးများ ရေအောက်နစ်မြုပ်သွားရပုံအကြောင်းများ ပါဝင်သည်။

ပလေတို၏ ဆွေးနွေးခန်း၌ တွေ့ရသော အတ္တလန်တိတ်တိုက်ကြီးနှင့် ပတ်သက်သည့် ဆန်းကြယ်မှုများကို ဖော်ပြလိုသည်။

ထိုကျွန်းကြီး၏ကမ်းခြေတစ်လျှောက်တွင် တောင်တန်း

များ သွယ်တန်းလျက်ရှိသည်။ ကျွန်းကြီး၏အလယ်ပိုင်းတွင် မြေသြဇာ ကောင်းမွန်သော လွင်ပြင်ကျယ်ကြီးရှိ၏။

ကျွန်းပေါ်တွင် ခါတ်သတ္တု သယံဇာတများ ကြွယ်ဝ၍ သစ်သီးဝလံ၊ စားဖွယ်သောက်ဖွယ်များလည်း ပေါများသည်။ အသီး,သီးသောအပင်များ ရှိသည်။

အတ္တလန်တိတ် မြို့တော်လူထုသည် ချမ်းသာကြွယ်ဝကြ၏။ အဆင့်မြင့်သော အဆောက်အအုံများ ဆောက်လုပ်ကြသည်။ နည်းပညာ အထူးအဆင့်မြင့်သော ဗိသုကာများ ရှိ၏။

မြို့တော်ကြီး၏အလယ်တွင် ရွှေရောင်တဝင်းဝင်းနှင့် နန်းတော်ကြီးရှိ၏။

ကျွန်းသူကျွန်းသားများ ကိုးကွယ်သော ပိုဆီဒွန် နတ်ကွန်းကြီးမှာ ရွှေ၊ ငွေ၊ ဆင်စွယ်၊ ကြေးနီ၊ ကျောက်သံပတ္တမြားများနှင့် မွမ်းမံခြယ်လှယ်ထားသည်။

ကျွန်း၏ဗဟိုရပ်ကွက်ကို ပေ(၆၀၀)အကျယ်ရှိသော တူးမြောင်းဖြင့် ဝိုင်းရံထား၏။ ထိုတူးမြောင်းအပြင်တွင် ပေ(၁၂၀၀)ကျယ်သော မြေသားတံတိုင်း ကာထား၏။ ထိုမြေသားတံတိုင်းအပြင်တွင် ပေ(၁၂၀၀)ကျယ်သော တူးမြောင်းဖြင့် ဝိုင်းရံထားသည်။

ထိုတူးမြောင်းအတွင်း လှေကြီးများ စုန်ဆန်သွားလာကြ၏။

ပလေတို၏ဆွေးနွေးခန်းတွင် ဤကဲ့သို့ မြို့တော်ကြီး၏ နတ်ဘုံနတ်နန်းတမျှ သာယာပုံ၊ ဥစ္စာဓန ပေါကြွယ်ဝပုံတို့ကို





သာမက အတ္တလန်တိတ်ကျွန်း၏ အုပ်ချုပ်ရေးစနစ်ကိုပါ အသေးစိတ် ဆွေးနွေးတင်ပြထားသည်။

လှေအစင်းပေါင်း(၁၂၀၀)ကျော်ရှိသော ရေတပ်၊ ဆင်တပ်များ ပါဝင်သော ကြည်းတပ်နှင့် ရိုးရာပွဲလမ်းသဘင်များကျင်းပပုံကို ဖော်ပြထား၏။

ပထမတွင် အတ္တလန်တိတ် ကျွန်းသားများသည် သီလဆောက်တည်ကြပုံ၊ လောဘဒေါသကို စက်ဆုပ်ရွံရှာပုံ၊ ဂမ္ဘီရပညာရပ်များကို လေ့လာလိုက်စားကြပုံတို့ကို အလေးထား၍ ဖော်ပြသည်။

နှစ်ကြာရှည်လာသောအခါ နိုင်ငံသားအချို့သည် ဂန္ဓာရီပညာကို အလွဲသုံးစားပြုလာကြသည်။

သို့ဖြစ်၍ ဤပညာရပ်များကို စောင့်ကြပ်သည့်ပုဂ္ဂိုလ်များက ကာလကြာလျှင် လူ့ယဉ်ကျေးမှုကြီးတစ်ခုလုံး ပျက်စီးတော့မည်ကို ထောက်ရှု၍ အတ္တလန်တိတ်နိုင်ငံတော်ကြီးအား ရေအောက်သို့ ပို့လိုက်ကာ နိဂုံးကမ္ပတ် အဆုံးသတ်လိုက်သည်။

သီလသမာဓိ ရှိသော နိုင်ငံသားများကိုမူ လောကပါလနတ်များက ရေနစ်မြုပ်မည့်ဘေးမှ လွတ်ရာသို့ တိမ်းရှောင်သွားနိုင်အောင် အကူအညီပေးခဲ့သည်ဟု ဆိုသည်။

အတ္တလန်တိတ်နိုင်ငံတော်ကြီး ရေအောက်သို့ နစ်မြုပ်ပျောက်ကွယ်သွားခဲ့ပြီးသော နောက်ပိုင်းကာလများတွင် ကျန်ခဲ့သော မျိုးနွယ်စုများသည် ကမ္ဘာအရပ်ရပ်ရှိ နေရာဒေသများသို့ ရောက်ရှိသွားကြလေသည်။

အိန္ဒိယ၊ တိဗက်၊ တရုတ်နှင့် အီဂျစ် စသောနေရာများမှာ မဟာဂန္ဓာရီပညာနှင့် ပတ်သက်ပြီး အစောဆုံး ပြန့်နှံ့ရောက်ရှိခဲ့သော နေရာများဖြစ်သည်ဟု ယူဆရပေသည်။ အီဂျစ်သည် မဟာဂန္ဓာရီပညာ ထွန်းကားခဲ့သောနေရာဖြစ်သည်ကို ရှေ့အခန်းများတွင် အထောက်အထားများဖြင့် ရေးသားပါမည်။





## အခန်း(၂)

# အီဂျစ်တို့၏မရဏကျမ်း

ဘီစီ(၄၀၀၀)ခန့်က အီဂျစ်ကို အုပ်စိုးခဲ့သော ဟာရုတာတပ်ဘုရင်လက်ထက်တွင် ခေါင်းဖြတ်ခံထားရသူများကို မန္တန်ရွတ်ဆိုပြီး အသက်ပြန်ရှင်အောင် လုပ်ပြနိုင်သည်။

ထိုကဲ့သို့ပြုလုပ်နိုင်သောပုဂ္ဂိုလ်မှာ မဟာဂန္ဓာရီပညာရှင် ရှာတီတာ ဆိုသော ပုဂ္ဂိုလ်ပင်ဖြစ်၏။

ဟာရုတာတပ်ဘုရင်ကြီးက ရှာတီတာ၏သတင်းကို ကြားသောအခါ နန်းတော်သို့ လာရန် ဖိတ်ခေါ်သဖြင့် တီတာ

သည် ဘုရင်ကြီးရှေ့တော်မှောက်သို့ ရောက်လာရသည်။

"မဟာဂန္ဓာရီပညာရှင် ရှာတီတာ. . . သင်သည် သေသူကို အသက်ပြန်ရှင်အောင် စွမ်းဆောင်နိုင်သည်ဆိုသော သတင်းမှာ အမှန်ဖြစ်ပါသလား"

"အမှန်ပင်ဖြစ်ပါသည် အရှင်မင်းမြတ်"

"ကျွန်ုပ် လက်တွေ့ကြည့်လိုမြင်လိုသည်. . . လက်တွေ့ပြနိုင်ပါမည်လော"

"ပြသနိုင်ပါသည်"

ထိုနောက်တွင် ရာဇဝတ်သားတစ်ဦးကို ခေါ်ထုတ်လာစေပြီး ခေါင်းဖြတ်ကွပ်မျက်စေသည်။ ဘုရင့်အမိန့်ဖြင့် ဦးခေါင်းဖြတ်လိုက်သော ရာဇဝတ်သားကို ဘုရင့်ရှေ့မှောက်မှာပင် ရှာတီတာက မန္တန်ပညာဖြင့် အသက်ပြန်ရှင်အောင် ပြုလုပ်ပြပေးခဲ့သည်။

လူတင်မကဘဲ အခြားတိရစ္ဆာန်များကို သတ်ဖြတ်ပြီးနောက် ဘုရင့်ရှေ့မှောက်မှာပင် မန္တန်အစွမ်းဖြင့် အသက်ပြန်ရှင်အောင် ပြုလုပ်ပြသပေးခဲ့သည်။

ထိုပညာသည် မှော်ပညာမဟုတ်ပေ။ လှည့်စားတတ်သော ပညာမျိုးလည်း မဟုတ်ပေ။

ထိုကဲ့သို့ ဦးခေါင်းဖြတ် သတ်ဖြတ်ခံရသူကို ရှေ့မှောက်မှာပင် မန္တန်အစွမ်းဖြင့် အသက်ပြန်ရှင်အောင် ပြုလုပ်နိုင်ခဲ့ပုံများကို ရှေးခေတ်ကျူစာမှတ်တမ်းများ၌ တွေ့ရှိနိုင်ပေသည်။

အီဂျစ်တို့၏မဟာဂန္ဓာရီ ဂိုဏ်းချုပ်ကြီး ဖြစ်လာခဲ့သော





မိုးဇက်သည် ဂျူးလူမျိုးတစ်ဦးပင်ဖြစ်၏။ အီဂျစ်နိုင်ငံသား မဟုတ်ပါဘဲ နိုင်ငံခြားသားတစ်ဦးအနေနှင့် မဟာဂန္ဓာရီ ဂိုဏ်းချုပ်ကြီး ပထမဦးဆုံး ဖြစ်လာသူလည်းဖြစ်သည်။

မိုးဇက်သည် မဟာဂန္ဓာရီပညာဖြင့် တောင်ဝှေးကို မြွေဖြစ်အောင် ပြောင်းလဲပြနိုင်သည်။ ၎င်း၏ပညာစွမ်းဖြင့် ရေပြင်ကို ထက်ခြမ်းခွဲပြနိုင်သည်။ အီဂျစ်နှင့် ပတ်သက်သော အကြောင်းအရာများစွာတို့တွင် "မရဏာကျမ်း" လည်း ပါဝင်ပေသည်။

အီဂျစ်တို့၏ မရဏာကျမ်းသည် 'ကား' ခန္ဓာအတွက် အဓိကထားကာ ရေးသားခဲ့သော ကျမ်းဖြစ်သည်။ လူတစ်ယောက် သေဆုံးသွားသောအခါ ဝိညာဉ်သည်ကား ခန္ဓာကို ယာဉ်အဖြစ် အသုံးပြုလျက် တမလွန်လောကသို့ သွားရာတွင် လမ်းခရီးတွင် တွေ့ရမည်ဖြစ်သောအခက်အခဲများ၊ အန္တရာယ်များကို မည်သို့မည်ပုံ ကျော်ဖြတ်ရမည်၊ တမလွန်လောကတွင် ဝင်ရောက်ရမည့် ဘုံအသီးသီးတို့၏ ခရီးအဝင်ပေါက်များရှိ တံခါးမှူးများ၏အမည်များ၊ ဘုံဗိမာန်များကို စောင့်ရှောက်နေကြသည့် နတ်မင်းကြီးများ၏အမည်များကို ရေးမှတ်ထားသောကျမ်းပင်ဖြစ်၏။

ရှေးဟောင်းအီဂျစ်တို့၏ ယုံကြည်မှုများမှာ လူတွင် ခန္ဓာယာဉ် ခုနစ်ပါးရှိပြီး ဘုံအသီးသီးသို့ သွားရာတွင် သက်ဆိုင်သော ခန္ဓာယာဉ်ကို အသုံးပြုကြရသည်။

၎င်းခန္ဓာယာဉ်တို့မှာ. . .

(၁)ခတ်၊ (၂)ကား၊ (၃)ဘား၊ (၄)အက်ဘ်၊ (၅)စေဘစ်၊ (၆)ခူ၊ (၇)ဆာဟူ. . .

ဟူ၍ဖြစ်သည်။

လူတစ်ယောက် သေဆုံးသွားပြီးသောအခါ ရုပ်ကြမ်းခန္ဓာကြီးကို စွန့်ခွာပြီး ဝိညာဉ်သည်ကား ခန္ဓာဟု ခေါ်သော လိပ်ပြာဖြင့် တမလွန်လောကသို့ ဝင်ရောက်ရသည်။

ဤသို့ လူ့ဘဝမှ လိပ်ပြာခန္ဓာဘဝဖြင့် တမလွန်လောကသို့အဝင်တွင် ယမမင်းကြီးက(အီဂျစ်တို့က အိုဆီရစ်ဈာန်ဘုရားဟု ခေါ်သည်) လိပ်ပြာဝိညာဉ်သား လူ့ဘဝတွင် ကောင်းမှု မကောင်းမှုများ မည်ရွေ့မည်မျှ ပြုလုပ်ခဲ့သည်ကို စစ်ဆေးရသည်။

လူ၏စိတ်သည် နှလုံးသားမှ ကိန်းဝပ်နေသည်ဟု ယုံကြည်ထားကြသော အီဂျစ်များက တမလွန်လောက၏ ဝင်ရောက်လာသူ၏ စိတ်စေတနာကို သိရန်အတွက် အသည်းနှလုံးကို ချိန်ခွင်မှာတင်၍ တစ်ဖက်ချိန်ခွင်တွင် ငှက်မွှေးကို အလေးပြုလုပ်ကာ ချိန်တွယ်စစ်ဆေးသည်ဟုလည်း ရေးမှတ်ထားသည်။

စိတ်စေတနာ ကောင်းမွန်ပြီး ကောင်းမှုပြုလုပ်ခဲ့သူများမှာ အထက်ဘုံများသို့ သွားရောက်ခွင့်ရပြီး စိတ်စေတနာ ညံ့ဖျင်းသူများမှာ အထက်ဘုံများသို့ တက်ရောက်ခွင့်မရနိုင်ပေ။

မရဏာကျမ်းတွင် ယမမင်းနှင့် တွေ့သောအခါ မည်သို့မည်ပုံ ပြောကြားပြောဆိုရမည့်စကားများနှင့် ဘုံအသီးသီးတို့တွင် စောင့်နေသူများနှင့် တွေ့သောအခါတွင် ပြောဆိုရမည်များကို ရေးမှတ်ထားသည်။





ထိုသို့ရေးမှတ်ရာတွင် ပြောဆိုရမည့်အချက်များအပြင် ရွတ်ဖတ်ရန်မန္တန်များလည်းပါသည်။ ဤကဲ့သို့သော မန္တန်များကို ရေးသားရာတွင် တွေ့ဆုံရမည့်ဈာန်ဘုရားများ၊ နတ်မင်းကြီးများ၏အမည်ကို မမှားမယွင်းရအောင် အလေးထား ဖော်ပြထားသည်။

အမည်နာမများတွင် ဟိတ်တန်ခိုးများရှိသည်။

အမည်များ၊ ဘွဲ့များသည် ဘုရား၏ နှုတ်ကပါတ်တော်များဖြစ်၍ အလွန်အစွမ်းထက်သည်။ ယင်းနှုတ်ကပါတ်တော်များကို မှန်ကန်စွာ ရွတ်ဖတ်နိုင်မှသာ မုခ်အဝင်ဝတွင် ရှိသောတံခါးမှူးများက ဝင်ခွင့်ပြုမည်ဖြစ်သည်။

တမလွန်ဘဝမှာ လိပ်ပြာခန္ဓာဖြင့် ဒုတိယဘုံတွင် နေပြီးနောက် တတိယဘုံဖြစ်သော "ဘား" ဘုံသို့ တက်သောအခါ တစ်ဖန် ဒုတိယအကြိမ် သေရပြီး "ကား" ခန္ဓာကို စွန့်ရသည်။

"ဘား" ခန္ဓာကို တစ်ဖန်ဆောင်ယူရပြန်သည်။

ဤသို့ဖြင့် အန္တိမအဆင့်သို့ မရောက်မီအတွင်း အကြိမ်ကြိမ် သေရပြီး ခန္ဓာယာဉ်အမျိုးမျိုးကို ဆောင်ယူရပြန်သည်။

ဤသို့ တစ်ဘုံတွင် တစ်ကြိမ်သေပြီးနောက် တစ်ဆင့်မြင့်သောဘုံသို့ တက်ရသောလမ်းစဉ်ကို ညွှန်ပြရေးသားထားခြင်းကြောင့် မရဏာကျမ်းဟု ခေါ်ခြင်းဖြစ်သည်။

စင်စစ်အားဖြင့် သေခြင်းကို အောက်ဘုံမှနေ၍ ကြည့်လျှင် အနိဋ္ဌာရုံဟု ခေါ်နိုင်သော်လည်း တစ်ကြိမ်သေလျှင် တစ်ကြိမ် အဆင့်မြင့်သောဘုံသို့ တက်လှမ်းသွားရသောကြောင့်

ဝိညာဉ်အနေဖြင့် တစ်ဘုံတွင် သေရခြင်းသည် ဣဌာရုံပင်ဖြစ်သည်။

ဤသို့ တစ်ဘုံပြီးတစ်ဘုံ ဝိညာဉ်ခရီးသွားရသည်ကို အီဂျစ်တို့က လှေဖြင့် ရေကြောင်းခရီးထွက်ရသလို တင်စားရေးသားသည်။

ရုပ်ပုံများတွင်လည်း လှေကို ဖော်ပြသည်။

လှေ၏အစိတ်အပိုင်းအမျိုးမျိုး၏ ဝေါဟာရများကိုလည်း အတိအကျ ဖော်ပြထားသည်။ တစ်နည်းအားဖြင့် အီဂျစ်တို့၏မရဏကျမ်းသည် မြန်မာတို့၏ ရိုးရာယုံကြည်ချက်များနှင့် ဆင်တူနေသည်။

သေသောအခါ ယမမင်းကြီးထံ အစစ်ခံရပုံ၊ နတ်ပြည်၊ ဗြဟ္မာပြည်သို့ ဘုံစဉ်စံရပုံများဖြစ်သည်။

အီဂျစ်တို့ကမူ ဤသို့ ဝိညာဉ်ခရီးထွက်ရာတွင် တွေ့ရမည့် အခက်အခဲ၊ အန္တရာယ်များကို မည်သို့ ကျော်လွှန်ရမည်ကို အသေအချာ ညွှန်ကြားချက်များ ရေးထားခြင်းဖြစ်သည်။

စင်စစ်အားဖြင့် ဤမရဏခရီးညွှန်ကြားချက်များမှာ မူလအစက ကျမ်းအဖြစ် ရေးသားထားခြင်း မဟုတ်ချေ။

ဆရာက ဂန္ဓာရီပညာသင်နေသော တပည့်များ သေသောအခါ တွေ့ကြုံရမည့်အခက်အခဲနှင့် အန္တရာယ်များကို မသေမီကပင် သိရှိပြီး ကြိုတင်ပြင်ဆင်ခြင်း၊ လေ့ကျင့်သင်ကြားခြင်းတို့ဖြစ်သည်။

တစ်နည်းအားဖြင့် မဟာဂန္ဓာရီပညာဖြစ်သည်။





သို့ရာတွင် ဤအဆင့်မြင့် မဟာဂန္ဓာရီပညာကို လက်တွေ့ကျင့်ကြံမှု မပြုနိုင်သောသူများအား သဘောမျှ သိစေရန် အချက်အလက်များကို ညွှန်ကြားသော စူဠဂန္ဓာရီသာဖြစ်သည်။

နောင်အခါတွင် ကာလရွေ့လျောပြီး ဂန္ဓာရီပညာများကို ကျင့်ကြံအားထုတ်ခြင်း မပြုနိုင်သောအချိန်သို့ ရောက်လာသောအခါတွင်မှ ဤညွှန်ကြားချက်များကို ရေးသားခြင်းဖြစ်သည်။

မရဏကျမ်းစာများကို ပိရမစ်ထွင်းစာများတွင် လည်းကောင်း၊ ခေါင်းတွင် ရေးထွင်းသော ခေါင်းစာတွင်လည်းကောင်း၊ ကျူစာလိပ်များတွင်လည်းကောင်း ရေးသားပြီး အသုဘချသောအခါတွင် အလောင်းနှင့်အတူ ထည့်သွင်းမြှုပ်နှံခြင်းဖြစ်သည်။

ယင်းပိရမစ်ထွင်းစာများ၊ ခေါင်းစာများ၊ ကျူစာလိပ်များမှာ ယခုအခါတွင် သုတေသီများက ပြတိုက်များတွင် သွားရောက်လေ့လာနိုင်ပြီဖြစ်သည်။

ဤသို့ရေးသားထားသော မရဏကျမ်းစာများမှာ စူဠဂန္ဓာရီဖြစ်သည့်အလျောက် သာမန်မျှသာ ဖော်ပြထားပြီး. . တကယ့်လက်တွေ့ကျင့်စဉ်မှာ ဆရာနှင့်တပည့် လက်ထပ်သင်ရသော အန္တေဝါသိကနည်းသာဖြစ်သည်။

အန္တေဝါသိကနည်းဖြင့် သင်ကြားရသော ဂန္ဓာရီပညာမှာ နောင်သောအခါတွင် အချို့တဝက်ကို အများသိခွင့်ရအောင် ထုတ်ဖော်လိုက်သည်။

ထိုသို့ထုတ်ဖော်ချက်များအရ သေအံ့ဆဲဆဲတွင် ဘဝကူး

ကောင်းအောင် စိတ်သမာဓိ လေ့ကျင့်နည်းများ၊ မသေမီကပင် သေသောအခါ အသုံးပြုရမည်ဖြစ်သော "ကား" လိပ်ပြာခန္ဓာကို အသုံးပြုရသော လိပ်ပြာလွှင့်နည်းများ၊ ရုပ်ကြမ်းခန္ဓာမှ လိပ်ပြာ ခန္ဓာ ခွာအောင် ကျင့်နည်းများ၊ လိပ်ပြာခန္ဓာဖြင့် အထက်သို့ ဝင်ထွက်သွားလာနည်းများ၊ အခြားတစ်ပါးသော ရုပ်ခန္ဓာကိုယ် အတွင်းသို့ ဝင်နည်းနှင့် မိမိရုပ်ကြမ်းခန္ဓာသို့ ပြန်ဝင်သောအခါ ညင်သာစွာ ဝင်နည်းများဖြစ်သည်။

ဤနည်းများမှာ အီဂျစ်မရဏကျမ်းစာတွင် မပါဝင်သော်လည်း အီဂျစ်ဂန္ဓာရီပညာတွင် အခြားတစ်နည်းနည်းဖြင့် သွယ်ဝိုက်ပါဝင်နေသည့်အပြင် တိဗက်မရဏကျမ်းတွင်ကား အပြည့်အစုံ ဖော်ပြထားသည်။

ဤကျင့်စဉ်အတိုင်း လေ့ကျင့်သော ဂန္ဓာရီပုဂ္ဂိုလ်သည် သေသောအခါတွင် အထူးအဆန်းမဖြစ်တော့ဘဲ ခါတိုင်း လေ့ကျင့်သောအခါတွင် လိပ်ပြာကွာသည့်အတိုင်း စိတ်သမာဓိအပြည့်ဖြင့် ရုပ်ခန္ဓာမှ လိပ်ပြာခန္ဓာကို မိမိကိုယ်တိုင် ထိန်းချုပ်မှုဖြင့် ခွာနိုင်အောင် လေ့ကျင့်ခြင်းဖြစ်သည်။

ဘဝကူးချိန်တွင် ကြောက်ရွံ့ခြင်း၊ စိုးရိမ်ခြင်းကင်းစွာဖြင့် ဘဝကူးနိုင်ရုံသာမက တမလွန်ခရီးတွင် အမှားအယွင်း တစ်စုံတစ်ရာ မရှိဘဲ မိမိသွားလိုရာသို့ ဖြောင့်ဖြောင့်တန်းတန်း သွားနိုင်မည်ဖြစ်သည်။

တစ်နည်းအားဖြင့် လောကီရုပ်လောကမှ တမလွန်ဘဝသို့ ထွက်ခွာရန် ထွက်ရပ်ပေါက်ကျင့်စဉ်ဖြစ်ပေသည်။





အီဂျစ်ဂန္ဓာရီပညာ၏ အဓိကမဏ္ဍိုင်ဖြစ်သော အီဂျစ်မရဏကျမ်းလာ ကျင့်စဉ်ယုံကြည်ချက်များ၏ ရည်ရွယ်ချက်မှာ

ဤမရဏကာကျမ်းစာများကို ဖတ်ခြင်းအားဖြင့်လည်းကောင်း၊ ကျင့်ကြံခြင်းအားဖြင့်လည်းကောင်း နောင်ဘဝကို ယုံကြည်စေရန်နှင့် နောင်ဘဝအတွက် ယခုဘဝကပင် ကြိုတင်ပြင်ဆင်ထားရန်ဖြစ်သည်။

သေသူ၏သင်္ချိုင်း သို့မဟုတ် ပိရမစ်တွင် ဤမရဏကျမ်းစာကို နံရံထွင်းစာအဖြစ်ဖြင့်လည်းကောင်း၊ ကျူစာလိပ်အဖြစ်ဖြင့်လည်းကောင်း ရေးသားထည့်သွင်းခြင်းဖြင့် တမလွန်ဘဝကူးသွားသူအား ဘဝကူးကျင့်စဉ်ကို သတိရစေရန် ရည်ရွယ်ခြင်းဖြစ်သည်။

ခန္ဓာယာဉ်များ ပျက်စီးသွားသော်လည်း ဝိညာဉ်မှာ ထာဝရ တည်မြဲနေမှုကို ယုံကြည်စေရန်နှင့် နောင်တမလွန်ဘဝတွင် မိမိချစ်ခင်သူများနှင့် တွေ့ဆုံနေထိုင်နိုင်ကြောင်း သတိမမေ့ရန်ဖြစ်သည်။

ဘဝကူးသောအခါတွင် ဓါတ်ဘုရားကြီး၏ အမွေခံဘုရား၏ဝိညာဉ်ဓါတ်နှင့်အတူ ပုဂ္ဂလမနောဝိညာဉ်ပါ အတူတွဲ၍ ဘဝကူးသွားရသောအခါ ရုပ်ခန္ဓာကိုယ်ကို လူ့ပြည်တွင် ထားပစ်ခဲ့ပြီး လိပ်ပြာကိုယ်ပွားခန္ဓာဖြင့် ကူးသွားရသည်။

ဤသို့ ခန္ဓာအမျိုးမျိုးဖြင့် ဘုံအဆင့်ဆင့်သို့ ဘဝကူးသွားသောအခါ ကျန်ရစ်သူ ဆွေမျိုးမိဘများက ရည်စူး၍ လှူဒါန်းပေးကမ်းသောစေတနာတို့သည် တမလွန်တွင် အကျိုးပေးနိုင်

သည်ကိုလည်း အလေးအနက် ယုံကြည်စေရန်ဖြစ်သည်။

နောင်တမလွန်ဘဝတွင် ရောက်ရှိခံစား စံစားရသည့် အခြေအနေသည် လူ့ပြည်တွင် မိမိပြုခဲ့သောကံအတိုင်း ကောင်းကျိုး ဆိုးကျိုးများကို ခံစား စံစားရမည်ဖြစ်သည်။

ဤသို့ပြုလုပ်သော ကံများတွင် ဘုရား၏နာမတော်နှင့် နှုတ်ကပါတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းသည် အလွန်အကျိုးများပြီး လမ်းမမှားအောင် ဗျာန်ဘုရားများက စောင့်ရှောက်မည်ကို ယုံကြည်သက်ဝင်စေရန် ရေးသားထားသောကျမ်းဖြစ်သည်။

အီဂျစ်နှင့် ပတ်သက်သည့် မဟာဂန္ထာရီ အကြောင်းများကို ရေးသားမည်ဆိုပါက ရေးသားမကုန်အောင် များပေသည်။ သို့သော်လည်း အဓိကကျသောအကြောင်းများကိုတော့ ထည့်သွင်းရေးသားရပေမည်။ ထို့အကြောင်းများထဲတွင် ပိရမစ်ကြီးများနှင့် သက်ဆိုင်သောအကြောင်းများမှာ အဓိကကျသောနေရာမှ ပါဝင်လျက်ရှိပေသည်။





# အခန်း(၃)

# မြို့တားကြီးအိုဝိရန်၏မော်ဝင်မှန်

အီဂျစ်သည် အတ္တလန်တစ်နှင့်ဆက်သွယ်မှု ရှိခဲ့ကြောင်း ရှေ့အခန်းများ၌ ရေးသားခဲ့ပြီးဖြစ်ပေသည်။ အီဂျစ်အကြောင်း ရေးသားလျှင် ပိရမစ်များအကြောင်း ပါသလို ပိရမစ်များအကြောင်း ရေးသားမည်ဆိုပါကလည်း အတ္တလန်တစ်အကြောင်းနှင့်ပတ်သက်သော အကြောင်းများက ဆက်နွယ်လျက်ရှိပေသည်။

ပိရမစ်ကြီးများမှာ အီဂျစ်၌ စတင်ပေါ်ပေါက်ခဲ့ခြင်း မဟုတ်ပါချေ။

ရှေးဟောင်းအတ္တလန်တစ်တိုက်သားများ နေထိုင်ခဲ့ကြသော တောင်အမေရိကတိုက်ရှိ ပီရူး၊ မက္ကဆီကို၊ ဂွါတီမာလာတို့၌လည်း ပိရမစ်ကြီးများ တည်ဆောက်အသုံးပြုခဲ့ကြပေသည်။

ရှေးနှစ်ပေါင်းများစွာက တည်ထားခဲ့သော ပိရမစ်ကြီးများတွင် ပစ္စယံသုံးဆင့်၊ ငါးဆင့်၊ ခုနစ်ဆင့် စသည်ဖြင့် နေဗျာန်ဘုရား အထက်မှအောက်သို့ အဆင့်ဆင့် ကြွလာပုံကို သရုပ်ဖော်ဆောက်လုပ်ကြလေလည်း။

အီဂျစ်တို့ကမူ 'ရား' ခေါ် နေဘုရားကို ပိရမစ်များဖြင့် ရည်ညွှန်းဆောက်လုပ်ကြသည်။ အချို့သုတေသီများကမူ ပိရမစ်ကြီးများ ဆောက်လုပ်ခဲ့ကြသော ရည်ရွယ်ချက်မှာ ထွက်ရပ်ပေါက်စခန်း သွားသူများအတွက် ထုံကူးရန်၊ 'ဓါတ်နန်း' အဖြစ် အသုံးပြုရန် ဆောက်ခဲ့ကြကြောင်း မှတ်ချက်ချသည်။

အချို့ကလည်း. . .

အီဂျစ်ပြည် နိုင်းမြစ်သည် မကြာခဏ ရေကြီးခြင်း၊ ရေလျှံခြင်း၊ သဲမုန်တိုင်းများ တိုက်ခတ်မှုများကြောင့် အဖိုးတန် ဌာပနာပစ္စည်းများ မပျက်စီး မဆုံးရှုံးရလေအောင် ကြီးမားခိုင်ခံ့သော ပိရမစ်ကြီးများ ဆောက်လုပ်ပြီး ပိရမစ်ကြီးများ အောက်တွင် ဌာပနာပစ္စည်းများ သိမ်းဆည်းခဲ့ကြခြင်းဖြစ်သည်ဟု ရေးသားကြသည်။

အီဂျစ်၌ ရှိသော ပိရမစ်များအနက် (၁၃)ဧကေ အကျယ်အဝန်းရှိသော မဟာပိရမစ်ကြီးမှာ အကြီးမားဆုံးဖြစ်ပြီး ကမ္ဘာ့အံ့ဖွယ် ခုနစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည်။





ပိရမစ် နံရံမှတ်တမ်းများအရ မဟာပိရမစ်ကို တည်ဆောက်စဉ်က မူဝံကြယ်သည် အနိမ့်ဆုံးသို့ ရောက်နေပြီး ကြတ္တိကာနက္ခတ် မွန်းတည့်ချိန်ဖြစ်ကြောင်း သိရသည်။ ဤနက္ခတ်အနေအထားအရ နက္ခတ်ဗေဒနည်းဖြင့် တွက်ချက်ပါက မဟာပိရမစ် တည်ဆောက်ခဲ့သောအချိန်ကာလမှာ လွန်ခဲ့သည့် နှစ်ပေါင်း(၃၀၀၀၀) ရှိပြီးဖြစ်ကြောင်း သိနိုင်ပေသည်။

သမိုင်းပညာရှင်များကတော့ မဟာပိရမစ်ကြီးကို လွန်ခဲ့သောနှစ်ပေါင်း(၆၀၀၀)ခန့်က တည်ဆောက်ခဲ့သည်ဟု ယူဆကြသည်။ မဟာပိရမစ်မှာ အစောဆုံး ဆောက်လုပ်ခဲ့သော ပိရမစ်များအနက် အဓိကကျဆုံးနှင့် အရေးအပါဆုံးပိရမစ်ဖြစ်သည်။ ဘီစီ(၃၀၀၀)နောက်ပိုင်း ဆောက်လုပ်ခဲ့သော ပိရမစ်များသည် မဟာပိရမစ်ကြီးလောက် သက်တမ်းမရှည်ကြသေးပေ။

အချို့ သမိုင်းလေ့လာသူများကတော့. . .

ပိရမစ်များ ဆောက်လုပ်ခဲ့ခြင်းမှာ သင်္ချိုင်းဂူဗိမာန်အဖြစ် အသုံးပြုရန် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း မှတ်ချက်ချလေသည်။

နောက်ပိုင်းဆောက်လုပ်ခဲ့သော ပိရမစ်များမှာ သင်္ချိုင်းဂူများအဖြစ် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း မှန်သော်လည်း မဟာပိရမစ်ကြီး အပါအဝင် ရှေ့ပိုင်းဆောက်လုပ်ခဲ့ကြသည့် ပိရမစ်များကတော့ ထိုသို့မဟုတ်ပေ။

ဘုရင့်သင်္ချိုင်းဂူများအတွက် အသုံးပြုရန်အတွက် မဟုတ်ဘဲ ဘာသာရေးကိစ္စများ ဆောင်ရွက်ရန် ဘုရားကျောင်း

အဖြစ်သော်လည်းကောင်း၊ သိမ်အဖြစ်သော်လည်းကောင်း၊
မဟာဂန္ဓာရီပညာအရ ထုံကူးရန် ဓါတ်နန်းအဖြစ်သော်လည်း
ကောင်း အသုံးပြုရန် ရည်ရွယ်လျက် ဆောက်လုပ်ခဲ့ကြခြင်းဖြစ်
ပေသည်။

ပိရမစ်ကြီး တည်ဆောက်ရန်အတွက် တစ်တုံးလျှင်
တစ်တန်အလေးချိန်ရှိသော ကျောက်တုံးပေါင်း(၂၃)သိန်း အသုံး
ပြုပြီး တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အမြင့်ပေ(၄၈၁)ပေ ရှိပြီး အောက်ခြေစကွဲယားပေမှာ
(၇၆၅)ပေရှိသည်။ လွန်ခဲ့သောနှစ်ပေါင်း(၃၀၀၀၀)ခန့်က အီဂျစ်
ပြည်၌ ရှိသော လူဦးရေဖြင့် တည်ဆောက်ပါက မည်မျှကြာ
အောင် ဆောက်လုပ်ရမည်၊ မည်သို့မည်ပုံ ဆောက်လုပ်ခဲ့ကြ
သည်ကိုတော့ အမျိုးမျိုး စဉ်းစားအဖြေထုတ်နေကြသည်။

ယခုခေတ် အင်ဂျင်နီယာများက လွန်ခဲ့သော နှစ်ပေါင်
များစွာက အီဂျစ်ပြည်မှာ ရှိနိုင်သော လူဦးရေ၊ အသုံးပြုသော
လက်နက်ကိရိယာများကို အသုံးပြုပြီး ဤမျှလောက် ကြီးမာ
သော အဆောက်အဦးကြီးအား မည်သို့မည်ပုံ ဆောက်လုပ်ခဲ့ကြ
သည်ကို စဉ်းစားအဖြေရှာကြည့်သော်လည်း အဖြေမရနိုင်ဘဲ
ရှိနေကြသည်။

အင်ဂျင်နီယာများက သိပ္ပံနည်းဖြင့် အဖြေရှာ၍ မ
ကြသော်လည်း ဂန္ဓာရီပညာရှင်များကတော့ ဝိဇ္ဇာနည်းဖြ
အဖြေသိကြလေသည်။

အီဂျစ်တို့သည် ထိုမျှလေးလံသော ကျောက်တုံးကြီးမျာ





ကို တစ်နေရာမှတစ်နေရာ ရွှေ့ရာတွင် လူအားဖြင့် ရွှေ့ပြောင်းခြင်း မဟုတ်ဘဲ မန္တန်တည်းဟူသော အသံစွမ်းအားဖြင့် ကျောက်တုံးများကို အမိန့်ပေးပြီး လိုသောနေရာသို့ ရောက်အောင် ရွှေ့ပြောင်းခဲ့ကြသည်ဟု ဆိုကြသည်။

ကျောက်တုံးကြီးများကို အသံစွမ်းအားဖြင့် မန္တန်ရွတ်ဆိုပြီး သယ်ယူရွှေ့ပြောင်းပြီး ထိုမျှကြီးကျယ်သောပိရမစ်ကြီးဖြစ်လာအောင် တည်ဆောက်ခဲ့ကြရုံမက ထိုသို့တည်ဆောက်ရာမှာလည်း သိဒ္ဓိရှိသောပုဂ္ဂိုလ်များနှင့် ဝိညာဉ်တို့၏ အကူအညီတို့လည်း ပါဝင်ခဲ့သည်ဟု မှတ်ချက်ချသည်။ ရှေးအခါက လူနည်းစုသာ ရှိပြီး တည်ဆောက်ရန် လက်နက်ကိရိယာများလည်း မရှိသော အီဂျစ်ပြည်တွင် တစ်တုံးလျှင် တစ်တန်မျှ လေးသော ကျောက်တုံးကြီးပေါင်း(၂၃)သိန်းကို လိုသောနေရာ ရောက်သည်အထိ သယ်ယူနိုင်ခြင်းမှာ မန္တန်စွမ်းအား အသံစွမ်းအားကြောင့်ပင်ဖြစ်သည်ဟု ဆိုခြင်းမှာ စိတ်ဝင်စားစရာပင်ဖြစ်၏။

(မြန်မာနိုင်ငံမှာလည်း ကျိုက်ထီးရိုးစေတီတော် တည်ထားသောကျောက်လုံးတော်ကြီးကို ပင်လယ်သမုဒ္ဒရာရေအောက်မှ တောင်ထိပ်ပေါ်သို့ ရောက်သည်အထိ သိကြားမင်း၏ တန်ခိုးစွမ်းအားဖြင့် သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း သမိုင်းမှတ်တမ်းများက ရေးသားဖော်ပြခဲ့ကြသည်။)

ရုပ်ဝါဒနှင့် သိပ္ပံပညာ ထွန်းကားကာစ (၁၉)ရာစုနှင့် (၂၀)ရာစုအစောပိုင်းတွင် ဂန္ဓာရီပညာမှာ လူရယ်စရာ ဖြစ်ခဲ့သော်လည်း ယနေ့ခေတ် သိပ္ပံပညာသည် ရုပ်လောကနယ်ကို

ကျော်ပြီး နာမ်လောက နယ်ပယ်အတွင်းသို့ ဝင်ရောက်လာသော အခါ အီဂျစ်ဂန္ဓာရီပညာနှင့် ပတ်သက်ပြီး သတိပြုစရာများ ရှိလာကြသည်။

ထိုမျှလေးလံသော ကျောက်တုံးကြီးများကို အသံစွမ်းအားဖြင့် လိုသောနေရာသို့ ရွှေ့ပြောင်းယူ၍ ထိုမျှ ကြီးမားသော ပိရမစ်ကြီးများကို တည်ဆောက်ခဲ့သည်ဆိုသော ဂန္ဓာရီပညာရှင်များ၏အဆိုကို လက်ခံနိုင်စရာဖြစ်လာကြသည်။ အီဂျစ်ပြည်ကို နပိုလီယံ တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီးနောက်တွင် အီဂျစ်တစ်ပြည်လုံးအား မြေတိုင်းတာစေခဲ့သည်။

မြေတိုင်းအဖွဲ့သည် မဟာပိရမစ်သည် နေမွန်းတည့်ရာ အရပ်ဖြစ်သောကြောင့် ထိုနေရာမှပင် လောင်ဂျီကျူမျဉ်း စတင်ရေးဆွဲခဲ့သည်။

နောင်သောအခါ နေမွန်းတည့်အမှတ်သည် အီဂျစ်ပြည်အတွက်သာမက တစ်ကမ္ဘာလုံးအတွက် မွန်းတည့်မျဉ်းများ ဖြစ်လာခဲ့လေသည်။ သို့ကြောင့် မဟာပိရမစ်သည် တစ်ကမ္ဘာလုံး၏ သဘာဝ သုညအမှတ်ဖြစ်လာသည်။

ထို့ပြင် မဟာပိရမစ်၏အမြင့်ကို တစ်သန်းနှင့် မြှောက်လျှင် နေနှင့်ကမ္ဘာ အကွာအဝေးသည် (၁၉၈၂၀၈၀၀၀)ကီလိုရသည်။ ပိရမစ်၏နံရံတစ်ဖက်ကို ကုဗဖြင့် စားလျှင် တစ်ပတ်လည်သော နေ့၏ကိန်းဂဏန်းကို ရသည်။ ပိရမစ်မုခ်ဦးသည် မြောက်အရပ်၌ ရှိသော ဓူဝံကြယ်နှင့် တည့်တည့်ဆောက်လုပ်ထားသည်။





ပိရမစ်နံရံများ တစ်ခုနှင့်တစ်ခု ဆက်စပ်နေမှုသည် (Golden Ratio)ခေါ် ရွှေအချိုးပင်ဖြစ်ရာ လေ့လာကြသော သိပ္ပံပညာများအတွက် များစွာအံ့ဩဖွယ်ရာ ဖြစ်သည်။ ပိရမစ်တည်ဆောက်ရာတွင် အသုံးပြုသော သင်္ချာတွက်နည်းမှာ ဖိုက်ဘိုနာချီ ကိန်းစဉ်များဖြစ်သည်။

ဖိုက်ဘိုနာချီကိန်းစဉ်ဆိုသည်မှာ ၁၊ ၁၊ ၂၊ ၃၊ ၅၊ ၈၊ ၁၃၊ ၂၁ စသည်ဖြင့် ရှေ့ကိန်းနှစ်လုံးပေါင်း ရကိန်းသည် နောက်ကိန်းဖြစ်သောကိန်းစဉ်ဖြစ်သည်။ ပိရမစ်များ၏အနားကို (၂)ဖြင့် စားလျှင် (၃. ၁၄၄) ရလေရာ. . . ပိုင်ကိန်းဖြစ်သော (၃. ၁၄၁၆)နှင့် အလွန်နီးစပ်နေကြောင်း တွေ့ရပေမည်။

ယခုခေတ်တွင်လည်း ရုရှနှင့် ချက်ကိုဇလပ်မှ သိပ္ပံပညာရှင်များသည် ပိရမစ်များကို လေ့လာရာ၌ အဆောက်အအုံအတိုင်းအတာ အချိုးအစားနှင့် သဏ္ဌာန်တို့မှာ အံ့ဩဖွယ်ရာကောင်းလောက်အောင် သိပ္ပံနည်းကျ ဖြစ်နေသည်ကို လေ့လာတွေ့ကြရလေသည်။

အထူးသဖြင့် ပိရမစ်ပုံသဏ္ဌာန်ဖြစ်သော တြိဂံနံရံလေးဖက်အကာအရံသည် ရေဓါတ်ကို ခမ်းခြောက်စေသည့် သတ္တိရှိကြောင်း တွေ့ကြရသည်။

မုတ်ဆိတ်ရိတ်သော ဘလိတ်ဓါးများမှာ ရေငွေ့ကြောင့် သံချေးတက်ပြီး အသုံးချမရ ဖြစ်သွားတတ်သည်။ ယင်းဘလိတ်ဓါးကိုပင် အသုံးပြုပြီးနောက် ပိရမစ်ပုံသဏ္ဌာန် ပြုလုပ်ထားသည့် ဘူးအတွင်းသို့ ထည့်ထားပါက (၁၀)ဆမျှ ပို၍ အသုံးပြုနိုင်

ကြောင်း တွေ့ကြရသည်။

သို့ကြောင့် ပိရမစ်ပုံသဏ္ဍာန် ဘလိတဘူးများကို မူပိုင်မှတ်ပုံတင် ပြုလုပ်ပြီး ရောင်းချကြလေသည်။ ချီကာဂို ဆင်ခြေဖုံးတွင် အီနန်ဆိုသူက (၅၄)ပေမြင့်သော ပိရမစ်ပုံသဏ္ဍာန် တိုက်ဆောက်ပြီး ရွှေချပ်များနှင့် ကာရံထားလေသည်။

သူ၏ပိရမစ်အိမ်တို့ ရောက်လာကြသော ဧည့်သည်များက ထိုအိမ်ထဲ ရောက်သည်နှင့် သွေးတိုးရောဂါ အစရှိသော ရောဂါအတော်များများ ပျောက်ကင်းသွားကြောင်း ပြောဆိုကြရာ (၁၉၈၆)ခုနှစ် နယူးဝိခ်မဂ္ဂဇင်းတွင် ဓါတ်ပုံနှင့်တကွ ဖော်ပြထားလေသည်။

အခြားသောသုတေသီများ၏အတွေ့အကြုံအရ ပိရမစ်ထဲတွင် ဓါတ်ခဲများ အားပြန်ဝင်လာသည်။ အစားအစာများ မပုပ်မသိုးဘဲ အကြာကြီး ထား၍ရသည်။ မျိုးစေ့များ ပိုမိုရှင်သန်လာသည်။ ရောဂါများ အပျောက်မြန်သည်။ လိင်စွမ်းအားများ သန်မာလာသည်။

လူနာများအနေဖြင့် နာလန်ထ မြန်သည်။

ကော်ဖီခွက်ကို မိနစ်(၂၀)ခန့် ထားလိုက်လျှင် အခါးပျောက်ပြီး ပိုမိုဆိမ့်လာသည်။

ပိရမစ်ထဲတွင် နေသူသည် အိပ်လို့ကောင်း၊ စားလို့ကောင်းလာသည်၊ စိတ်များ ကြည်လင်လာသည်။ အကြားဓါတ်နှင့် အမြင်ဓါတ်များ ထူးခြားစွာ ပေါ်လာသည်။ အာရုံစူးစိုက်မှုနှင့် တရားရှုမှတ်မှု ပိုကောင်းလာသည်။





(၁၉၇၀)ခုနှစ်ကျော်နှစ်များအတွင်းက ပလတ်စတစ်နှင့် သစ်သားများဖြင့် အရှင်ပြုလုပ်ထားသော ပိရမစ်တဲများကို ရောင်းချ တရားထိုင်သူများက အသုံးပြုကြသည်။

ပိရမစ်တဲအတွင်း ဘာဝနာပွားလျှင် အလွန်သမာဓိအားကောင်းသည်ဟု ကြော်ငြာလျက် ရောင်းချကြသည်။ ပိရမစ်စွမ်းအင် ဤမျှရှိနေသောကြောင့်သာလျှင် ရှေးထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးများက ပိရမစ်ကို ဘုရားကျောင်းအဖြစ်လည်းကောင်း၊ ဘိသိက်သွန်းရာ သိမ်အဖြစ်လည်းကောင်း၊ ထုံကူးရာ ဓါတ်နန်းအဖြစ်လည်းကောင်း၊ ဂန္ဓာရီပညာများ သင်ကြားလေ့လာရာ ဓါတ်ခန်းအဖြစ်လည်းကောင်း၊ ဆေးကုသရာ ဆေးခန်းနှင့် ခွဲစိတ်ခန်းအဖြစ်လည်းကောင်း အသုံးပြုရန် တည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

မဟာပိရမစ်တွင် အဆောင်ခုနစ်ဆောင်ရှိပြီး တစ်ဆောင်စီကို ခူဝံကျောင်းဆောင်၊ ကြတ္တိကာကျောင်းဆောင်၊ ဝိသာခါကျောင်းဆောင်၊ ဇေဌကျောင်းဆောင် စသည်ဖြင့် နက္ခတ်အမည်များ ပေးထားသည်။

ရှေးဟောင်းအီဂျစ်တွင် ဘာသာရေးနှင့် ဂန္ဓာရီပညာမှာ ယှဉ်တွဲလျက်ရှိရာ ဤပိရမစ်ရှိ ခန်းဆောင်အချို့ကို ဘုရားကျောင်းအဖြစ် အသုံးပြုပြီး အချို့ခန်းဆောင်များကို ဂန္ဓာရီပညာနှင့် အထွေထွေလုပ်ငန်းများအတွက် အသုံးပြုသည်။

ဂန္ဓာရီပညာ သင်ကြားရာ၊ ထုံကူးရာအဆောင်များကိုမူ သက်ဆိုင်သူမှအပ အခြားသူများ ဝင်ရောက်ခွင့်မရှိချေ။

ပိရမစ်ဆောက်တည်စက အထက်ဖော်ပြပါကဲ့သို့ ဘာသာရေးနှင့် ဂန္ဓာရီပညာစခန်းအတွက်သာ အသုံးပြုခဲ့ကြသော်လည်း နောင်ကာလရွေ့လျောပြီး အရည်အချင်း ညံ့ဖျင်းသွားသောအခါတွင် ဘုရင်နှင့် မိဖုရားတို့၏ ဂူသင်္ချိုင်းဖြစ်လာသည်။

သို့အတွက်ကြောင့်ပင် မဟာပိရမစ်ထဲတွင် အလောင်းမရှိ၊ ခေါင်းမရှိ၊ သေစာမရှိ၊ ပကတိ သန့်ရှင်းစင်ကြယ်လျက်ရှိပေသည်။

အီဂျစ်သည် ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သောနေရာဖြစ်သလို ဂမ္ဘီရနှင့် ပတ်သက်လျှင်လည်း မြစ်ဖျားခံရာတစ်ခုဆိုလျှင်လည်း မမှားပါချေ။

ထူးခြားဆန်းကြယ်သော အဖြစ်အပျက်များစွာတို့ ရှိခဲ့ကြပေသည်။

ပိရမစ်ကြီးများနှင့် ပတ်သက်ပြီး လျှို့ဝှက်ချက်များ ရှိမည်ဟု ထင်သောကြောင့် စိတ်ဝင်စားစရာ အမြောက်အများရှိခဲ့သည်။

အချို့လည်း အတွင်းသို့ ဝင်ရောက်နိုင်ရန် ကြိုးစားကြသည်။ အချို့လည်း အတွင်းသို့ မရောက်နိုင်ဘဲ လက်လျှော့သွားကြရသည်။

အချို့လည်း အတွင်းပိုင်းသို့ သင့်တော်သလောက်ရောက်ခဲ့ကြသည်။ ထိုအဖြစ်အပျက်အချို့မှာ အောက်ပါအတိုင်းဖြစ်သည်။





လွန်ခဲ့သောနှစ်ပေါင်း(၈၂၀)ခန့်က အာရပ်ဘုရင်တစ်ပါး ဖြစ်သော ကလီဖာမားမုန်းက ပိရမစ်ကြီးအား အတွင်းသို့ ဖောက်ထွင်း ဝင်ရောက်ရန် သူ့အတော်ဆုံး အင်ဂျင်နီယာများကို အမိန့်ပေးခဲ့လေသည်။

"ဘုရင်မင်းမြတ်. . ဤအလုပ်မှာ မဖြစ်နိုင်သောအလုပ်ဖြစ်ပါသည်"

ဟု ဝန်ကြီးတစ်ပါးက ကန့်ကွက်ခဲ့လေသည်။

"အခု ငါလုပ်တယ်ကွယ်"

ဘုရင်ကလည်း တစ်ချက်လွှတ် အမိန့်ချမှတ်ခဲ့လေသည်။

ထိုအချိန်က ကလီဖာဘုရင် တူးဖော်ခဲ့သောနေရာမှာ ပိရမစ်ကြီး၏မြောက်ဘက်ပိုင်းဖြစ်သည်။

ကလီဖာဘုရင်၏စိတ်ထဲတွင် ပိရမစ်အလယ်လောက်၌ ဖာရိုဘုရင်များ ထားခဲ့သော ရတနာသိုက် ရှိမည်ဟု ခန့်မှန်းထားလေသည်။

ကလီဖာဘုရင်မှာ သာမန်ဘုရင်တစ်ပါး မဟုတ်ပေ။ စာပေကျမ်းဂန်များကို ပြုစုခဲ့သော ပညာရှိဘုရင်တစ်ပါးပင် ဖြစ်သည်။

ဂရိဘာသာဖြင့် ရေးထားသော ရှေးဟောင်းကျမ်းစာများကို အာရဗီဘာသာဖြင့် ပြန်ဆိုကြရန် သူ့ပညာရှိများအား အမိန့်ပေးခဲ့သူဖြစ်သည်။

ကလီဖာဘုရင် ထီးနန်းစိုက်ရာမြို့တော်မှာ ဘက်ဂဒက်

မြို့တော်ဖြစ်၍ ကလီဖာမှာ အီဂျစ်ပြည်တွင် ကြာရှည်မနေနိုင်တော့ဘဲ ဘက်ဂဒက်မြို့တော်သို့ ပြန်သွားရလေသည်။

ကလီဖာဘုရင်၏လူများသည် ဘုရင်၏အမိန့်အရ ပိရမစ်ကြီးအား လပေါင်းများစွာ တူးဖော်ကြသော်လည်း ပိရမစ်အတွင်းပိုင်း ဝင်လမ်းကို မတွေ့ကြရပေ။

ထိုသူတို့သည် အတွင်းပိုင်း ဝင်လမ်းတစ်ခုကို တွေ့သော်လည်း ထိုဝင်လမ်းကို ပိတ်ဆို့ထားသော ကျောက်တုံးကြီးအား ဖောက်ထွင်းရန်အတွက် လက်နက်ကိရိယာ မရှိ၍ အခက်တွေ့ရပြန်သည်ဟု ဆိုသည်။

၎င်းတို့တွင် ရှိသော လက်နက်ကိရိယာများမှာလည်း ကျောက်တုံးကြီးအား ဖောက်ထွင်းချေဖျက်နိုင်လောက်အောင် အစွမ်းသတ္တိ မရှိဟု ဆိုသည်။

အခြားဥမင်လမ်းများကို တွေ့သော်လည်း ထိုဥမင်လမ်းမအဆုံးတွင် ထူထဲသောကျောက်နံရံကြီးများက ကာဆီးထားသည် ဟုဆိုသည်။

ဥမင်လမ်းများမှာ တစ်ခါတစ်ရံ ကျယ်၍ တစ်ခါတစ်ရံ မတ်တတ်ရပ်၍မရလောက်အောင်ပင် ကျဉ်းမြောင်းလာတတ်သည်ဟု ဆိုသည်။

အချို့ကြမ်းပြင်မှာ ကျောက်စွန်းကျောက်ခက်များဖြင့် လမ်းလျှောက်၍ မရလောက်အောင် ကြမ်းတမ်းနေသော်လည်း အချို့ကြမ်းပြင်များမှာ ခြေကုတ်၍မရလောက်အောင်ပင် ပြောင်ချောနေတတ်သည်။

☺ အောင်မြင်စာပေ ☺



ဖာရိုဘုရင်များ သေဆုံးသည့်အခါတွင်လည်းကောင်း၊ ၍ ကာန် ရတနာများကို ၎င်းတို့နှင့်အတူ မြေမြှုပ်ပစ်သည်ကို ၍ဂဘိသျှလူမျိုးက သိရှိထားသဖြင့် ယခုကဲ့သို့ သိုက်တူးရန် တစ်သိခြင်းဖြစ်သည်ဟု ဆိုသည်။

ဤဗြိတိသျှလူမျိုးသည် ပထမ ဘုရင့်ခန်းမဆောင်သို့ လ၎ုက်ဝင်ကာ ကြိုတင်စမ်းသပ်မှုများကို စတင်၍ လုပ်ကိုင်တွင်ခဲ့သည်။

သို့ ပထမဦးစွာ သံကုန်အော်၍ မည်သည့်ဘက်မှ ပဲ့တင်သံ လာသည်ကို ဂရုတစိုက် မှတ်သားထားလေသည်။

ပဲ့တင်သံမှာ ခေါင်းအထက်မှ ပြန်လာသည်။

သို့ဖြင့် ဗြိတိသျှလူမျိုး သိုက်သမားသည် ခန်းမကြီး၏ ရံများကို အသေအချာ ဂရုတစိုက် လေ့လာကြည့်ရာတွင် ကံအားလျော်စွာ လမ်းပေါက်တစ်ခုကို တွေ့ရှိသွားလေ၏။

ထိုလမ်းပေါက်မှတဆင့် တက်သွားလျှင်မူ ဘုရင့်ခန်းမဆောင်အထက်သို့ ရောက်နိုင်သည်။

ဗြိတိသျှလူမျိုး သိုက်တူးသမားသည် ထိုလမ်းကလေးအတိုင်း ဝမ်းလျားထိုး၍ အထက်သို့ တက်သွားသောအခါ မမျှော်လင့်ဘဲ ခန်းမကြီးတစ်ခုကို တွေ့ရှိသည်ဟု ဆိုသည်။

ထိုခန်းမကြီး၏အကျယ်မှာ ပေ(၂၀)ခန့် ရှိသော်လည်း ခန်းမထဲတွင်မူ ဘာပစ္စည်းမှ မရှိပေ။

သို့ဖြင့် ဗြိတိသျှလူမျိုး သိုက်သမားမှာ စိတ်ပျက်၍ အယ်လ်ဂျီးနီးယားနိုင်ငံသို့ ပြန်သွားလေသည်။

☺ အောင်မြင်စာပေ ☺

သို့ရာတွင် ထိုပုဂ္ဂိုလ်၏ကြိုးပမ်းချက်မှာ ရှေးဟောင်းပစ္စည်းသုတေသီတို့အဖို့ များစွာအကျိုးဖြစ်ထွန်းခဲ့လေသည်။

မည်သို့ပင်ဖြစ်စေ ဤပိရမစ်အတွင်း၌ အဖိုးမဖြတ်နိုင်သော ဖာရိုဘုရင်ကူဖူ၏ ရတနာသိုက် ရှိသည်ကိုကား လူတိုင်းပင် လက်ခံယုံကြည်လျက်ရှိလေသည်။ အီဂျစ်သည် ပိရမစ်ကြီးများနှင့် ပတ်သက်သော ဆန်းကြယ်မှုများစွာတို့ ရှိကြသလို မံမီရုပ်အလောင်းများနှင့် ပတ်သက်သည့် ဆန်းကြယ်မှုများစွာတို့လည်း ရှိပေသေးသည်။ ထို့ပြင် သိပ္ပံပညာနှင့် စူးစမ်းထောက်လှမ်း၍ အဖြေမရနိုင်လောက်အောင် ဆန်းကြယ်လှသော အဖြစ်အပျက်များလည်း ရှိသေးသည်။

ရှေးနှစ်ပေါင်းများစွာက ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်များမှာ ယနေ့ထိတိုင်အောင် ဆက်နွယ်ပတ်သက် ဖြစ်ပျက်နေကြဆဲပင်ရှိသေးသည်။

ထိုအဖြစ်အပျက်များထဲတွင် လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာကျော်အချိန်လောက်ကတည်းက လူသိများခဲ့သော မြို့စားကြီး အိုစီရန်၏ မရဏာကြေးမုံဟု အမည်ပေးထားသော 'မှော်ဝင်မှန်တစ်ချပ်' အကြောင်းလည်း အပါအဝင်ဖြစ်ပေသည်။

ထိုမှော်ဝင်မှန်ကြောင့် ကြောက်မက်ဖွယ်ကောင်းသော အဖြစ်အပျက်များစွာတို့လည်း ဖြစ်ပျက်ခဲ့သည်။





# အခန်း(၄)

# အိုင်းရစ်မြို့မှ စိတ္တဇလူသတ်သမား

သည

ပွတ်

အတ

ျလုပ်ခဲ့ကြ

အချိန်မှာ ညဉ်းပိုင်းအချိန် ကျေ မိုးတဖွဲဖွဲ ရွာသွန်းနေသောကြောင့် ပတ်သာ အထောက်သာမန်ထက် မှောင်နေသည်။

လမ်းမီးရောင်အချို့ ရှိသော်လည်းတစ်ဦးကို စုံစမ်းကြောင့် နေရာတိုင်းမှာ ဝေ့ဝေ့ဝါးဝါးဖြစ်၍အချို့လောက်သာ သွားလူလာ ရှင်းလင်းနေသည်။

ဒီလောက် ရာသီဥတု ဆိုးဝါးကျက်ပဲ၊ ကျောင်းသူ

တစ်ယောက်ကို သွေးအေးအေးနဲ့ ရက်ရက်စက်စက် သတ်ဖြတ်ဝံ့တဲ့ လူစားမျိုး မဟုတ်တာတော့ သေချာတယ်၊ နောက်ပြီး သူက မိန်းမတစ်ယောက်ကို မုတ်ဆိတ်ရိတ်တဲ့ သင်တုန်းဓား တစ်လက် လောက်တောင်မှ မက်မောတတ်တာမျိုး မဟုတ်ဘူး”

ဟု ပြောပြလေသည်။

“သူက သင်တုန်းဓားကို ဘယ်လိုမက်မောတာလဲ”

“ဂျက်ဖရီက တစ်နေ့တစ်ခါ မုတ်ဆိတ်မွေး၊ ပါးမြိုင်မွေး ရိတ်တယ် ဒါကြောင့် သူ့ဆီမှာ ဓားကောင်းကောင်းတွေတော့ အများကြီး စုဆောင်းထားတယ်”

ထိုအချက်ကပင် အိုင်းရစ်စုံထောက်များအတွက် စိတ်ဝင်စားစရာအချက်ဖြစ်နေတော့သည်။ အိုင်းရစ်မြို့မှာ အရက်ဆိုင်များ ပေါသလို ဘောလင်းဟု ခေါ်သော ပုလင်းလိုလို အင်ဒီယန်းကလပ်လိုလို တိုင်များကို ထောင်ပြီး သစ်သားဖြင့် ပြုလုပ်ထားသော ဘောလုံးဖြင့် လှိမ့်ပစ်ရသော ကစားသည့် နေရာများလည်း ပေါများသည်။

လူအတော်များများက ထိုကစားနည်းကို သဘောက လေသည်။ ယခုကဲ့သို့ မိုးတဖွဲဖွဲ ရွာ၍ ရာသီဥတု မကောင်းသော အချိန်မျိုးမှာ အပြင်၌ လူသွားလူလာ မရှိတော့ဘဲ အရက်ဆိုင်နှ ဘောလင်း ကစားရုံများအတွင်း၌သာ လူများ ရောက်နေတတ် သည်။

ထိုနေ့ညက ရာသီဥတုအခြေအနေ မကောင်းသော အချိန်မျိုးတွင် မိုးကာအင်္ကျီနှင့် ဦးထုပ်တစ်လုံးကို ခပ်စိုက်စိုက်





ဆောင်းထားသောသူတစ်ယောက်သည် အရက်ဆိုင်အတွင်းသို့ ဝင်လာသည်။

သူ၏ကျောဘက်တွင် သစ်သားဘောလုံး ထည့်ထားဟန်ရှိသော အိတ်တစ်လုံးကို လွယ်ထားလေသည်။ အိတ်ထဲမှာ ထည့်ထားသော သစ်သားဘောလုံးကြီးက အိတ်အတွင်းမှ အပြင်သို့ ဖောင်းနေသည်။ ထိုလူက ကောင်တာတွင် ဝင်ထိုင်ပြီး လွယ်ထားသောအိတ်ကို နံဘေးမှ ထိုင်ခုံအလွတ်တစ်လုံးပေါ်သို့ တင်ထားလိုက်သည်။

သူ၏အိတ်တွင် စိုနေသောမိုးရေများက ကြမ်းပြင်ပေါ်သို့ တစ်စက်ချင်း ကျနေသည်။ သူသည် အရက်တစ်ခွက် မှာသောက်ရင်း အရက်ဆိုင်တစ်နေရာမှာ ထောင်ထားသောတီဗွီမှ အရေးပေါ် ထုတ်လွှင့်နေသောသတင်းကို နားထောင်လေသည်။

ထိုသတင်းမှာ အခြားမဟုတ်ပေ။

ညဦးပိုင်းအချိန်လောက်ကမှ ဘောလင်းကစားရုံတစ်ရုံ၏ အနောက်ဘက်တွင် လူတစ်ယောက်အလောင်းကို ဘောလင်း ကစားသူအချို့က တွေ့သဖြင့် ပုလိပ်ကို အကြောင်းကြားသော သတင်းဖြစ်သည်။

ပုလိပ်နှင့်စုံထောက်များ ရောက်လာပြီး စစ်ဆေးကြသောအခါ ထိုလူမှာ ဘောလင်းကစားသမားဖြစ်ကာ မကြာသေးမီအချိန်ကမှ ဦးခေါင်းဖြတ်ခံရပြီး သေဆုံးသွားခြင်းဖြစ်ကြောင်းနှင့် အသတ်ခံရသူ၏ဦးခေါင်း ပျောက်ဆုံးနေသည်ဆိုသော သတင်းကို အရေးပေါ် ထုတ်လွှင့်ပေးနေသော သတင်းဖြစ်

သည်။

ထိုသတင်းကို အရက်ဆိုင်အတွင်းမှာ ရှိနေကြသ
အခြားသူများကလည်း အရက်သောက်ရင်းနှင့် လှမ်းကြည့်
ကြလေသည်။

၎င်းတို့အနေနှင့် ခေါင်းဖြတ်လူသတ်သမား အကြော
ကို ကြားရသောအခါ သိပ်မထူးဆန်းကြသော်လည်း ၎င်း
ကစားနေကြသော ဘောလင်းကစားရုံအနီးမှာ လူသတ်မှု ဖြ
သည်ဆိုသောသတင်းကိုတော့ စိတ်ဝင်စားနေကြဟန်ရှိ
သည်။

အချို့ကလည်း ထိုအကြောင်းကို ဆူဆူညံညံနှင့် ပြေ
နေကြလေသည်။

ဦးထုပ်ဆောင်းထားသောလူမှာ ထိုကဲ့သို့ ဆူညံသေ
အသံများကြောင့် သတင်းထုတ်လွှင့်နေသောအသံကို ကြား
တစ်ချက် မကြားရတစ်ချက်ဖြစ်နေသောကြောင့် စိတ်အနှော
အယှက်ဖြစ်နေဟန်ရှိသည်။

ထိုအခိုက်မှာပင် အခန်းတွင်းမှ ဆူညံနေသော အ
များမှာ မြည်နေသောရေဒီယိုခလုတ်ကို ပိတ်လိုက်သကဲ့သို့ ရု
တရက် တိတ်ဆိတ်သွားလေတော့သည်။

ထိုကဲ့သို့ ဆူညံသံများ တိတ်သွားသောအခါမှ တီဗွီ
လွှင့်နေသောအသံက အခန်းတွင်းမှာ ကျယ်ကျယ်လော
လောင် ပေါ်ထွက်လာလေတော့သည်။

"... ယခုအခါ ခေါင်းဖြတ်လူသတ်သမားသည် အို





ရစ်မြို့အတွင်းမှာပင် ရှိနေသေးကြောင်း၊ ပုလိပ်နှင့်စုံထောက်များ
က တရားခံကို အမြန်ဆုံး ဖမ်းမိနိုင်ရန်အတွက် ကြိုးစားဆောင်
ရွက်နေကြကြောင်း၊ မြို့သူမြို့သားများအနေနှင့် အထူးသတိ
ဝီရိယထားပြီး နေထိုင်ကြစေလိုကြောင်း. . ."

သတင်းကြေညာသူက အဆက်မပြတ် ကြေညာပေးနေ
သောအသံများကို သဲသဲကွဲကွဲ ကြားလာရလေသည်။

ထိုအချိန်မှာပင် မိုးကာအင်္ကျီရှည်ကြီးကို ဝတ်၍ ဘော
လင်း ဘောလုံးအိတ်ကြီးကို ပခုံးမှာ လွယ်ထားသောလူက ခြေ
လှမ်းမှန်မှန်ဖြင့် အခန်းတွင်းသို့ ဝင်လာသည်။ မီးရောင်အောက်
သို့ ရောက်သောအခါမှ ဦးခေါင်းပေါ်မှ ဦးထုပ်ကို ချွတ်ပြီး မိုးရေ
များ ခါပစ်လိုက်သည်။

ထိုအခါမှ ဆိုင်အတွင်းမှာ ထွန်းထားသောမီးရောင်ဖြင့်
ထိုသူ၏မျက်နှာကို မြင်ရသည်။

မျက်နှာပေါ်မှာ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများနှင့် ခက်
ထန်ကြမ်းတမ်းသောရုပ်မျိုးဖြစ်သည်။

ထို့ပြင် မျက်လုံးတစ်လုံး၏အပေါ်တွင် ဒဏ်ရာဟောင်း
တစ်ခု ရှိသောကြောင့် မျက်လုံးတစ်ဖက်ကအတွင်းသို့ ချိုင့်ဝင်
နေသည်။

ထိုလူကြီးက တီဗွီမှ လွှင့်နေသောသတင်းကို တစ်ချက်
လှမ်းကြည့်ပြီး အရက်ဘားကောင်တာသို့ လျှောက်လာပြီး စော
စောက ရောက်နှင့်နေသည့်လူအနီးတွင် ဝင်ထိုင်လိုက်သည်။

၎င်းလွယ်လာသောအိတ်ကြီးကိုလည်း စောစောကလူ

တင်ထားသောအိတ်နှင့် ဘေးချင်းယှဉ်၍ တင်ထားလိုက်သည်။

ထိုအိတ်အတွင်းမှာ သစ်သားဘောလုံး ထည့်ထားသည့် ဟန်ဖြင့် ဖောင်းနေပြီး အိတ်မှ ရေများက ကြမ်းပြင်ပေါ်သို့ တစ်စက်စက် ကျနေသည်။

"မင်းဆိုင်ထဲမှာ ဖွင့်ထားတဲ့ တီဗွီကအသံကို ဒီထက် နည်းနည်းလေး လျှော့ပေးလိုက်ရင် ပိုကောင်းမယ်၊ အလကား ဆူညံနေတာပဲ၊ အရက်သောက်ရတာ ဇိမ်ပျက်လှတယ်"

ဟု လေသံမာမာဖြင့် ပြောလိုက်ရာ ဆိုင်ရှင်က ဘာမှ ပြန်ပြောမနေတော့ဘဲ ရီမုကွန်ထရိုးကို ယူ၍ အသံလျှော့ပေး လိုက်သည်။ စောစောက ဆိုင်ထဲမှာ ဆူညံနေသောအသံများ မှာလည်း တီဗွီမှ အသံကဲ့သို့ လျော့ကျသွားလေသည်။

တစ်စုံတစ်ယောက်က ရီမုကွန်ထရိုးဖြင့် အသံလျှော့ချ လိုက်သကဲ့သို့ ရှိလေသည်။ မုတ်ဆိတ်နှင့်လူက အရက်နှစ်ခွက် သုံးခွက်လောက် မှာသောက်လိုက်ပြီးမှ အတန်ငယ် နေသာထိုင် သာ ရှိတော့မှ နံဘေးမှ ထိုင်နေသူကို ငဲ့စောင်းကြည့်ပြီး စကားစ လေသေည်။

"အလကားဗျာ. . ဘာမဟုတ်တဲ့သတင်းကိုများ အချိန် ကုန်ခံပြီး လွှင့်နေသေးတယ်၊ နားထောင်တဲ့လူတွေကလည်း အချိန်ကုန်ခံပြီး နားထောင်ကြတယ်၊ တကယ်တော့ လူသတ်မှု အကြောင်းဆိုတာ ဒီလိုကြေညာပေးနေရုံနဲ့တော့ စိတ်ဝင်စား စရာ ဘယ်ကောင်းပါ့မလဲ၊ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ရမှ စိတ် လှုပ်ရှားစရာကောင်းတော့မှာပေါ့၊ မဟုတ်ဘူးလား မိတ်ဆွေ"





မုတ်ဆိတ်နှင့်လူက အရက်ကို စိမ်ပြေနပြေ သောက် ရင်းနှင့် နံဘေးမှာ ထိုင်နေသူကို စကားပြောဖော် ညှိလိုက်လေ သည်။

"ဟုတ်တာပေါ့"

"တကယ်ဆိုရင် ဘယ်အလုပ်မဆို အမဲလိုက်တာပဲဖြစ် ဖြစ်၊ ငါးမျှားတာပဲဖြစ်ဖြစ်၊ အဲ. . . လူသတ်တာပဲဖြစ်ဖြစ်ပေါ့ဗျာ၊ ကိုယ်သတ်မယ့်သတ္တဝါနဲ့ အားပြိုင်ရတာမျိုး၊ အသက်လုရတာမျိုး၊ ဉာဏ်ချင်း ပြိုင်ရတာမျိုးမှ စိတ်လှုပ်ရှားစရာကောင်းမှာပေါ့၊ တစ်စုံတစ်ယောက်ရဲ့အသက်ကို သတ်ဖြတ်ရတာလောက် ခက်ခဲတာမျိုး ဘယ်ရှိပါ့မလဲ၊ အခက်ခဲဆုံးကတော့ လူတစ် ယောက်ရဲ့အသက်ကို ရအောင်ယူရတာမျိုးပေါ့"

ဦးထုပ်နဲ့လူက နံဘေးမှလူ ပြောသောစကားကို နား ထောင်ရုံသာ နားထောင်ပြီး တစ်ချက်ကလေးမှ လှည့်မကြည့် ပေ။ အရက်ကို စိမ်ပြေနပြေ သောက်နေသည်။ မုတ်ဆိတ်နှင့် လူက ဆက်ပြောသည်။

"ဥပမာပေါ့ဗျာ. . . အခု အိုင်းရစ်မြို့မှာ လူတွေ စိတ် ဝင်စားနေတဲ့ ခေါင်းဖြတ်လူသတ်သမားဆိုပါတော့၊ သူတို့ သတင်းကြေညာနေတာတွေက အလကားပဲ၊ တကယ်ဖြစ်ပျက် နေတာနဲ့ တစ်ခြားစီပဲ၊ တကယ်ဆိုရင် လူသတ်သမားအကြောင်း ကိုသာ ပြောနေကြပေမယ့် လူသတ်သမားဆိုတာ ဘယ်လိုလူစား မျိုး ဖြစ်တယ်ဆိုတာ သိကြတာလည်း မဟုတ်ကြဘဲနဲ့ မှန်းပြော နေကြတာဗျ"

"ခင်ဗျားကော သူ့ကို တွေ့ဖူးလို့လား"

"မတွေ့ဖူးသေးပါဘူး. . . ဒါပေမယ့် သူ ဘယ်လိုလူစားမျိုးဆိုတာတော့ သိပါတယ်"

ထိုစကားကြောင့် ဦးထုပ်ဆောင်းထားသူက ပထမဆုံးအဖြစ် နံဘေးမှ မုတ်ဆိတ်နှင့်လူကို လှည့်ကြည့်သည်။

"ဘယ်လိုသိတာလဲဗျ. . . ပြောပါဦး"

"တခြားတော့ မဟုတ်ပါဘူးဗျာ၊ ဒီလူက လူသတ်သမားဆိုပေမယ့် ကြံစည်မှုနဲ့ စိတ်ကူးဉာဏ်တော့ အတော်ကလေးကောင်းပုံရတယ်၊ တခြားမကြည့်နဲ့လေ. . . လူတစ်ယောက်ကိုလည်ပင်းဖြတ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမျိုးမှ မဟုတ်တာ၊ တိရစ္ဆာန်တစ်ကောင်တောင်မှ သူ့အသက်ကို သတ်တော့မယ်ဆိုတာဒီအတိုင်း ငြိမ်နေတာမျိုးမှ မရှိတာ လူဆိုရင်တော့ အစွမ်းကုန်ခုခံမှာပေါ့ဗျာ. . အခုတော့ လူတစ်ယောက် ခေါင်းကို ဖြတ်ယူတာကို အလွယ်တကူ လုပ်ပြနေတာဆိုတော့ သူ့မှာ ထူးခြားမှုတစ်ခု ရှိနေတာကတော့ သေချာတာပေါ့"

"မှန်တာပေါ့ဗျာ"

"နောက်တစ်ခုက သူက လူတွေကို သတ်ပြီးရုံနဲ့ မပြီးသေးဘဲ ခေါင်းတွေ ဖြတ်ယူသွားတာကတော့ စဉ်းစားစရာပဲ၊ သူ့အတွက် အောင်မြင်တဲ့အထိမ်းအမှတ်မျိုး လုပ်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ဗျာ"

"ဒါကတော့ သူ့အကြောင်းနှင့်သူ ဖြစ်မှာပေါ့ဗျာ"

ထိုသို့ပြောနေရင်းနှင့် မုတ်ဆိတ်နှင့်လူက နံဘေးနားမှာ





ကပ်ပြီး အရက်သောက်နေသူကို တစ်ချက်ငဲ့ကြည့်လိုက်သည်။ ထိုသူကတော့ ဘာမှ လေးလေးနက်နက် ရှိနေပုံမရဘဲ အရက်ကိုသာ ဖြည်းဖြည်းချင်း သောက်နေသည်။

"ကျုပ် တစ်ခုတော့ မေးပါရစေ၊ အခု ခင်ဗျား ခေါင်းဖြတ်လူသတ်သမားနှင့် တွေ့ရင် ဘယ်လိုနေမလဲ၊ ဆိုပါစို့ဗျာ. . ခင်ဗျားနံဘေးကို ခေါင်းဖြတ်လူသတ်သမား ရောက်နေရင် ဘယ်လိုလုပ်မလဲ"

ဟု မုတ်ဆိတ်နှင့်လူက မေးလိုက်သည်။ ထိုအခိုက်မှာပင် သူတို့နှစ်ယောက် တင်ထားသောအိတ်များမှ စီးကျနေသောရေများမှာ တဖြည်းဖြည်းချင်း ကြမ်းပြင်ပေါ်သို့ ကျနေရာမှ များလာပြီးနောက် နိမ့်ရာဖက်သို့ စီးသွားလေသည်။

ထိုရေများထဲမှာ သွေးများ ရောပါနေသည်ကိုတော့ ဘယ်သူမှ သတိမပြုမိကြချေ။ ယခုလို မိုးတစိမ့်စိမ့် ရွာသွန်းနေသောအချိန်မျိုးတွင် နွေးထွေးမှုရစေရန် အရက်သောက်ရန် အာရုံရောက်နေကြသည့် လူအများစုမှာ ကြမ်းပြင်ပေါ်မှာ စီးနေသည့် သွေးရေများကို မည်သူကမျှ သတိမပြုမိကြခြင်းဖြစ်၏။

မုတ်ဆိတ်နှင့်လူက မေးသော်လည်း ဦးထုပ်နှင့်လူက ဘာမှ မပြောဘဲ အရက်ကို စိမ်ပြေနပြေ သောက်နေစဉ် အဝေးမှ လာနေသော ရဲကား၏ဥသြသံများကို ကြားလိုက်ရသည်။

ဥသြသံများမှာ တဖြည်းဖြည်းနှင့် နီးလာချေပြီ၊ ထိုအသံများ ကြားသောအခါ မုတ်ဆိတ်နှင့်လူမှာ မျက်နှာပျက်သွားပြီး သောက်လက်စ အရက်ကို လက်စသတ်ပြီး နေရာမှ

ထလိုက်သည်။

"ဒီလိုအချိန်မျိုးမှာတော့ ပုလိပ်တွေနဲ့ မတွေ့ရလေလေ ပိုကောင်းလေလေပဲ. . . ကျုပ်သွားတော့မယ်"

ဟု ပြောပြီး လှည့်ထွက်သွားရန် ဟန်ပြင်လိုက်သည်နှင့် ဦးထုပ်နှင့်လူက လှမ်းပြောလိုက်သည်။

"ဟော့လူ. . . ခင်ဗျားအိတ် ကျန်ခဲ့တယ်"

ဟု ပြောပြီး လှမ်းပေးလိုက်သည်။ ထိုအချိန်မှာပင် ဆိုင်ပေါက်အတွင်းသို့ ထိုးဆိုက်လာသော ရဲကားများအသံကို ကြားရသည်။ ထိုအခါ မုတ်ဆိတ်နှင့်လူက ၎င်းအိတ်ကို လှမ်းယူပြီး ဆိုင်ရှေ့ပေါက်မှ မသွားတော့ဘဲ နောက်ဘက်အပေါက်ရှိရာသို့ ခပ်သုတ်သုတ် ထွက်သွားလေတော့သည်။

ရဲကားများက ဆိုင်ရှေ့မှာ စက်မသတ်ဘဲနှင့် သည်အတိုင်း နှိုးထားပြီး ရဲကြပ်ကြီးတစ်ယောက် ခေါင်းဆောင်ပြီး ပုလိပ်များ ဆိုင်အတွင်း ဝင်လာကြသဖြင့် အရက်သောက်နေသူများ စိတ်အနှောင့်အယှက်ဖြစ်သွားကြသည်။ ရဲကြပ်ကြီးက ဦးထုပ်နှင့်လူ ရှိရာသို့ လျှောက်လာသောကြောင့် ထိုလူက ဦးထုပ်ချွတ်ပြလိုက်သည်။

"ဟင်. . . ဆရာပါလား"

ရဲကြပ်ကြီးက ရေရွတ်လိုက်သည်။

ဦးထုပ်နှင့်လူမှာ အခြားမဟုတ်။

ကျောင်းဆရာ ဂျက်ဖရီဆိုသူဖြစ်၏။

"ဆရာက ဘယ်လိုကနေဘယ်လို ဒီနေရာရောက်နေ





တာလဲ"

"ဒီလိုပေါ့ဗျာ. . . ကျောင်းအားတဲ့အချိန်မှာ ဘောလင်းလာကစားရင်းနဲ့ မိုးရွာလာတာနှင့် အချမ်းပြေ ဝင်သောက်နေတာပါ"

ရဲကြပ်ကြီးက ဂျက်ဖရီဘေးမှာ ချထားသောအိတ်ကို တစ်ချက်ကြည့်လိုက်သည်။ အတွင်းမှာ ဘောလုံးထည့်ထားသောကြောင့် ဖောင်းနေသည်မှလွဲပြီး အခြားထူးခြားချက်တော့ မတွေ့ရပေ။

"ဒါ့ထက် စောစောက ဒီဆိုင်ထဲကို မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေနဲ့ လူတစ်ယောက် ဝင်လာတာများ မတွေ့မိလိုက်ဘူးလား ဆရာ"

"တွေ့လိုက်တယ်. . . စောစောကပဲ ကျွန်တော့်နံဘေးက ဟော့ဒီခုံပေါ်မှာ ထိုင်ပြီး အရက်သောက်သွားသေးတယ်"

"ဟင်. . . "

"သူ့မှာ အိတ်တစ်လုံး ပါလာတယ်၊ ဒီခုံပေါ်မှာ သူယူလာတဲ့အိတ် တင်ထားပြီး အရက်သောက်နေတာ၊ ခင်ဗျားတို့ကား လာတဲ့အသံ ကြားတော့မှ ဟိုနောက်ဘက်အပေါက်က ထွက်သွားတာဗျ"

ရဲကြပ်ကြီးက ခုံပေါ်သို့ လက်နှိပ်ဓါတ်မီးဖြင့် ထိုးကြည့်လိုက်ရာ သွေးကွက်တစ်ခုကို တွေ့ရသည်။

"ဟာ. . . သေချာပြီဗျို့"

"ဘာဖြစ်လို့လဲဗျ. . . အဲ့ဒီလူက ဘာလုပ်ခဲ့လို့လဲ"

"ဆရာက. . . ကစားရုံထဲ ရောက်နေလို့ အရေးပေါ်သတင်းကြေညာတာကို နားမထောင်လိုက်မိလို့ ဖြစ်မှာပါ၊ အခုညဦးပိုင်းအချိန်ကမှ လူသတ်မှု ဖြစ်သွားခဲ့တယ်၊ ဘောလင်းကစားရုံနောက်မှာ လူတစ်ယောက် ခေါင်းဖြတ်အသတ်ခံရတယ်၊ အသတ်ခံရတဲ့လူက ဘောလင်းကစားသမားတစ်ယောက်ပဲ၊ ခေါင်းဖြတ်သမားလက်ချက်ပဲပေါ့ဗျာ. . . ခေါင်းကို ဖြတ်ယူသွားတာဗျ"

"ဖြစ်ရလေဗျာ"

"အဲဒီနားတစ်ဝိုက်က မြင်လိုက်တဲ့လူတွေ ပြောပုံအရတော့ လူသတ်မှု ဖြစ်ခဲ့တဲ့အချိန်နှင့် မရှေးမနှောင်း အချိန်လောက်မှာ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေနဲ့ မျက်နှာပေါ်မှာ ဒဏ်ရာတစ်ခု ရှိတဲ့လူတစ်ယောက် အိတ်တစ်လုံး လွယ်ပြီး အမှောင်ရိပ်ထဲက ထွက်သွားတာ မြင်လိုက်ရတယ်လို့ ပြောကြတယ်"

"ဒီအတိုင်းဆိုရင်တော့ လူသတ်သမားပဲ ဖြစ်မယ် ထင်တယ်၊ သူထွက်သွားတာ မကြာသေးဘူးဗျ၊ ခင်ဗျားတို့ လိုက်ရင် မှီနိုင်သေးတယ်"

"ဒါပေမယ့် သူ ကျုပ်တို့လက်က မလွတ်နိုင်ပါဘူး၊ ဟိုဘက်မှာလည်း ကင်းအဖွဲ့တွေ ထားခဲ့တော့ သူတို့နဲ့ တွေ့မှာပါပဲ"

ဟု ပြောနေစဉ် မနီးမဝေးနေရာမှ သေနတ်သံများ ကြားရလေသည်။





"ဟော. . . ပြောရင်းဆိုရင်း တွေ့ပြီနဲ့တူတယ်၊ ဆရာက အဲ့ဒီလူနဲ့ နီးနီးကပ်ကပ် တွေ့လိုက်ရတဲ့လူဆိုတော့ ဟုတ်မဟုတ် လိုက်ကြည့်ပေးပါဦး"

ဟု ပြောသည်။ ဂျက်ဖရီလည်း ရဲကားဖြင့် လိုက်သွားလေသည်။ အရက်ဆိုင်နှင့် အတော်ဝေးဝေး ရထားသံလမ်းနံဘေး ရောက်သောအခါ သွေးအိုင်ထဲမှာ မှောက်လျက်အနေအထားနှင့် ရှိနေသော လူတစ်ယောက်ကို တွေ့ရသည်။

"ဘယ်လိုလဲဟေ့"

"အဖမ်းမခံဘဲ ထွက်ပြေးဖို့ ကြိုးစားတာနဲ့ ပစ်ဖမ်းလိုက်ရတာပဲ ဆရာ"

ပုလိပ်တစ်ယောက်က ပြောပြသည်။ ထို့နောက် မှောက်လျက် လဲနေသူကို ပက်လက်လှန်ကြည့်သောအခါ စောစောက ဂျက်ဖရီအနီးမှာ အရက်သောက်သွားခဲ့သော မုတ်ဆိတ်နှင့်လူပင် ဖြစ်သည်။ သူနှင့် မနီးမဝေးနေရာမှာ အိတ်တစ်လုံး ကျနေသည်။ ပုလိပ်တစ်ယောက်က ထိုအိတ်ကို ကောက်ယူပြီး ရဲကြပ်ကြီးကို လာပေးသည်။

"ဖွင့်လိုက်စမ်းကွာ"

မိုးရေဖြင့် စိုရွှဲနေသော ထိုအိတ်မှ အရည်များ စိမ့်ထွက်နေသည်။ ညှီစို့စို့အနံ့များလည်း ထွက်နေသည်။ အိတ်ကိုဖွင့်ပြီး အတွင်းမှ ပစ္စည်းကို အောက်သို့ သွန်ချလိုက်သောအခါ အတွင်းမှ အရာဝတ္ထုတစ်ခု ထွက်ကျလာပြီး. . . ဂျက်ဖရီခြေထောက်နားအထိအောင် လိမ့်လာသည်။ ခြေထောက်နှင့် ထိ

သွားပြီးမှ ရပ်သွားသည်။

ငုံ့ကြည့်လိုက်တော့ ဦးခေါင်းပြတ်တစ်လုံးကို တွေ့ရသည်။ ဦးခေါင်းပြတ်က မျက်နှာအပေါ်မှာ ရှိနေပြီး ဂျက်ဖရီက ငုံ့ကြည့်သောအခါ မျက်နှာချင်းဆိုင် ဖြစ်သွားလေတော့သည်။

ပါးစပ်ဟ,လျက်သားနှင့် မျက်လုံးများ ပွင့်နေရာ သူ့ကို မော့ကြည့်နေသကဲ့သို့ ရှိနေသည်။

"ဟာ. . . ဗျာ"

ဂျက်ဖရီက ထိတ်လန့်တုန်လှုပ်သော အမူအရာဖြင့် ရေရွတ်ကာ မျက်နှာလွှဲပစ်လိုက်သည်။

ပုလိပ်တစ်ယောက်က ကြောက်ကြောက်ရွံ့ရွံ့နှင့် ထိုဦးခေါင်းပြတ်ကြီးကို ပြန်ကောက်ပြီး အိတ်ထဲသို့ ပြန်ထည့်နေသည်။ ဂျက်ဖရီ၏ထိတ်လန့်တုန်လှုပ်သွားသော အမူအရာကို ကြည့်ပြီး ရဲကြပ်ကြီးက ပြောသည်။

"ခင်ဗျားကြည့်ရတာ သိပ်ကြောက်နေတဲ့ပုံပဲ၊ ဒါထက် အခု သေနေတဲ့လူက ခင်ဗျားနံဘေးမှာ ထိုင်ပြီး အရက်သောက်သွားတဲ့လူဆိုတာကရော သေချာလား"

"သေ. . သေချာပါတယ်"

"အင်း. . . ခင်ဗျားကြောက်မယ်ဆိုရင်လည်း ကြောက်စရာပဲပေါ့၊ ဘာကြောင့်လဲဆိုတော့ အိုင်းရစ်တစ်မြို့လုံး ထိတ်လန့်ကြောက်ရွံ့နေတဲ့ ခေါင်းဖြတ်လူသတ်သမားက ခင်ဗျားနံဘေးမှာ တစ်ချိန်လုံး ရှိနေခဲ့တာကိုး၊ ဘာမှမဖြစ်တာပဲ ခင်ဗျား





အတွက် ကံကောင်းတယ်လို့ ဆိုရမှာပဲ၊ အခု လူသတ်သမားကို ဖမ်းမိပြီဆိုတော့ စိုးရိမ်စရာ သိပ်မရှိတော့ပါဘူး"

ဟု ပြောပြီး ရဲကြပ်ကြီးနှင့် ပုလိပ်များက မုတ်ဆိတ်နှင့်လူအလောင်းရော ဦးခေါင်းဖြတ်ထည့်ထားသည့်အိတ်ကိုပါ ကားပေါ် တင်ပြီး ထိုနေရာမှ မောင်းထွက်သွားလေသည်။

နေရာမှာတော့ ဂျက်ဖရီတစ်ယောက်သာ ကျန်ခဲ့လေသည်။ မိုးက တဖွဲဖွဲ ရွာသွန်းနေဆဲပင် ရှိသေးသည်။

ညဉ့်နက်ပိုင်းအချိန် ရောက်လာပြီမို့ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ လူသွားလူလာကလည်း မရှိသလောက် ရှင်းနေသည်။ ဂျက်ဖရီက ပခုံးမှာ လွယ်ယူလာသောအိတ်ကို အောက်ချပြီး ဖြေကြည့်လိုက်သည်။

ဘောလုံးကစားသမားများထံမှ ခိုးယူလာသောနာရီနှင့် အခြားအသုံးအဆောင်များ တွေ့ရသည်။

ဘောလုံးတစ်လုံးလည်း ပါသည်။

ထိုအိတ်က သူ့အိတ်မဟုတ်ပေ။ မုတ်ဆိတ်နှင့်လူ ယူလာသောအိတ်ဖြစ်သည်။ ရဲကားများ ရောက်လာသောအခါ ဘောလင်းကစားရုံအတွင်းမှ ပစ္စည်းများ ခိုးယူလာသောသူခိုးက ကြောက်လန့်တကြားနှင့် ထပြေးသောအခါ ၎င်းအိတ်ကို မေ့ကျန်ခဲ့သည်။ ထိုအခါ ဂျက်ဖရီ သူ၏ဦးခေါင်းဖြတ်ထည့်ထားသောအိတ်ကို လဲပေးလိုက်ခြင်းဖြစ်သည်။

တကယ်တော့ ခေါင်းဖြတ်သမားမှာ ဂျက်ဖရီသာ ဖြစ်ပေသည်။

သူသည် ယခင်က ထိုကဲ့သို့ ရက်စက်တတ်သော လူသတ်သမားတစ်ယောက်တော့ မဟုတ်ပါချေ။

ထူးဆန်းသော ရှေးဟောင်းမှန်တစ်ချက်ကို စိတ်ဝင်တစား ကြည့်မိရာမှ ထိုကဲ့သို့ ထူးထူးခြားခြား ပြောင်းလဲသွားခြင်းဖြစ်ပေသည်။

ဂျက်ဖရီသည် စာသင်ကျောင်းတွင် တာဝန်ယူ၍ သင်ကြားရသောဘာသာမှာ သမိုင်းဘာသာရပ်ဖြစ်သည်။ သူသည် ရှေးဟောင်းစာပေနှင့် ပစ္စည်းများကို ရှာဖွေလေ့လာ စုဆောင်းရသည်ကိုလည်း ဝါသနာပါသည်။

တစ်နေ့သ၌ ပစ္စည်းအဟောင်းများ ရောင်းချသောကျူရီဆိုင်မှ ရှေးဟောင်းမှန်တစ်ချပ် ရခဲ့ပြီးသည့်နောက်တွင် ထူးဆန်းသောအဖြစ်အပျက်များနှင့် ကြုံတွေ့ခဲ့ရပြီး မမျှော်လင့်ဘဲ ယခုလိုဘဝမျိုး ရောက်ခဲ့ရခြင်းဖြစ်သည်။ သူသည် လူတစ်ယောက်ကို သွေးအေးအေးနှင့် သတ်ပြီး ဦးခေါင်းဖြတ်ရသောအလုပ်မျိုးကို မလုပ်လိုပါချေ။

သို့သော်လည်း တစ်စုံတစ်ယောက်၏အမိန့်ပေးခြင်းကို မလွန်ဆန်နိုင်ဘဲ မလုပ်ချင်ဘဲ လုပ်နေရခြင်းဖြစ်သည်။ ယခုတော့ သူ အလွန်နှစ်သက်သော သင်တုန်းဓားသည် လူသတ်ရာတွင် အသုံးပြုရသောလက်နက်ဖြစ်ခဲ့ရသည်။

နောက်ပိုင်းမှာတော့ အိုင်းရစ်မြို့မှ စုံထောက်များကခေါင်းဖြတ်လူသတ်သမား ဂျက်ဖရီကို ခြေရာခံမိသွားကြလေသည်။





ဇင်းသေကာနီးတွင် စကားတစ်ခွန်းတော့ ပြောသွားသည်။

"လူသတ်မှုတွေကို ကျုပ်သဘောနဲ့ ကျူးလွန်ခဲ့ရတာ မဟုတ်ပါဘူးဗျာ၊ တကယ် လူသတ်သမားအစစ်ကား ဟောဟိုမှန်ထဲမှာ ရှိပါတယ်"

ဟု ပြောသွားလေသည်။ ပုလိပ်နှင့်စုံထောက်များကတော့ သေကာနီး သွေးရူးသွေးတန်းနှင့် ပြောသွားခြင်းဖြစ်ကြောင်း မှတ်ချက်ချရုံမက ဂျက်ဖရီကိုလည်း စိတ္တဇ လူသတ်သမားတစ်ဦးဟု သတ်မှတ်ခဲ့ကြလေသည်။





# အခန်း(၅)

# မရဏကြေးမုံနှင့် ထူးဆန်းမှုများ

အခြားအဖြစ်အပျက်တစ်ခုမှာ (၁၉၁၀)ခုနှစ်ဝန်းကျင်က ဘာချက်စတာမြို့၌ ဖြစ်ပွားခဲ့သော အဖြစ်အပျက်ပင်ဖြစ်လေသည်။

ဘာချက်စတာမြို့စား ချားလ်(စ)ဆိုသူမှာ ကောင်းသောဂုဏ်သတင်းနှင့် ပြည့်စုံသူဖြစ်ပြီး ယောက်ျားပီသသည့် ရုပ်ရည်မျိုးလည်း ရှိသည်။ သူ့ဘဝတလျှောက်လုံးမှာ မျိုးရိုးဂုဏ်သိက္ခာနှင့် ပတ်သက်သောအမည်းစက်မျိုး မရှိခဲ့ပေ။

☺ အောင်မြင်စာပေ ☺

သို့သော်လည်း သူ့ဘဝအတွက် ကြီးမားသော အပြောင်းအလဲတစ်ခုနှင့် တွေ့ကြုံရမည့်အကြောင်းတစ်ခု ပေါ်ပေါက်လာခဲ့လေသည်။

ချားလ်(စ)မှာ ဂမ္ဘီရနှင့် ပတ်သက်သည့်ထူးဆန်းမှုများကို စိတ်ဝင်စားသူဖြစ်သည်။ တစ်နေ့တော့ အခြားမြို့မှ မြို့စားတစ်ဦး လက်ဆောင်ပေးသောပစ္စည်းများထဲတွင် ထူးဆန်းသော မှန်တစ်ချပ်လည်း ပါလာလေသည်။

"ချားလ်(စ). . . ခင်ဗျားက ဂမ္ဘီရပညာကို ဝါသနာပါလို့ ဒီမှန်ကို တကူးတက ရှာဖွေပြီး ပို့ပေးလိုက်တာပဲ ဒီမှန်ကို သေသေချာချာ လေ့လာကြည့်တဲ့အခါ ထူးဆန်းအံ့ဩဖွယ်ကောင်းတာတွေကို ခင်ဗျားတွေ့ရလိမ့်မယ်"

ဟုလည်း ပြောသွားသေးသည်။

၎င်းလက်ဆောင်ပေးသွားသော မှန်ချပ်ကြီးမှာ ရှေးဟောင်းမှန်တစ်ချပ်ပင်ဖြစ်၏။

ထိုမှန်ချပ်ကြီး ရောက်လာပြီးသည့်နောက်ပိုင်းမှာ ချားလ်အတွက် ထူးဆန်းသောအဖြစ်အပျက်များကို တစ်ခုပြီးတစ်ခု ကြုံတွေ့ရလေတော့သည်။ ထိုထူးဆန်းမှုများမှာ အခြားမဟုတ်ပဲ လူတစ်ယောက်ပြီးတစ်ယောက် သတ်ဖြတ်လိုစိတ်များ ပေါ်လာလေသည်။ ထိုစိတ်ကြောင့်ပင် လူတစ်ယောက်ပြီးတစ်ယောက်ကို လျှို့ဝှက်စွာ သတ်ဖြတ်ပစ်ခဲ့သည်။

ထိုကဲ့သို့သော သတ်ဖြတ်ရသည့် အကြောင်းရင်းမှာ လူတစ်ယောက် အသက်ထွက်ကာနီးအချိန်တွင် ခံစားနေရမှု





များကို အရသာခံ၍ ကြည့်ရှုလိုသောကြောင့်ဖြစ်သည်။

သူကဲ့သို့သော မြို့စားတစ်ယောက်အဖို့ လူတစ်ယောက်ကို သတ်ဖြတ်ရသောအလုပ်အတွက် ခက်ခဲမှု မရှိလှပေ. . .။ အဘယ်ကြောင့်ဆိုသော် ၎င်းကို နှစ်သက်သဘောကျနေကြသည့် အမျိုးသမီးများမှာ သူ့အတွက် အလွယ်တကူ ရနိုင်သောသားကောင်များ ဖြစ်ခဲ့ကြသည်။

အများအားဖြင့်တော့ ရွှေငွေဂုဏ်ပကာသနကို အရူးအမူး မက်မောကြသည့်အမျိုးသမီးများ ဖြစ်ကြလေသည်။ ယခုလည်း ဘာချက်စတာမြို့စားချားလ်သည် ဒီညအဖို့ သူ့အတွက် သားကောင်တစ်ကောင် ရထားလေပြီ။

အခြားသူ မဟုတ်ပေ။

ထိုမြို့မှ ဂုဏ်သရေရှိ အမျိုးသမီးတစ်ဦးဖြစ်ပြီး ယခုအခါတွင် ချားလ်နှင့်အတူ ဟိုတယ်တစ်ခု၏ သီးသန့်အခန်းတွင်းမှာ ညစာစားသောက်နေသည်၊ သူမ၏အမည်မှာ ဂျူလီယာဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ခန့်သာ ရှိသေးပြီး ရုပ်ရည်ချောမောလှပသူတစ်ဦးဖြစ်လေသည်။

"ကျွန်မတော့ ရှင်နဲ့ အခုလို မိတ်ဆွေဖြစ်ရတာ သိပ်ပြီးဝမ်းသာဂုဏ်ယူမိပါတယ်"

"ကိုယ်လည်း မင်းလို ဂုဏ်သရေရှိတဲ့ လှပချောမောသူတစ်ယောက်နဲ့ ခင်မင်ခွင့်ရတာ ဝမ်းသာပါတယ်"

ဂုဏ်ပကာသနကို ခုံမင်သော ဂျူလီယာမှာ ချားလ်လို

မြို့စားတစ်ယောက်နှင့် ခင်မင်ခွင့်ရသဖြင့် ဝမ်းသာနေလေသည် သို့သော်လည်း သူမအတွက် ဝမ်းသာဂုဏ်ယူခြင်းများမှာ ကြာရှည်စွာ မခံစားလိုက်ရရှာပေ။

နောက်ဆုံးတော့ ထိုအခန်းတွင်းမှာပင် ချားလ်၏ လည်ပင်းညှစ်သတ်ခြင်း ခံရလေသည်။ သူမအနေနှင့် အစွမ်းကုန် ကြိုးစား ရုန်းကန်သော်လည်း အင်အားချင်းမမျှသောကြောင့် ဘယ်လိုမှ မကတ်သာပဲအသက်ပေးလိုက်ရသည်။

သူမအနေနှင့် သေဆုံးကာနီးအချိန်တွင် ချားလ်မျက်နှာကိုမော့ကြည့်ရာ သူမြင်နေကျမျက်နှာမျိုးမဟုတ်ပဲကြောက်မက်ဖွယ်ကောင်းသော မျက်နှာတစ်ခုကို အံ့ဩစွာမြင်တွေ့သွားရလေသည်။ သူမအနေနှင့် ခန္ဓာကိုယ်အတွက်မရှိမဖြစ် ဖြစ်သောကိုယ်တွင်းမှ ဝိညာဉ်ကိုအပြင်သို့ထွက်မသွားစေရန် အစွမ်းကုန်ကြိုးစားသော်လည်း မတတ်သာတော့ပဲ နောက်ဆုံးထွက်ခွာခွင့် ပေးလိုက်ရပြီးနောက် သေဆုံးသွားလေတော့သည်။

ဘာချက်စတာမြို့စား ချားလ်(စ)အတွက်လည်း ထိုညအဖို့ စိတ်ကျေနပ်မှုတစ်ခု ရရှိသွားလေသည်။ သူသည် လူသတ်နေသောအချိန်တွင် အခြားစိတ်တစ်ခုက ကိုယ်တွင်းရောက်နေပြီး အမိန့်ပေးနေသကဲ့သို့ ရှိသော်လည်း လူသတ်ပြီးသွားသောအချိန်မှာတော့ မူလစိတ်အခြေအနေ ပြန်ဖြစ်သွားလေသည်။

သူသည် ကြမ်းပြင်ပေါ်မှာ ခွေခွေကလေး လဲကျနေသော ဂျူလီယာ၏အလောင်းကို စိတ်မကောင်းစွာဖြင့် ငုံ့ကြည့်လိုက်လေသည်။





အသက်မသေခင်အချိန်က အစွမ်းကုန် ခြယ်သ ပြင်ဆင်ထားသော သူမ၏မျက်နှာမှာ ယခုအခါမှာတော့ သေခြင်းတရား၏ဆိုးရွားသောနှိပ်စက်မှုများကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေလေသည်။

"ငါတော့ လူတစ်ယောက်ကို သတ်မိပြန်ပြီ၊ ငါ့ကိုခွင့်လွှတ်ပါတော့ ဂျူလီယာရယ်"

ဟု တိုးတိုးလေး ရေရွတ်ပြီးနောက် အခန်းတွင်းမှာရှိသော ပဝါရှည်တစ်ခုကို ယူပြီး ဂျူလီယာကိုယ်ပေါ်သို့ လွှမ်းခြုံပေးလိုက်သည်။ ပြီးနောက် ၎င်း၏ဦးထုပ်ကို ယူ၍ အခန်းတွင်းမှထွက်ကာ တံခါးပြန်ပိတ်ထားလိုက်သည်။

ထိုအခန်းပေါက်ဝမှ ဟန်မပျက် လျှောက်လာသောအခါ ၎င်းတို့အခန်းဘက်သို့ လျှောက်လာသော ဟိုတယ်ဝန်ထမ်းတစ်ယောက်ကို တွေ့ရသဖြင့် လှမ်းခေါ်လိုက်သည်။ အနားရောက်လာသောအခါ ၎င်းလက်ထဲသို့ ရွှေဒင်္ဂါးတစ်ပြားထည့်ပေးလိုက်သည်။

"ဟိုအခန်းထဲမှာ ငါ့မိတ်ဆွေ အိပ်ပျော်နေလို့ ဒီအတိုင်းသိပ်ထားခဲ့တယ်၊ သူ့ကို ဘယ်သူမှ မနှောက်ယှက်ပါစေနဲ့"

"ကောင်းပါပြီခင်ဗျာ"

ချားလ်(စ)သည် စင်္ကြံလမ်းမှ ခပ်သုတ်သုတ် လျှောက်လာပြီး လှေခါးမှ အောက်သို့ ဆင်းသည်။ အောက်သို့ ရောက်သောအခါ ရှေ့ပေါက်မှ မထွက်ဘဲ အနောက်ဘက်အပေါက်မှ အပြင်သို့ ထွက်လေသည်။ အနောက်ပေါက်မှာ စောင့်နေသူကို

ရွေဒင်္ဂါးတစ်ပြား ပေးလိုက်သောအခါ မိနစ်ပိုင်းအတွင်းမှာ ၎င်း၏မြင်းရထား ရောက်လာအောင် ဆောင်ရွက်ပေးသည်။

၎င်းနောက် ဘာချက်စတာမြို့စား ချားလ်(စ)သည် မြင်းရထားကို ခပ်သွက်သွက် မောင်းနှင်စေပြီ။ ၎င်း၏စံအိမ်ရှိရာသို့ ပြန်ခဲ့လေသည်။

သူသည် မြင်းရထား ပြတင်းပေါက်မှ မြင်နေရသော ပြင်ပရှုခင်းများကို လှမ်းကြည့်နေသော်လည်း စိတ်ဝင်စားခြင်း မရှိပေ။

ယခုကဲ့သို့ သာယာလှပသော ညချမ်းအချိန်မျိုးတွင် လန်ဒန်မြို့အတွင်းသို့ လှည့်လည် လည်ပတ်ဖို့ အကောင်းဆုံး ဖြစ်သည်။ သို့သော်လည်း ချားလ်အဖို့ ထိုလှပမှုများကို ကြည့်ရှု ခံစားနေရန် အချိန်မရတော့ပေ။

ဟိုတယ်အခန်းတစ်ခုထဲမှာ ဂျူလီယာကို သတ်ဖြတ်ထားခဲ့ပြီးနောက်မှာ ထိုပတ်ဝန်းကျင်တစ်ဝိုက်တွင် ကြာကြာ မနေသင့်တော့မှန်း သဘောပေါက်သဖြင့် မိမိနေအိမ်သို့ အမြန်ဆုံး ရောက်ရန်သာ ဆန္ဒစောနေတော့သည်။

မကြာခင်မှာ ဟိုတယ်ဝန်ထမ်းများက သူသတ်ထားခဲ့သည့် ဂျူလီယာ၏အလောင်းကို တွေ့ကြတော့မည်။ ထိုသို့ တွေ့ပြီးသည်နှင့် လန်ဒန်မြို့မှာ ရှိသော စကော့တလန်ယတ် (ခေါ်) စုံထောက်များက သူ့နောက်သို့ ခြေရာခံပြီး လိုက်လာကြမည်မှာ အမှန်ပင်ဖြစ်သည်။ သို့ကြောင့် ယခုအခြေအနေသည် ချားလ် အတွက် အရေးကြီးဆုံးအချိန်သို့ ရောက်ရှိနေပေပြီ။





လန်ဒန်မြို့၏အလှအပများကို ခံစားနေရသည်ထက် မိမိနေအိမ်ကို အမြန်ဆုံး ပြန်ရောက်ဖို့ရန်သာ အရေးကြီးဆုံးကိစ္စ ဖြစ်နေတော့သည်။

ယခုအခါ ချားလ်သည် ပုံမှန်စိတ်အခြေအနေကို ပြန်ရောက်နေပြီဖြစ်သောကြောင့် အတွေးများက ပဲ့တင်ထပ်နေသည်။

"ငါကတော့ မရဏာကြေးမုံရဲ့သားကောင်ဘဝ ရောက်နေပြီ၊ ဘယ်လိုမှ မလွတ်နိုင်တော့ဘူး၊ တကယ်လို့ ဒီအန္တရာယ်ဆိုးက လွတ်မြောက်မယ်ဆိုရင်တောင် ငါကျူးလွန်ခဲ့တဲ့အပြစ်တွေကြောင့် မလွဲမသွေ ကြိုးစင်တက်ရမှာပဲ၊

ငါကတော့ သူ့လက်က မလွတ်တော့မယ့်လူဆိုတော့ မထူးတော့ဘူး၊ နောက်ထပ် ငါ့လို ဒုက္ခရောက်မယ့်လူတွေ မရှိအောင် မရဏာကြေးမုံကို ဖျက်ဆီးပစ်ခဲ့ရမယ်"

ထိုအခိုက်မှာပင် သူထွက်လာသော ဟိုတယ်ဘက်သို့ မောင်းသွားသောရဲကားများကို လှမ်းမြင်ရပြီး ဥဩသံများက လည်း ဆူညံနေသည်။

"အိမ်ကို အမြန်ဆုံး ရောက်အောင်သာ မောင်းပေတော့ ဟေ့"

ဟု ပြောလိုက်ရာ မြင်းရထားမောင်းသူက မြင်းများကို ကြိမ်တို့ပြီး ထို့ထက်မြန်မြန် မောင်းနှင်လေသည်။

ဘာချက်စတာမြို့စား နေထိုင်သော အိမ်ရှေ့ခြံဝန်း ပေါက်ဝ ရောက်သောအခါ တံခါးစောင့်က ခြံဝန်းတံခါး ဖွင့်ပေး

သဖြင့် အတွင်းသို့ မောင်းဝင်သွားသည်။

မြို့စားများ နေထိုင်ရန် ဆောက်လုပ်ပေးထားသည့် ကျောက်ဖြူသားစံအိမ် ရှိရာသို့ ရောက်သည်နှင့် ရထားရပ်လိုက်သည်။

ချားလ်သည် ရထားအရှိန်မသတ်ရသေးခင်မှာပင် အောက်သို့ အလျင်အမြန် ဆင်းကာ အိမ်အတွင်းသို့ ခပ်သုတ်သုတ် ဝင်သွားလေသည်။ အိမ်အတွင်းသို့ ရောက်သောအခါ အိမ်အတွင်းမှ မိခင်ဖြစ်သူ ထွက်လာသည်။ မိခင်၏မျက်နှာပေါ်မှာ စိုးရိမ်သောက ရောက်နေဟန်ရှိသည်။

"သား ချားလ်(စ). . . စောစောက ပုလိပ်တွေ ဖုန်းဆက်"

ချားလ်(စ)က မိခင်ပြောနေသောစကားများကို ဆုံးအောင် နားမထောင်ဘဲ ပြန်ပြောလိုက်သည်။

"ကျွန်တော် အလုပ်ကိစ္စတွေ အရေးကြီးနေလို့ပါ မေမေ၊ တကယ်လို့ ဧည့်သည်တွေ ရောက်လာရင် အောက်ထပ်ကပဲ စောင့်ခိုင်းထားပေးပါ၊ ကျွန်တော်ဆင်းလာခဲ့ပါ့မယ်"

ဟု ပြောပြီး သူနေသောအပေါ်ထပ်သို့ ပြေးတက်သွားလေသည်။ သူ့အခန်းတွင်းမှာတော့ အခြားအသုံးအဆောင်ပစ္စည်းများနှင့်အတူ အခန်းထောင့်တစ်နေရာရှိ စားပွဲပေါ်မှာ တင်ထားသော အရာဝတ္ထုတစ်ခု ရှိနေသည်။

ကတ္တီပါစဖြင့် အုပ်ထားသောမှန်ချပ်ကြီးပင်ဖြစ်သည်။ ချားလ်(စ)က အနက်ရောင် စစ်စေးရည်များနှင့် စုတ်တစ်ချောင်း





ကို ယူလာသည်။

သူသည် မှန်အနီးရောက်သည်နှင့် အပေါ်မှ အုပ်ထားသော ကတ္တီပါစကို ဆွဲဖယ်ပစ်လိုက်သည်။ ထိုအခါ ဘဲဥပုံသဏ္ဌာန် ရှေးဟောင်းမှန်ချပ်ကြီးတစ်ချပ် ပေါ်လာသည်။ ထိုမှန်ချပ်မှာ သာမန်မှန်များကဲ့သို့ အပြင်မှာ အရာဝတ္ထုများ ပေါ်နေခြင်းမရှိဘဲ မီးခိုးငွေ့များကဲ့သို့ ပြာနှမ်းနှမ်းအရောင်များဖြင့် ဝေ့ဝါးလျက်ရှိသည်။

အတန်ကြာတော့ အတွင်းမှ လှုပ်ရှားလာသောဝိုးတဝါး ပုံရိပ်တစ်ခု ပေါ်လာသည်။ ချားလ်(စ)သည် ထိုပုံရိပ်ကို ဂရုစိုက်ကာ ကြည့်မနေတော့ဘဲ စစ်စေးရည်များဖြင့် မှန်ချပ်မျက်နှာပြင်ကို အလျင်အမြန် သုတ်နေလေသည်။

ထိုကဲ့သို့ ပြုလုပ်နေစဉ်မှာ အတွင်းမှ ပေါ်လာသောပုံရိပ်က ပီပြင်လာသည်။ အခြားမဟုတ်ပေ။ လှပသော အမျိုးသမီးတစ်ယောက်၏ ပုံရိပ်ပင်ဖြစ်သည်။ ထိုအမျိုးသမီးက ချားလ်ကို ထိုကဲ့သို့ မပြုလုပ်ရန် တောင်းပန်ပြောဆိုနေဟန်ရှိသည်။

သို့စေကာမူ ချားလ်(စ)ကတော့ လုံးဝဂရုမစိုက်တော့ဘဲ သူလုပ်ရမည့်အလုပ်ကိုသာ အလျင်အမြန် ပြုလုပ်နေလေတော့သည်။

"ငါ မင်းအတွက် စိတ်မကောင်းပါဘူး၊ ဒီလိုလဲ မလုပ်ချင်ပါဘူး၊ ဒါပေမယ့် ဒီလိုမှ မလုပ်ရင် ငါ့လိုပဲ နောက်ထပ် မရဏာကြေးမုံရဲ့သားကောင်တွေ ထပ်တိုးလာမှာစိုးလို့ လုပ်ရတာ

ပါ"

ဟု ပြောနေစဉ်မှာ ပိတ်ထားသော အခန်းတံခါးခေါက်သံ ပေါ်လာသည်။ တစ်ဆက်တည်း ထုရိုက်သံများပါ ပေါ်ထွက်လာသည်။

"သား. . . ချားလ်(စ) တံခါးဖွင့်ပါဦး၊ ဒီမှာ. . ."

မေမေ၏ငိုသံနှင့် ရောထွေးနေသောအသံကို ကြားရသော်လည်း ဂရုမစိုက်ဘဲ မှန်ချပ်မျက်နှာပြင်တစ်ခုလုံးကို အနက်ရောင် စစ်စေးရည်များနှင့် ပြည့်အောင် သုတ်လိုက်လေသည်။

"ဒုန်း. . . ဒုန်း. . . ဒုန်း"

အပြင်မှ တံခါးချက်ကို ဖျက်ဝင်ရန် ကြိုးစားနေကြပြီး မှန်ချပ်တစ်ခုလုံး အနက်ရောင်ဆေးများဖြင့် ပြည့်အောင် အထပ်ထပ် သုတ်ပြီးသောအခါ ချားလ်(စ)မှာ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ပြတင်းပေါက် မှန်တံခါးကို ဖွင့်ပြီး အောက်သို့ ခုန်ချလိုက်လေတော့သည်။

ဘာချက်စတာမြို့စား ချားလ်(စ)၏ဘဝနိဂုံးက မလှပခဲ့ပါချေ။ အထက်ပါအဖြစ်အပျက်အချို့မှာ မရဏကြေးမုံမှန်နှင့် ပတ်သက်သော ထူးဆန်းသည့်အကြောင်းအရာအချို့ပင် ဖြစ်ပေတော့သည်။





# အခန်း(၆)

# ပါမောက္ခသီဟန်နှင့် သဲလွန်စများ

အထက်ပါဖော်ပြချက်များမှာ နှစ်ပေါင်းတစ်ရာကျော် အတွင်းမှာ တစ်နေရာပြီးတစ်နေရာ ဖြစ်ပျက်ခဲ့သော အကြောင်းအရာများဖြစ်ပေသည်။

နောက်ဆုံး ဘာချက်စတာမြို့စား ချားလ်(စ) အနက်ရောင် စစ်စေးရည်များဖြင့် သုတ်ခဲ့သော မရဏကြေးမုံမှန်ကြီးမှာလည်း တစ်နေရာမှတစ်နေရာသို့ ရောက်ကာ ပိုင်ရှင်များလည်း တစ်ဦးပြီးတစ်ဦး ပြောင်းလဲသွားခဲ့ချေသည်။

ထိုမှန်ချပ်ကို ပိုင်ဆိုင်သူတို့မှာ ရှေးဟောင်းပစ္စည်းတစ်ခုအနေနှင့်သာ ဝယ်ယူစုဆောင်းခဲ့ကြသော်လည်း ဘာချက်စတာမြို့စား သုတ်ခဲ့သော ဆေးနက်များကိုတော့ မည်သူကမှ ခွာပစ်ရန် မကြိုးစားခဲ့ကြပေ။

၎င်းတို့အနေနှင့် မည်ကဲ့သို့သောအကြောင်းမျိုးဖြင့် အုပ်ထားသော အနက်ရောင်ဆေးများကိုပင် ရှေးဟောင်းပစ္စည်းတစ်ခုအနေနှင့် တန်ဖိုးထားနေကြဟန်ရှိသည်။

သို့သော်လည်း ထိုမှန်ချပ်ကြီးကို ပိုင်ဆိုင်ခဲ့သောသူမှန်သမျှ ဘေးအန္တရာယ်ဆိုးများ တစ်ခုပြီးတစ်ခုနှင့် တွေ့ပြီး သေကျေပျက်စီးခဲ့ရလေသည်။

သို့ကြောင့် ထိုမရဏကြေးမုံဟု အမည်ဆိုးဖြင့် ထင်ရှားခဲ့သော မှန်ချပ်ကြီးမှ တစ်နေရာပြီးတစ်နေရာသို့ ရောက်သွားခဲ့လေတော့သည်။

ကမ္ဘာအရပ်ရပ်မှာ ရှိကြသော ရှေးဟောင်းသုတေသနပညာရှင်များကတော့ ထိုမှန်ကြီးနောက်သို့ ခြေရာခံကာ လိုက်လံရှာဖွေနေကြသည်။

သို့သော်လည်း မရဏကြေးမုံကတော့ သတင်းအစအနမျှပင် မကြားရတော့ဘဲ ပျောက်ချင်းမလှ ပျောက်သွားခဲ့ရာ (၁၉၆၃)ခုနှစ်သို့ ရောက်ရှိလာခဲ့သည်။

မရဏကြေးမုံနောက်သို့ ခြေရာကောက်ပြီး လိုက်လံရှာဖွေနေသော ပညာရှင်များစွာတို့တွင် မြန်မာနိုင်ငံမှ သုတေသနပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာမင်းထင်ကျော်လည်း





တစ်ဦးအပါအဝင် ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်သည် အီဂျစ်ပြည်မှာ ရှိသော နယ်ခံမိတ်ဆွေတစ်ဦးမှ အကြောင်းကြားသဖြင့် မရဏကြေးမုံနှင့် ပတ်သက်သောအကြောင်းအရာများကို သိရပြီးနောက် စိတ်ဝင်စားမှု ရှိလေသည်။

သို့ကြောင့် နိုင်ငံခြားခရီး အတွေ့အကြုံများသော ဆရာကြီးသူရဇ္ဇနှင့် ကျော်စွာတို့ နှစ်ယောက်နှင့်အတူ ခရီးထွက်ခဲ့ကြသည်။

သူတို့သည် အီဂျစ်မှ နယ်ခံမိတ်ဆွေထံသို့ အရင်ဝင်ရောက်ကာ သတင်းအချက်အလက်များ ရယူလေသည်။

ထိုနောက်မှာတော့ မရဏကြေးမုံမှန် ရောက်ခဲ့ပြီးသော နေရာအတော်များများသို့ လှည့်လည်ကာ သတင်းစုံစမ်းကြသော်လည်း သတင်းမရကြသေးပေ။ လန်ဒန်သို့ ရောက်သောအခါ လွန်ခဲ့သောနှစ်ပေါင်း(၅၀)ကျော်အချိန်ခန့်က ဘာချက်စတာမြို့စားလေး ချားလ်(စ) နေသွားခဲ့သော မြို့စားစံအိမ်သို့ပင် ရောက်သွားခဲ့ကြသေးသည်။

ထိုနေရာမှာလည်း မရဏကြေးမုံမှန်က မရှိတော့ပေ။ သို့သော်လည်း ထိုနေရာမှ သဲလွန်စတစ်ခု ရခဲ့သောကြောင့် လန်ဒန်မြို့မှ ပြင်သစ်ပဲရစ်မြို့သို့ ခရီးဆက်ခဲ့ကြသည်။ သူတို့ ပြင်သစ်ပြည် ပဲရစ်မြို့သို့ ရောက်သောအချိန်မှာ (၁၉၆၃)ခုနိုဝင်ဘာ(၁၅)ရက် (၁၃၂၅ ခု၊ တန်ဆောင်မုန်းလဆုတ် ၁၅ရက်) သောကြာနေ့ပင်ဖြစ်၏။

ထိုမြို့သို့ ရောက်သောအခါ အခြားအဖော်နှစ်ယောက်နှင့် တစ်မြို့လုံးအနှံ့ လှည့်လည်သွားလာကြသည်။ ၎င်းတို့သိချင်သော အချက်အလက်များကိုလည်း မေးမြန်းစုံစမ်းကြရာ . . နောက်ဆုံးမှာတော့ ရှေးဟောင်းသမိုင်းဆိုင်ရာ သုတေသနပစ္စည်းများ ပြခန်းအဆောက်အအုံ ရှိရာသို့ လမ်းညွှန်ပေးလိုက်ကြသည်။

"ခင်ဗျားတို့ သိချင်တာကို အဲဒီနေရာမှာ သွားစုံစမ်းကြည့်ရင် သိရနိုင်တယ်"

သို့ကြောင့် ထိုအဆောက်အအုံ ရှိရာသို့ သွားကြလေသည်။ ရှေးဟောင်းသမိုင်းဆိုင်ရာ သုတေသနပစ္စည်းများထားသောအဆောက်အအုံမှာ သစ်လွင်တောက်ပသော အဆောက်အအုံ မဟုတ်သကဲ့သို့ ခန့်ညားထည်ဝါမှုလည်း မရှိလှပေ။

"ရှေးဟောင်းပစ္စည်းတွေ ထားတဲ့နေရာကလည်း နေရာနဲ့ လိုက်ဖက်လောက်အောင် ဟောင်းနွမ်းလှပါပေတယ်"

ဟု ကျော်စွာက မှတ်ချက်ချသည်။

"ပဲရစ်မြို့မှာ အခြားသစ်လွင်တောက်ပတဲ့နေရာတွေ အများကြီး ရှိတာပဲ၊ ကျုပ်တို့ လိုချင်တဲ့ အချက်အလက်တွေက ဒီနေရာမျိုးမှာမှ ရှိနိုင်မှာပေါ့"

ဆရာကြီးသူရဇ္ဇက ပြောသောအခါ ကျော်စွာက ဘာမှ ပြန်မပြောတော့ပေ။

အဆောက်အအုံမှာ တိုက်ငယ်ကလေးဖြစ်ပြီး ရှေးနှစ်ပေါင်းများစွာက ရှိနေခဲ့ဟန်ဖြင့် အတော့်ကို ဟောင်းနွမ်းလှ





သည်။

ရှေးနှစ်ပေါင်းများစွာကတည်းက ဆောက်လုပ်ခဲ့သောကြောင့်သော်လည်းကောင်း၊ ပတ်ဝန်းကျင် သဘာဝဘေးအန္တရာယ်များ နှိပ်စက်မှုကြောင့် ထိုမျှ ပျက်စီးယိုယွင်းကာ ပုံပျက်ပန်းပျက် ဖြစ်နေခြင်းဖြစ်ပေလိမ့်မည်။

ထို့ပြင် အဆောက်အဦး ရှိသောနေရာမှာလည်း မြို့လယ် အထင်ကရနေရာမျိုး မဟုတ်ဘဲ အသွားအလာ ခက်ခဲပြီး ချောင်ကျလှသောနေရာမျိုးဖြစ်သည်။

ပစ္စည်းအသစ်အဆန်းများကိုသာ စိတ်ဝင်စားကြသူများသည် အသစ်အဆန်း ရောင်းချပြသသောနေရာများသို့သာ သွားကြလေသည်။

ထိုကဲ့သို့ ပစ္စည်းအဟောင်းများ အပျက်အစီးများ ထားသောနေရာမျိုးကို စိတ်လည်းမဝင်စား၊ လာလည်း မလာချင်ကြပေ။ ထိုနေရာမျိုးသို့ တကူးတက လာရောက်ကြသူများမှာ လူနည်းစုသာဖြစ်သည်။ ထိုအထဲတွင် ဒေါက်တာမင်းထင်ကျော်တို့ အပါအဝင်ဖြစ်သည်။

အဆောက်အဦး ရှိသောနေရာမှာ ပဲရစ်မြို့၏ လမ်းမတန်းနေရာမျိုး မဟုတ်ဘဲ မြို့စွန်ဘက်မှာ ရှိသည့် လမ်းသွယ်တစ်ခု၏အဆုံးနေရာလောက်တွင် ရှိလေသည်။ ကားဖြင့် ဝင်ရန် မလွယ်သောကြောင့် ခေါ်လာသောအငှားကားကို လမ်းထိပ်မှာ ရပ်ခိုင်းပြီး အဆောက်အဦး ရှိသောနေရာသို့ ရောက်သည်အထိ ခြေလျင် လျှောက်ပြီးဝင်ကြရသည်။ ပြခန်းရှိသောနေရာမှာ

စိန်းမြစ်နှင့် မဝေးလှချေ။ ထိုနေရာမှ လှမ်းကြည့်လျှင် တသွင်သွင် စီးနေသော စိန်းမြစ်ကို လှမ်းမြင်ရသည်။

နေရောင်ခြည်ကြောင့် မြစ်ရေပြင်မှတဆင့် ဖြာထွက်လာသည့် ငွေရောင်အလင်းများသည် ပြတိုက်၏မှန်တံခါးများသို့ ရောက်လာကာ ထင်ဟပ်နေသည်။

ပြခန်း၏တံခါးပေါက်မှာ တံခါးချပ်များ ရှိသော်လည်း တစ်ခြမ်းဖွင့်၍ ဟထားသည်။ အပေါက်ဝတွင် မည်သူမဆို ဝင်ရောက်လေ့လာနိုင်သည်ဟူသောစာတန်းကို ပြင်သစ်၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ရေးထားလေသည်။

ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်က အတွင်းသို့ ဝင်သွားကြသည်။ အတွင်းမှာ မီးရောင်ရှိသည်ဆိုသော်လည်း အလင်းရောင် အားနည်းလှသည်။

မှန်ပြတင်းများမှတဆင့် ဝင်လာသော အလင်းရောင်များကိုသာ အားပြုနေရဟန်ရှိသည်။ ထိုပြခန်းကို ထိန်းသိမ်းစောင့်ရှောက်ပေးနေသော ပါမောက္ခကြီး၏အမည်မှာ ဟင်နရီသီဟန်ဖြစ်ကြောင်း နောက်တွင် သိရလေသည်။

ပါမောက္ခကြီးမှာ အသက်အရွယ် အိုမင်းလှပြီဖြစ်လေရာ ပြခန်းကို ထိန်းသိမ်းပေးနေရသော တာဝန်ခံတစ်ယောက်ထက် ပြခန်းထဲမှ ရှေးဟောင်းလက်ကျန်ပစ္စည်းတစ်ခုလို ဖြစ်နေတော့သည်။

အသက်အရွယ်ကြီးသော်လည်း သူတာဝန်ယူနေရသည့် အလုပ်အပေါ်မှာ စူးစိုက်မှုတော့ အတော်ကလေး ရှိဟန်





တူသည်။ အလင်းရောင် အားနည်းလှသောအခန်းထဲမှာ စားပွဲတစ်လုံးနောက်မှာ ထိုင်နေသော်လည်း ၎င်းမျက်လုံးများက ကြည်လင်တောက်ပနေဆဲပင် ရှိသေးသည်။

ပါမောက္ခကြီးက ဒေါက်တာမင်းထင်ကျော်တို့ ဝင်လာသည်ကို လှမ်းမြင်သောအခါ စားပွဲနောက်မှာ ကိုင်းကျနေသောကိုယ်ကို မတ်မတ်ပြင်ထိုင်လိုက်သည်။

အခြားနှစ်ယောက်က ဧည့်သည်များ ထိုင်ရန် ချထားသော ထိုင်ခုံများတွင် ဝင်ထိုင်ကြပြီး ဒေါက်တာမင်းထင်ကျော်ကတော့ ၎င်းစားပွဲရှေ့မှာ ချထားသည့်ခုံပေါ်မှာ ဝင်ထိုင်လိုက်သည်။

"ခင်ဗျားက ဘယ်သူလဲ၊ ဘယ်လိုအကြောင်းကိစ္စ ရှိလို့များ ဒီလောက် ချောင်ကျတဲ့နေရာမျိုးကို တကူးတက ရောက်လာတာလဲ"

"ကျွန်တော့်နာမည် ဒေါက်တာမင်းထင်ကျော်လို့ ခေါ်ပါတယ်၊ ကျွန်တော်က မြန်မာပြည်က လာတာပါ"

"အိုး. . . အဝေးကြီးကတောင် လာခဲ့ရတာကိုး၊ ကျုပ်နာမည်က ပါမောက္ခသီဟန် ဖြစ်ပါတယ်၊ ဒီပြခန်းကို ထိန်းသိမ်းပေးနေရတဲ့ လူတစ်ယောက်ဖြစ်ပါတယ်"

"တွေ့ရတာ ဝမ်းသာပါတယ်. . . ကျွန်တော်လာတာ ပါမောက္ခကြီးဆီက သိချင်တာရှိလို့ လာခဲ့တာပါ"

"မေးပါဗျာ. . . ကျုပ်ကလည်း အကြောင်းအရာ အတော်များများကို ဦးနှောက်ထဲမှာ ထည့်ထားရတာ များနေတော့

အခုလို မေးမယ့်သူမျိုးကို မျှော်နေတာဗျ"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော် စိတ်ထဲမှာ ပညာရှင်တစ်ယောက် ပီသသော ပါမောက္ခကြီးကို လေးစားသွားမိလေသည်။

"တခြားတော့ မဟုတ်ပါဘူး၊ မြို့စားကြီး အိုစီရန် အကြောင်းကို သိချင်တာပါ"

"အော်. . . ဒေါက်တာမင်းထင်ကျော်က မြို့စားကြီး အိုစီရန်အကြောင်းကို စိတ်ဝင်စားလို့ လာတာကို၊ မြို့စားကြီး အိုစီရန်ဟာ အီဂျစ်ပြည်သားတစ်ယောက်ပဲ၊ (၁၇၄၃)ခုနှစ်မှာ မွေးပြီး (၁၇၉၅)ခုနှစ်မှာ ကွယ်လွန်ခဲ့တယ်၊ သူက အီဂျစ်မှာသာမကဘဲ ကမ္ဘာအရပ်ရပ်အထိ နာမည်ကျော်ခဲ့တဲ့လူတစ်ယောက်ပဲ၊ ဒါပေမယ့် ကောင်းသောကျော်ကြားချင်းမျိုးတော့ မဟုတ်ပေဘူးပေါ့"

ပါမောက္ခသီဟန်က အလွတ်ကျက်ထားသောစာများကို ရွတ်ဆိုပြနေသကဲ့သို့ အခက်အခဲမရှိ ပြောပြလေသည်။

"ဘယ်လိုများ ပြုလုပ်ခဲ့လို့ မကောင်းတဲ့နာမည်မျိုးနဲ့ ကျော်ကြားခဲ့ရတာလဲ"

"မှတ်တမ်းတွေကတော့ အမျိုးမျိုး ရေးကြတာပေါ့၊ နှစ်ပေါင်းတစ်ရာကျော် နှစ်ရာနီးပါး ကြာပြီဆိုတော့လည်း ဒီလိုပဲ လွဲမှားမှုတွေ ရှိတာ သိပ်တော့ မဆန်းလှပါဘူး၊ အချို့က သူ့ကို မှော်ဆရာတစ်ယောက်လို့ စွပ်စွဲကြတယ်၊ အချို့ကလည်း ပြုစားတတ်တဲ့ အစီအရင်ပညာတွေ တတ်တယ်လို့ ပြောတယ်၊ အဲ. .





အချို့ကတော့လည်း သူ့ကို မျက်လှည့်ဆရာလိုလို လူလိမ်လူညာတစ်ယောက်လို ပြောကြတာတွေ ရှိပါတယ်၊ သူနဲ့ ပတ်သက်ပြီး ထူးခြားဆန်းကြယ်တဲ့ အကြောင်းအရာတွေကတော့ အများကြီး ရှိခဲ့တာပေါ့၊ ဒေါက်တာက ဘယ်လိုအကြောင်းမျိုးတွေကို စိတ်ဝင်စားတာလဲ"

ဟုမေးသည်။

"တခြားတော့ မဟုတ်ပါဘူး၊ ကျွန်တော်က မြို့စားကြီး အိုစီရန်အကြောင်းနဲ့ ပတ်သက်ပြီး စာအုပ်တစ်အုပ် ရေးမယ်လို့ ဆုံးဖြတ်ပြီးတာကြောင့် အခုလို လိုက်ပြီးလေ့လာစုံစမ်းနေတာပါ၊ ဒီက မိတ်ဆွေတစ်ယောက်က လမ်းညွှန်ပေးလိုက်တာပါ. . .၊ ပါမောက္ခကြီးလည်း တစ်ခါက အိုစီရန်အကြောင်းကို သုတေသနစာတမ်းတစ်စောင် ရေးခဲ့ဖူးတယ်လို့ သိရပါတယ်၊ ဒါကြောင့် ပါမောက္ခကြီး လေ့လာခဲ့ပြီးသမျှအကြောင်းတွေကို ကျွန်တော့်ကို အကူအညီပေးစေချင်ပါတယ်"

ထိုသို့ပြောလိုက်သောအခါ ပါမောက္ခသီဟန်က ဆေးဖြည့်ထားပြီးသောဆေးတံကို မီးညှိပြီး ဖွာနေသည်။ လေဝင်လေထွက် နည်းလှသော အခန်းကျဉ်းကလေးထဲတွင် မီးခိုးငွေ့များက လုံးထွေးပြန့်လွင့်နေသည်။

ထိုသို့ ဆေးတံသောက်နေရင်းမှလည်း တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေဟန်ရှိသည်။

ပြီးမှ. . .

"ဒီလိုဆိုရင်တော့ ကျုပ်မှတ်မိသမျှလောက်တော့ အကူ

အညီပေးပါ့မယ်၊ ဒါပေမယ့် ဒေါက်တာ့ကို တစ်ခုတော့ မေးရဦးမယ်"

"မေးပါဗျာ. . . မေးပါ"

"ဒေါက်တာက မြို့စားကြီးရဲ့အကြောင်းကို ဘယ်လို ရှုထောင့်မျိုးဘက်က ကြည့်ပြီး ရေးမှာလဲ၊ သူ့ကို ရာဇဝင်မှာ စာတင်လောက်အောင် နာမည်ကြီးခဲ့တဲ့ လူဆိုးကြီးတစ်ယောက်အနေနဲ့ ရေးမှာလား၊ ဒါမှမဟုတ်. . လူလိမ်လူကောက်တစ်ယောက် အနေနဲ့ ရေးမှာလား၊ ဒါမှမဟုတ် အောင်မြင်ကျော်ကြားတဲ့ မှော်ပညာရှင်တစ်ယောက်အနေနဲ့ ရေးမှာလားဆိုတာတော့ သိချင်တာပေါ့လေ"

ဒေါက်တာမင်းထင်ကျော်က ချက်ချင်းပြန်မဖြေသေးပဲ အတန်ကြာအောင် စဉ်းစားနေလေသည်။ သူ့ဦးခေါင်းပေါ်မှာတော့ ပါမောက္ခကြီး ဖွာနေသော ဆေးတံမှ ထွက်လာသည့် မီးခိုးငွေ့များက ရစ်ဝဲနေသည်။

"အမှန်အတိုင်း ပြောရရင် ကျွန်တော်က ခေတ်မီတဲ့ သိပ္ပံပညာတွေကို လက်ခံသလို ထူးဆန်းအံ့ဩဖွယ်ကောင်းလှတဲ့ ဝိဇ္ဇာပညာလို့ခေါ်တဲ့ ဂမ္ဘီရပညာတွေကိုလည်း ယုံကြည်ပါတယ်၊ တစ်ကမ္ဘာလုံးက လက်ခံထားကြတဲ့ သိပ္ပံပညာဆိုတာ ဝိဇ္ဇာပညာရဲ့ သာမန်အဆင့်လောက်ပဲ ရှိပါတယ်"

"အလို. . . စိတ်ဝင်စားစရာပါပဲလား၊ ဘယ်လိုကြောင့် ဒီစကားမျိုး ပြောနိုင်သလဲဆိုတာ သက်သေတစ်ခုခုလောက် ပြောပါဦး"





ပါမောက္ခကြီးက စိတ်ဝင်စားလာဟန်ဖြင့် ကိုယ်ကို ရှေ့သို့ ကိုင်းလာသည်။

"တခြားတော့ မပြောပါဘူး၊ သိပ္ပံပညာက ကောင်းကင်ပေါ် ပျံဖို့ စက်ကိရိယာတွေ အသုံးပြုရတယ်၊ ဝိဇ္ဇာပညာက စိတ်စွမ်းအင်ကို အသုံးချပြီး သွားလာနိုင်ပါတယ်၊ တစ်နေရာနဲ့ တစ်နေရာကို စက္ကန့်ပိုင်းအတွင်း ရောက်နိုင်ပါတယ်"

"အင်း. . . ဒေါက်တာပြောတာကို လက်ခံပါတယ်၊ အိန္ဒိယယောဂီကြီးတွေနဲ့ တိဗက်လာမားဘုန်းကြီးတွေဟာ ဒေါက်တာ ပြောတဲ့စွမ်းအင်မျိုးတွေ ရှိကြတယ်လို့တော့ သုတေသနစာတမ်း အချို့မှာ တွေ့ရပါတယ်၊ ဒါဖြင့် ဒေါက်တာက မြို့စားကြီး အကြောင်းရေးတဲ့နေရာမှာ ထူးခြားဆန်းကြယ်မှုတွေကို ဦးစားပေးပြီး ရေးမယ်ဆိုပါတော့"

"အမှန်ပါပဲခင်ဗျာ. . . ဒီအကြောင်းတွေကိုပဲ ဦးစားပေးပြီး ရေးမှာပါ၊ ဒါကြောင့် ပါမောက္ခကြီးမှာ စုဆောင်းထားတဲ့ အချက်အလက်တွေများ ရှိရင် သိချင်ပါတယ်"

ပါမောက္ခကြီးက သောက်လက်စ ဆေးတံကို ချပြီး သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"အမှန်အတိုင်း ပြောရရင်တော့ ဒီအကြောင်းတွေကို ကျုပ်လည်း စိတ်ဝင်စားပါတယ်၊ သူ့အကြောင်းတွေကို ရေးလည်း ရေးခဲ့ဖူးပါတယ်၊ တကယ်တော့ မြို့စားကြီးအိုစီရန်ဟာ ထူးဆန်းတဲ့လူတစ်ယောက်ပဲ၊ နှစ်ပေါင်းတစ်ရာကျော် အချိန်ကြာခဲ့ပေမယ့် သူက တစ်နေရာမှာ ရှိနေသေးတယ်"

ဒေါက်တာမင်းထင်ကျော်က ထိုစကားများကို များစွာ စိတ်ဝင်စားမိလေသည်။

"လူတွေက မြို့စားကြီးကို သေဆုံးသွားပြီလို့ ယူဆနေကြပေမယ့် သူ့ရဲ့မူလရုပ်ခန္ဓာပဟောင်းက တစ်နေရာမှာ ရှိနေသေးသလို သူ့ရဲ့ဝိညာဉ်ကလည်း တစ်နေရာမှာ ရှိနေသေးတယ်"

"ဒါ အမှန်ပဲလား ပါမောက္ခကြီး"

"အမှန်ပါပဲ. . . ဒါကြောင့် ဒေါက်တာကို တစ်ခုအကြံပေးချင်တာက သူ့အကြောင်းတွေနဲ့ မပတ်သက်ဘဲ ဝေးဝေးနေတာ အန္တရာယ် အကင်းဆုံးပဲ၊ ဒါကြောင့် သူ့အကြောင်းရေးဖို့ အကြံအစည်ကို လက်လျှော့ပြီး တခြားအကြောင်းကို စဉ်းစားစေချင်တာပါပဲ"

ဟု ပြောသည်။

ထိုအခါ ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"ပါမောက္ခကြီး သူ့အကြောင်း ရေးစဉ်တုန်းက ဘယ်လို အန္တရာယ်မျိုးတွေနဲ့ ကြုံတွေ့ခဲ့ရပါသလဲ"

"အများကြီးပေါ့ဗျာ. . . ပြန်ပြောရင် မယုံနိုင်စရာကောင်းတဲ့ အန္တရာယ် အနှောင့်အယှက်တွေနဲ့ တွေ့ခဲ့ရတာပေါ့။ ဒါကြောင့် အပြီးသတ်အောင် ဆက်မရေးဖြစ်တော့ဘဲ ရေးပြီးသားမှတ်တမ်းတွေကိုတောင် ဖျက်ဆီးပစ်ခဲ့ရတယ်၊ ဒါကြောင့် အခု ဒေါက်တာ လာပြီးအကူအညီတောင်းတဲ့အချိန်မှာ ဘာမှ ပြစရာ မရှိတော့တာမို့ ဝမ်းနည်းပါတယ်"





ဟု တောင်းပန်စကား ဆိုသည်။

"လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာကျော် နှစ်ရာနီးပါး အချိန်လောက်က ကျော်ကြားခဲ့တဲ့ မြို့စားတစ်ယောက်ရဲ့အကြောင်းကို ရေးဖို့ ရှာဖွေတဲ့နေရာမှာတော့ အခက်အခဲတွေကတော့ တွေ့ရမှာပေါ့လေ၊ အန္တရာယ်တွေနဲ့လည်း တွေ့ရလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်၊ တစ်ခုပဲ ရှိပါတယ်၊ ပါမောက္ခကြီးအနေနဲ့ ကျွန်တော့်ကို အကူအညီမပေးနိုင်ဘူးဆိုရင်တောင် အကူအညီရနိုင်မယ့်နေရာ တစ်ခုလောက်တော့ ပြောပြပေးစေချင်ပါတယ်"

ဒေါက်တာမင်းထင်ကျော်စကားကြောင့် ပါမောက္ခသီဟာန်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒေါက်တာတို့ အခုလာတာ လန်ဒန်မြို့က မဟုတ်လား၊ ဒီလိုဆိုရင်တော့ လန်ဒန်မြို့ကို နောက်တစ်ခေါက် ပြန်သွားပါ။ ပြီးရင် ရှေးဟောင်းပစ္စည်းတွေ ရောင်းချတဲ့ ကျူရီဆိုင်တွေမှာ လိုက်ရှာကြည့်ပါ"

"ဘယ်လိုပစ္စည်းမျိုး ရှာဖွေရမှာပါလဲ"

"မြို့စားကြီးအိုစီရန် ပိုင်ဆိုင်အသုံးပြုခဲ့တဲ့ စားပွဲတစ်လုံးပါပဲ၊ စားပွဲမှာ ပန်းကွက်မဖော်ဘဲ ပြောင်လုပ်ထားတယ်၊ အဖုံးမှာ ပတ္တာတပ်ထားတယ်၊ အပေါ်မှာ 'အေ' ဆိုတဲ့ ပန်းစာလုံးကို အသားထွင်းပြီး ပုံဖော်ထားတယ်၊

အဲ့ဒီစားပွဲရဲ့အတွင်းပိုင်းမှာ အံ့ဝှက်တွေလည်း ရှိသေးတယ် အံ့ဝှက်တွေထဲမှာ မြို့စားကြီးရဲ့လျှို့ဝှက်မှတ်တမ်းတွေ ရှိတယ်လို့တော့ သတင်းကြားမိတယ်၊ မြို့စားကြီး မရှိတော့တဲ့

နောက်ပိုင်းမှာတော့ အဲဒီစားပွဲကို ဘာချက်စတာမြို့စား အဆက်အနွယ်တစ်ယောက်က ဝယ်သွားတယ်လို့ ကြားရတယ်"

"ကံကောင်းရင်တော့ အဲဒီစားပွဲရဲ့ အတွင်းအံဝှက်တွေထဲမှာ မြို့စားကြီးရဲ့လျှို့ဝှက်မှတ်တမ်းတွေ ရှိကောင်း ရှိနေနိုင်ပါသေးတယ်"

ဟု ပြောပြလေသည်။

"အခုလို ပြောပြပေးတာ အထူးကျေးဇူးတင်ပါတယ် ပါမောက္ခကြီးခင်ဗျာ"

"ဒါပေမယ့် ကျုပ်အနေနဲ့ ထပ်ပြီးအကြံပေးချင်တာကတော့ မြို့စားကြီးနဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို စိတ်ဝင်စားတာတွေကို ရပ်လိုက်စေချင်တယ်၊ ဘာကြောင့်လဲဆိုတော့ ကောင်းတာတွေထက် မကောင်းတဲ့အတွေ့အကြုံတွေကို မုချတွေ့ရမှာမို့ပဲ"

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်က လက်တွေ့ကြုံရမှ ယုံကြည်မှာဆိုတော့ လေ့လာကြည့်ချင်ပါသေးတယ်"

ထိုစကားကြားသောအခါ ပါမောက္ခသီဟန်က သက်ပြင်း တစ်ချက်ချလိုက်ပြန်သည်။

"အေးလေ. . . စိတ်ဓါတ်တက်ကြွနေတဲ့အချိန် ဆိုတော့လည်း လက်တွေ့မှ ယုံကြည်တယ်ဆိုတာလည်း သဘာဝကျပါတယ်၊ ဒီလို ရှေ့ကိုတိုးဖို့ ဆုံးဖြတ်ထားပြီးသားဆိုရင်တော့ ဒေါက်တာ့အတွက် အကောင်းဆုံး အချက်အလက်တစ်ခုကို





ထပ်ပြောလိုက်ပါ့မယ်"

ဒေါက်တာမင်းထင်ကျော်က ဦးခေါင်းညိတ်ပြကာ စိတ်ဝင်စားသောအမူအရာဖြင့် ရှေ့သို့ ကိုယ်ကို ကိုင်းလိုက်သည်။

"လန်ဒန်ကို မသွားခင် ပြင်သစ်မှာ ရှိတဲ့ စိန့်မာတင်ဘုရားရှိခိုးကျောင်းကို သွားပါ"

"ဘုရားကျောင်း ရောက်တော့. . . "

"ဟိုရောက်တော့ ဘုရားကျောင်းစောင့်ကို တွေ့အောင်ရှာပါ။ သူနဲ့ တွေ့တဲ့အခါ ဖရန်ဒင်္ဂါးဆယ်ပြားလောက်တော့ ပေးလိုက်ပါ၊ ပြီးရင် 'ကုမုဒြာ' ရဲသင်္ချိုင်းဂူကို ကြည့်ပါရစေလို့ ခွင့်တောင်းပါ"

"ကုမုဒြာဆိုတာ မြန်မာနာမည်မျိုးပဲ၊ သူက ဘယ်သူလဲဟင်"

"လောကမှာ နှစ်ယောက်မရှိအောင် ချောမောလှပတဲ့ မိန်းမပျိုတစ်ယောက်ပါပဲ"

"သူ့ရဲ့သင်္ချိုင်းဂူကို ဘာအတွက်များ ကြည့်ရမှာလဲဟင်"

"ဒေါက်တာ စိတ်ဝင်စားနေတဲ့ မြို့စားကြီးအိုစီရန်အကြောင်းကို လေ့လာမယ်ဆိုရင် ကုမုဒြာဆိုတဲ့ မိန်းမပျို အကြောင်းကလည်း မလွဲမသွေ ပါရမှာပဲ၊ ဟိုရောက်လို့ ဘုရားကျောင်းစောင့်နဲ့ တွေ့တဲ့အခါ ကုမုဒြာနဲ့ ပတ်သက်တဲ့အကြောင်းတွေကို ပြောပြပါလိမ့်မယ်"

"ကောင်းပါပြီ ပါမောက္ခကြီး၊ အခုလို ပြောပြပေးတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော် အခုပဲ သွားလိုက်ပါ့မယ်"

ဟု ပြောကာ နေရာမှ ထ၍ ပါမောက္ခသီဟန်အား နှုတ်ဆက်ပြီး အဆောက်အဦးအတွင်းမှ ပြန်ထွက်ခဲ့ကြလေသည်။





# အခန်း(၇)

# ကျောက်တလားအတွင်းမှ ထူးဆန်းသောအလောင်း

ပြင်သစ်တွင် စိန့်မာတင်ဘုရားရှိခိုးကျောင်းကို မသိသော တက္ကစီသမား မရှိသလောက်ဖြစ်ပေရာ အငှားကားတစ်စင်း ငှားသွားရုံနှင့် အချိန်အနည်းငယ်အတွင်းမှာ ဘုရားရှိခိုးကျောင်း ရှိရာသို့ ရောက်သွားကြလေသည်။

ဘုရားကျောင်းစောင့် အဘိုးအိုမှာ အသက်အရွယ်အတော်ကြီးရင့်နေပြီဖြစ်၏။

ဦးခေါင်းပေါ်မှာ ပါးလွှာသောဆံပင်များနှင့်အတူ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးများပင် ဖြူနေပြီဖြစ်၏။

ခါးအနည်းငယ် ကိုင်းပြီး အရေများ တွန့်နေပြီဖြစ်သော်လည်း မျက်လုံးများက ကြည်လင်တောက်ပနေဆဲပင် ရှိသေး၏။ ဒေါက်တာမင်းထင်ကျော်က ဘုရားကျောင်းစောင့်နှင့် တွေ့လိုကြောင်း ပြောသောအခါ ထိုအဘိုးကြီးက. . .

"ဒီဘုရားကျောင်းအစောင့်က ကျုပ်ပါပဲ"

ဟု တုန်ယင်သောအသံဖြင့် ပြောသည်။

"ကျွန်တော်တို့ မြေအောက်သင်္ချိုင်းဂူထဲ ဝင်ကြည့်ချင်လို့ပါ"

"သင်္ချိုင်းဂူဆိုတာ ကွယ်လွန်သွားတဲ့လူတွေ အေးအေးချမ်းချမ်း နေဖို့ လုပ်ပေးထားတဲ့နေရာပဲ၊ ဝင်ချင်တိုင်းဝင်လို့တော့ ဘယ်ရပါမလဲ"

ဒေါက်တာမင်းထင်ကျော်က အသင့်ယူဆောင်သွားသော ဖရန့်ဒင်္ဂါးဆယ်ပြားကို အဘိုးကြီးလက်ထဲသို့ ထည့်ပေးလိုက်လေသည်။

"အပေးအယူဆိုတာ ဘယ်ခေတ်ဘယ်အခါမှ မရိုးနိုင်တဲ့ကိစ္စမျိုးပဲ၊ ပေးတာကို ယူရင်တော့ အလိုရှိတာကိုလည်း ကျုပ်က ဆောင်ရွက်ပေးရမှာပေ့ါ၊ ဒါပေမယ့် သင်္ချိုင်းဂူအတွင်းကိုတော့ သုံးယောက်စလုံး ဝင်ခွင့်မပေးနိုင်ဘူး၊ တစ်ယောက်တော့ ရမယ်. . . ဘယ်သူဝင်မှာလဲ"

"ကျွန်တော်ပဲ ဝင်မှာပါ"





"ကျုပ်နောက်က လိုက်ခဲ့ပါ"

ဟု ပြောပြီး ခေါ်သွားသဖြင့် ဒေါက်တာမင်းထင်ကျော်လည်း နောက်မှ လိုက်သွားလေသည်။

ဘုရားကျောင်းဆောင်ကြီး၏အနောက်ဘက်အခန်းတစ်နေရာသို့ ရောက်သောအခါ သံကွင်းတပ်ထားသောကျောက်ပြားတစ်ချပ်ကို မနိုင်မနင်းဖြင့် ဆွဲမ,နေရာ ဒေါက်တာမင်းထင်ကျော်က ကူပေးလိုက်ရသည်။

ထိုကျောက်ပြားချပ်ကြီး ဖယ်ပစ်လိုက်သောအခါ အောက်သို့ ဆင်းသော ကျောက်လှေခါးထစ်များ တွေ့ရသည်။ အဘိုးကြီးက ဖယောင်းတိုင်ကြီးတစ်တိုင်ကို မီးထွန်းပြီး ကိုင်ကာ ရှေ့မှ ဆင်းသွားသောကြောင့် ဒေါက်တာမင်းထင်ကျော်က နောက်မှ လိုက်သွားသည်။

ကျောက်လှေခါးထစ်များမှာ အစိုဓါတ်များ ရှိနေပြီး ရေညှိများဖြင့် ချောနေသောကြောင့် သတိထားပြီး ဆင်းရလေသည်။

လှေခါးထစ်များ ဆုံးသောအခါ ကျောက်သားများ ခင်းထားသော မြေအောက်လိုဏ်ခေါင်းတစ်ခုအတွင်းသို့ ရောက်သွားလေသည်။

မြေအောက်လိုဏ်ခေါင်းလမ်းတစ်ခုလုံးမှာ မီးရောင်မရှိသောကြောင့် မည်းမှောင်နေသည်။ အဘိုးကြီးလက်ထဲမှာ ကိုင်ထားသော ဖယောင်းတိုင်မီးရောင်ကြောင့်ပင် ပတ်ဝန်းကျင်ကို အတန်အသင့် မြင်ရလေသည်။

သူတို့ပတ်ဝန်းကျင်မှာတော့ ကျောက်သားနံရံများ၊ ပင့်ကူမျှင်များ၊ ရေညှိရေမှော်များဖြင့် ရှုပ်ထွေးနေလေသည်။

လေဝင်လေထွက်နည်းပြီး ရေညှိများ၊ အခြားအနံ့ အသက်များကြောင့် အသက်ရှူမဝသကဲ့သို့ ဖြစ်လာလေသည်။ မြေအောက်လိုဏ်ခေါင်းအတွင်းမှ ရှုခင်းများမှာ သည်းထိတ် ရင်ဖို ရုပ်ရှင်ဇာတ်ကားများတွင် ပြုလုပ်အသုံးပြုသည့် ဆက်တင် များနှင့် ဆင်တူလှသည်။

အတွင်းပိုင်းသို့ ရောက်လာလေလေ ပို၍မှောင်မည်း လာပြီး အသံများကလည်း တိတ်ဆိတ်ငြိမ်သက်သွားလေသည်။ ဘုရားကျောင်းစောင့်အဘိုးကြီး ပြောခဲ့သလို ကွယ်လွန်သူများ အတွက် အေးချမ်းမှု ရှိသောနေရာမှာ ဒီနေရာမျိုး ဖြစ်သည် ဆိုသောစကားမှာ အငြင်းပွားစရာ မရှိတော့ပေ။

မြေအောက်ခန်းအတွင်းပိုင်း ရောက်လာလေလေ အသံများက တိတ်ဆိတ်သွားပြီး ၎င်းတို့ခြေသံများနှင့် ကြွက်များ ပြေးလွှားနေသောအသံများကိုသာ ကြားရတော့သည်။ အနံ့ အသက်များကလည်း မကောင်းလှတော့ပေ။

ညှီစို့စို့ ပုပ်အဲ့အဲ့အနံ့များကြောင့် အသက်ရှူမဝသလို ဖြစ်လသည်။ တစ်နေရာရောက်သောအခါ သူတို့ရှေ့မှ 'ဝေါ ခနဲ ဖြတ်ပြေးသွားသောအသံကြောင့် ရပ်ပေးလိုက်ရသည်။ မီးရောင်ကြောင့် ကြွက်များ အုပ်စုလိုက် ဖြတ်ပြေးသွားကြခြင်း ဖြစ်သည်။

လိုဏ်ခေါင်းလမ်းအတွင်းမှ အတန်ကြာအောင်





လျှောက်လာပြီးသောအခါ ကျောက်သားနံရံများဖြင့် ပြုလုပ် ထားသော ခန်းမဆောင်တစ်ခုအတွင်းသို့ ရောက်ကြလေသည်။

ထိုကျောက်သားခန်းမဆောင်ထဲမှာတော့ အစီအရီ ချ ထားသော ကျောင်းတလားများကို တွေ့ရသည်။ ကျောက်သား ဖြင့် ပြုလုပ်ထားသောခေါင်းများ (ကျောက်တလား)မှာ ခန်းမ အတွင်းမှ အတော်များများ ရှိနေကြသည့် ခန်းမဆောင်မှာ အတော်ကလေး ကျယ်ဝန်းသောကြောင့် အတန်ငယ် လှမ်း သော ခေါင်းများကိုတော့ လှမ်းမမြင်နိုင်တော့ပေ။

"အခု ကျွန်တော်တို့ ရောက်နေတာ ဘယ်နေရာ လောက်မှာ ရောက်နေတာလဲ"

"ပဲရစ်မြို့ရဲ့အောက်ကို ရောက်နေတာပေါ့၊ ဒီနေရာက အသက်ရှိနေသေးတဲ့လူတွေအတွက်တော့ လာသင့်တဲ့နေရာမျိုး မဟုတ်ပေဘူး"

"ကုမုဒြာရဲ့ခေါင်းက ဘယ်နေရာမှာလဲ"

"ဟိုဘက်အစွန်မှာ ရှိပါတယ်၊ အသက်မရှိတဲ့လူတွေက ထလာနိုင်တော့တာ မဟုတ်လို့ အသက်ရှိနေသေးတဲ့ ကျုပ်တို့ ကပဲ သူတို့ ရှိတဲ့နေရာ သွားကြရမှာပေါ့"

သူတို့အတွက်တော့ ထိုကျောက်ခန်းမဆောင်အတွင်း မှာပင် ကိစ္စမပြီးကြပေ။ တစ်နေရာရောက်သောအခါ မြေ အောက်ခန်းတစ်ခုသို့ ဆင်းရမည့် နောက်ထပ်လှေခါးထစ်များ ကို တွေ့ကြရပြန်သည်။

"နောက်ထပ်ဆင်းရဦးမှာလား"

"ဟုတ်တယ်. . . မောင်ရင်တွေ့ချင်တဲ့သူက ဟိုးမြေအောက်ခန်းမှာ ရှိတယ်"

ဒေါက်တာမင်းထင်ကျော်မှာ တော်ရုံအကျပ်အတည်းမျိုး တွေ့ရုံနှင့်တော့ စိတ်ညစ်တတ်သူ မဟုတ်ပေ။

သို့သော်လည်း ယခုရောက်နေသောနေရာမှ နောက်ထပ်မြေအောက်ခန်းတစ်ခုသို့ ဆက်ပြီး ဆင်းရမည်ဆိုသောအခါ စိတ်ညစ်သလို ဖြစ်သွားမိသည်။

အဘယ်ကြောင့်ဆိုသော်. . .

ယခုရောက်နေသောနေရာမှာပင် အသက်ရှူရတာ မဝတဝ ဖြစ်နေရာ နောက်ထပ်ဆင်းရမည့် မြေအောက်ခန်းရောက်ပါက အသက်ရှူ၍ ရမှရပါတော့မလားဟု စိုးရိမ်မိသောကြောင့် ဖြစ်သည်။

သို့သော်လည်း မတတ်သာတော့ပေ။

ရှေ့မှ တလှုပ်လှုပ်နှင့် သွားနေသော အဘိုးကြီးက ကျောက်လှေခါးများမှ ဆင်းသွားပြီဖြစ်သောကြောင့် နောက်မှ ကပျာကယာ ဆင်းလိုက်သွားရလေသည်။ သိပ်ကြာကြာတော့ မဆင်းလိုက်ရပေ။

လေးဘက်လေးတန် ကျောက်သားများ ကာရံထားသည့် နောက်ထပ်မြေအောက်ခန်းတစ်ခုသို့ ရောက်သွားကြလေသည်။

ထိုအခန်းမှာ ပိုမှောင်ပြီး လေဝင်လေထွက်ကလည်း အတော်နည်းသည်။

☺ အောင်မြင်စာပေ ☺



ထိုနေရာမျိုးတွင် ကြာကြာနေ၍မရမှန်း သဘောပေါက်သဖြင့် မိမိလာရင်းကိစ္စ အမြန်ပြီးရန်သာ စိတ်စောနေတော့သည်။

"ကုမုဒြာရဲ့ကျောက်တလားက ဘယ်နေရာမှာလဲ၊ ဒီနေရာက မြန်မြန်ပြန်ထွက်နိုင်လေ ကောင်းလေပဲ"

"ဘာကြောင့်လဲ မောင်ရင်ရဲ့၊ ဆင်းချင်တုန်းကတော့ ဆင်းလာခဲ့ပြီးမှပဲ"

"ဟုတ်ပါတယ်. . . ဒါပေမယ့် အသက်ရှူရတာ ခက်နေလို့ပါ"

အဘိုးကြီးထံမှ တိုးညင်းသောရယ်သံမျိုး ကြားလိုက်ရသည်။

"ဘာမှမစိုးရိမ်ပါနဲ့ မောင်ရင်ရယ်၊ ဆင်းကာစ အလေ့အကျင့် မရှိသေးလို့ ဒီလိုဖြစ်နေတာပါ၊ ကျုပ်ဆိုရင် ဒီမြေအောက်ခန်းထဲကို ဆင်းတာ အခေါက်ပေါင်းကို မရေနိုင်တော့ပါဘူး၊ အခုအချိန်ထိ ဘာမှ အန္တရာယ်မဖြစ်သေးပါဘူး"

ဟု ပြောသောကြောင့် နောက်ထပ်ဘာမှ ဆက်မပြောသာတော့ပေ။ ထိုမြေအောက်ခန်းတွင်းမှာလည်း အခြားကျောက်တလားများက အစီအရီရှိနေသြည်။ ရှေ့မှသွားနေသော အဘိုးကြီးက ထိုကျောက်တလားများကြားမှ ကွေ့ပတ်လျှောက်ကာ အခြားကျောက်တလားများနှင့် မရောဘဲ သီးခြားထားသော အစွန်ဆုံးဘက်တွင် ရှိသည့် ကျောက်တလားတစ်လုံး ရှိရာသို့ ခေါ်သွားလေသည်။

☺ အောင်မြင်စာပေ ☺

"ဒီကျောက်တလားပဲလား"

"ဟုတ်ပါတယ်. . . မောင်ရင်တွေ့ချင်တဲ့ ကုမုဒြာဆိုတဲ့ မိန်းကလေး ဒီကျောက်တလားထဲမှာ ရှိပါတယ်"

"ဘာကြောင့် သူ့ကို သီးခြားထားတာလဲ"

"ကျန်တဲ့အလောင်းတွေကိုတော့ အားလုံးက သေပြီလို့ တညီတညွတ်တည်း သတ်မှတ်ခဲ့ကြတယ်၊ ဒီမိန်းကလေးရဲ့ အလောင်းကတော့ အဲဒီလို မဟုတ်ပြန်ဘူး၊ သေပြီလို့ သတ်မှတ်လို့ မရသေးသလို၊ အသက်ရှင်နေတဲ့လူတစ်ယောက် အနေနဲ့လည်း သတ်မှတ်လို့မရပြန်ဘူး၊ ဒါကြောင့် သူ့ကို တခြား အလောင်းတွေနဲ့ မရောဘဲ သီးခြားထားရတာပါ"

ဟု ပြောပြလေသည်။

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်မှာ စိတ်ဝင်စားသွားလေသည်။

၎င်းကျောက်သေတ္တာ ချထားသောနေရာမှာ ရေများစိုစွတ်နေသည့်အပြင် အနံ့အသက်ကလည်း မကောင်းပေ၊ ထို့ပြင် အေးစိမ့်နေသောအခြေအနေမျိုးလည်း ရှိသည်။ ဒေါက်တာမင်းထင်ကျော်က မီးရောင်ဖြင့် မြင်နေရသည့် ကျောက်တလားများ အခြေအနေကို ကြည့်လိုက်သည်။

အနီးမှာ ရှိနေသော အခြားကျောက်တလားများပေါ်မှာ သေသူ၏အမည်နှင့် ကွယ်လွန်သောရက်စွဲများ ရေးထိုးထားသော်လည်း ကုမုဒြာ၏ကျောက်တလားပေါ်မှာတော့ ဘာမှ ရေးမထားပေ။





ထို့နောက်မှာတော့ အဘိုးကြီးက လက်ထဲမှာ ကိုင်ထားသော ဖယောင်းတိုင်ကို ဒေါက်တာမင်းထင်ကျော်ကို ပေးထားပြီး ကျောက်တလားအဖုံးကို မ,ဖွင့်နေသည်။

သူ့ခွန်အားဖြင့် ဖွင့်နေသောကြောင့် ကျောက်တလားအဖုံးက တအိအိနှင့်သာ ပွင့်နေသည်။

ထိုအချိန်တွင် ဒေါက်တာမင်းထင်ကျော်မှာ စိတ်လှုပ်ရှားနေသဖြင့် အသက်ရှူရန်ပင် မေ့နေသည်။

ကျောက်တလားအဖုံး ပွင့်သွားလျှင် အတွင်းမှာ ဘယ်လိုမြင်ကွင်းမျိုး မြင်တွေ့ရလေမည်လဲ။ ပုပ်ပွနေသောအလောင်းမျိုး မြင်တွေ့ရလေမည်လား၊ ဒါမှမဟုတ် အရိုးကျနေပြီဖြစ်သည့် အလောင်းကိုသာ တွေ့ရလေမလားဟု အမျိုးမျိုး တွေးနေမိသည်။

အဘိုးကြီးကတော့ အနားမှာ သူရှိနေသည်ကို ဂရုမစိုက်ဘဲ ကျောက်တလားအဖုံးကိုသာ အားစိုက်ဖွင့်နေရာ အတန်ကြာသောအခါ အဖုံးပွင့်သွားလေသည်။

"ကဲ. . . မင်းကြည့်ချင်တဲ့ ကုမုဒြာရဲ့အလောင်းကို ကြည့်နိုင်ပါပြီ"

ဟု ပြောသဖြင့် မီးရောင်ကို မြှောက်ပြီးကြည့်လိုက်သည်။ သူမျှော်လင့်ထားသောအရာများ မတွေ့ရဘဲ မမျှော်လင့်သော အရာများကိုသာ တွေ့ရလေသည်။

ကျောက်တလားအတွင်း၌ အရိုးကျနေသော အရိုးစုများ၊ ပုပ်ပွနေသည့်အလောင်းမျိုး မတွေ့ရဘဲ သာမန်ပကတိ

လူတစ်ယောက် အိပ်ပျော်နေဟန်ရှိသော မိန်းမပျိုတစ်ယောက်ကိုသာ တွေ့ရလေသည်။

မိန်းမပျိုမှာ ပက်လက်အနေအထားရှိပြီး သူမ၏ လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်သို့ တင်ထားသည်။ ဆံပင်၊ နဖူး၊ မျက်ခုံး၊ မျက်တောင်၊ နှုတ်ခမ်း စသည်တို့မှာ လောလောဆယ် အိပ်ပျော်ကာစ လူတစ်ယောက်ကဲ့သို့ပင် ရှိသေး၏။

မိန်းမပျို၏မျက်နှာနှင့်အသားအရေမှာ ဆင်စွယ်နှစ်ရောင်ပမာ ဝါဝင်းလျက်ရှိသည်။ အကယ်၍သာ လူသေအလောင်းတစ်လောင်း ဖြစ်ခဲ့ပါက အသားအရောင်နှင့် နှုတ်ခမ်းစသည်တို့မှာ အသွင်ပြောင်းနေရပေမည်။ ယခုတော့ ပကတိအသားအရေအတိုင်း ရှိနေသည်ကတော့ အံ့ဩစရာပင်ဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်က ကျောက်တလားအနီးသို့ကပ်သွားပြီး လက်ထဲမှာ ကိုင်ထားသော ဖယောင်းတိုင်မီးဖြင့် မြှောက်ကြည့်လိုက်လေသည်။

နက်မှောင်ရှည်လျား၍ ပျော့ပျောင်းနူးညံ့သော ဆံပင်ရှည်တို့မှာ သူမ၏ရင်သားအစုံပေါ်သို့ ဖြန့်ဝဲတင်ကျလျက်ရှိနေကြသည်။ ဖြူဝင်းသွယ်လျသောလက်ချောင်းများကလည်း ရင်ပေါ်သို့ ပိုက်တင်ထားသည်။

သူမ၏ကိုယ်ပေါ်မှ အဝတ်အစားများမှာ နူးညံ့ပျော့ပျောင်းလှသောကြောင့် ခန္ဓာကိုယ်အလှမှာ ပေါ်လွင်လျက်ရှိရုံသာမက ဝတ်ဆင်ထားသောအရောင်မှာလည်း အနက်ရောင်ဖြစ်သဖြင့် ဖြူဝင်းသောအသားအရေမှာ ပိုမိုပေါ်လွင်လျက်ရှိ





သည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ တကယ့်လူတစ်ယောက်အလောင်း မဟုတ်ဘဲ ဖယောင်းရုပ်တစ်ခုများ အစားထိုး ထည့်ထားလေရော့သလားဟု သံသယရှိသဖြင့် ဖယောင်းမီးကို မြှောက်ကာ အပေါ်မှ ငုံ့ကြည့်နေစဉ်မှာ လက်ထဲမှာ ကိုင်ထားသော ဖယောင်းမီးမှ ဖယောင်းရည်များက အောက်သို့ ကျသွားသည်။

ကျသွားသော ဖယောင်းစက်ရေမှာ အမျိုးသမီး၏ လက်မောင်းပေါ်သို့ ကျသွားခြင်းဖြစ်သည်။

"အား. . . ပူလိုက်တာရှင်"

ထိုကဲ့သို့ ထအော်လိုက်မည်ဟု စိတ်ထဲမှ ထင်လိုက်မိသော်လည်း အမျိုးသမီးကတော့ ပကတိအခြေအနေအတိုင်း ငြိမ်သက်စွာပင် ရှိနေသည်။

ဒေါက်တာမင်းထင်ကျော်က စိတ်ထဲမှာ အားမလို အားမရ ဖြစ်နေသောကြောင့် သူမ၏မျက်နှာနှင့် နီးနိုင်သမျှနီးအောင် ငုံ့ကြည့်နေသည်။ ထိုကဲ့သို့ ကြည့်နေစဉ်မှာ စိတ်ထင်နေ၍လားမပြောတတ်ပေ။ ပိတ်နေသောမျက်လုံးပဲ ပွင့်လာတော့မယောင် စကားပဲ ပြောတော့မယောင် စိတ်ထဲမှ မျှော်လင့်နေမိသည်။ အချိန်အတော်ကြာသောအခါ နောက်မှာ ရပ်နေသောအဘိုးကြီးက ပြောသည်။

"ဒီလောက်ဆိုရင် ကျေနပ်ရောပေါ့ မောင်ရင်. . . သွားကြရအောင်"

ဟု ပြောမှ သတိပြန်ဝင်လာသလို ဖြစ်သွားသည်။ အဘိုးကြီးက ကျောက်တလားအနီးသို့ တိုးကပ်လာပြီး ဟထားသော အဖုံးကို ခပ်ဖြေးဖြေး ပြန်ပိတ်ချလိုက်သည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ ကျောက်တလားအဖုံးပြန်မပိတ်ခင်အချိန်ကလေးမှာ မိန်းမပျို၏မျက်လုံးများပွင့်လာပြီး သူ့ကို လှမ်းကြည့်လိုက်သည်ဟု ထင်လိုက်မိသည်။

သူစိတ်ထင်နေတာလည်း ဖြစ်ချင်ဖြစ်မည်၊ နောက်တစ်ကြိမ် ထပ်ကြည့်ချင်သော်လည်း အဘိုးကြီးက ခွင့်မပြုတော့ပေ။

"သူ့ရဲ့ဝိညာဉ်ကို ဒီလောက် အနှောင့်အယှက်ပေးရရင် ကျေနပ်ရောပေါ့ မောင်ရင်ရယ်၊ သူ့ခမျာ လူ့ဘဝမှာတုန်းကလည်း ကံမကောင်းခဲ့ဘူး၊ အခု ဝိညာဉ်ဘဝမှာလည်း အနှောင့်အယှက်ပေးတာ ခံနေရရင် ဘယ်တရားပါတော့မလဲ"

ဟု ပြောပြီး . . ဒေါက်တာမင်းထင်ကျော်လက်ထဲမှ ဖယောင်းတိုင်ကို ယူ၍ ရှေ့မှ ထွက်သွားလေရာ ဒေါက်တာမင်းထင်ကျော်အနေနှင့် ထိုနေရာမှာ ဆက်နေလိုသော်လည်း မနေသာတော့ဘဲ နောက်မှ လိုက်သွားရလေသည်။

အကယ်၍ ထိုမြေအောက်ခန်းအတွင်းမှာ တစ်ယောက်တည်း ကျန်ခဲ့လျှင် ထွက်ပေါက်မသိသောကြောင့် အခက်တွေ့ရမည်မှာ အမှန်ပင်ဖြစ်၏။ ဘုရားကျောင်းအတွင်းသို့ ပြန်ရောက်သောအခါမှ ကျောင်းစောင့်အဘိုးကြီးကို ဖရန့်ဒင်္ဂါးအနည်းငယ်ထပ်ပေးပြီး ကုမုဒြာအကြောင်းကို ပြောပြခိုင်းရသည်။

"ကုမုဒြာဆိုတာ သူ့ရဲ့အမည်ရင်းပဲလား"





"သူ့မှာ အခြားအမည် ရှိပါတယ်၊ ဒါပေမယ့် သူ့မိဘတွေက ကြာပန်းလေးလို လှပနေတဲ့ မိန်းကလေးမို့ ကုမုဒြာလို့ အမည်ပေးခဲ့ကြတာပါ၊ သူက လူလည်း လှတယ်၊ နာမည်ကလေးကလည်း လှပါတယ်၊ ဒါပေမယ့် သူ့ရဲ့ဘဝကတော့ မလှခဲ့ပါဘူး"

"ဘယ်လိုကြောင့် အခုလို အဖြစ်မျိုးနဲ့ ကြုံခဲ့ရတာလဲ"

"မြို့စားကြီးအိုစီရန်နဲ့ တွေ့တဲ့အချိန်ကစပြီး ဒီမိန်းကလေးရဲ့ဘဝက အခုလို ကံဆိုးမိုးမှောင်ကျခဲ့တာပါပဲ၊ မြို့စားကြီးက သူ့ကို တွေ့တဲ့အချိန်မှာ သဘောကျ နှစ်သက်မှုဖြစ်ပြီး လက်ထပ်ခွင့် တောင်းခဲ့တယ်၊ ကုမုဒြာက လုံးဝလက်မခံခဲ့ဘူး၊ အဲ့ဒီအချိန်တုန်းက မြို့စားကြီးအိုစီရန်ကို အားလုံးက ကြောက်စရာကောင်းတဲ့ မှော်ဆရာကြီးတစ်ယောက်လို့ပဲ ထင်မှတ်နေကြတော့ သူလည်း ဘယ်လက်ခံဝံ့ပါ့မလဲ"

"ဟုတ်မှာပေါ့"

"တစ်နေ့တော့ ကုမုဒြာရဲ့မွေးနေ့မှာ လှပတဲ့မှန်ချပ်ကြီးတစ်ခု လက်ဆောင်ရောက်လာတယ်၊ ပို့တဲ့သူရဲ့အမည် မပါပေမယ့် မှန်ချပ်ကြီးက ထူးထူးခြားခြား လှပတာကြောင့် ကုမုဒြာက သဘောကျပြီး သူ့ရဲ့အခန်းထဲမှာ ထားတယ်"

ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားစွာ နားထောင်ရင်းနှင့် ခေါင်းညိတ်ပြသည်။

"ညဘက်ရောက်တော့ သူ့အခန်းထဲက စူးစူးဝါးဝါးအော်သံကြားရတာနဲ့ အိမ်သားတွေ တက်ကြည့်တဲ့အခါမှာ အဲဒီ

မှန်ကြီးရဲ့ရှေ့မှာ ခွေခွေကလေး လဲကျနေတာကို တွေ့ကြရတယ်"

"သူ သေသွားတာလား"

"သေသွားတယ်လို့ ပြောဖို့ကလည်း ခက်တယ်၊ ရက်ပေါင်းများစွာ ကြာတဲ့အထိ သူ့ရဲ့ခန္ဓာကိုယ်က ပျက်စီးမသွားဘဲ အခုအတိုင်းပဲ ရှိနေတယ်၊ ဒါပေမယ့် ပြန်ထလာနိုင်သလားဆိုတော့လည်း မထလာနိုင်တော့ဘူး၊ ဆရာဝန်တွေနဲ့ အမျိုးမျိုးစမ်းသပ်ကြည့်တော့လည်း သေနေတာလား ရှင်နေသေးတာလား ဆိုတာကို ဘယ်သူကမှ တိတိကျကျ မပြောနိုင်ကြဘူး. . မထူးဆန်းဘူးလား"

"သိပ်ကို ထူးဆန်းပါပေတယ်"

"လပိုင်းလောက် အချိန်ကြာတဲ့အထိ ကုမုဒြာရဲ့ခန္ဓာကိုယ်ဟာ ပုပ်သိုးပျက်စီးသွားတာမျိုး မဖြစ်ဘဲ အကောင်းပကတိအတိုင်းပဲ ရှိနေပေမယ့် သူမကတော့ ပြန်နိုးမလာတော့ပါဘူး၊

နောက်ဆုံးမှာတော့ သူ့မိဘတွေက မတတ်သာတော့ဘဲ ဘုရားကျောင်းကို အပ်လိုက်ကြရတယ်၊ သူ့ကို ဒီလို သိမ်းသန့်ထားပေးတာကလည်း သင်းအုပ်ဆရာကြီးတွေရဲ့အစီအမံပါပဲ"

ထိုသို့ပြောပြီး ဘုရားကျောင်းစောင့်အဘိုးကြီးက ၎င်း၏စကားကို အဆုံးသတ်လိုက်လေသည်။

"ဒါထက် နောက်ဆုံးသိချင်တာလေး မေးပါရစေ၊ ဟို. . ဟို. . သူလက်ဆောင်ရတဲ့ မှန်ချပ်ကြီးကကော ဘယ်ရောက်သွားပြီလဲဟင်"





"ဒီမှန်ကိုတော့ အားလုံးက မရဏာကြေးမုံလို့ အမည်ပေးထားကြတယ်၊ နောက်ပိုင်းမှာတော့ ဒီမှန်နဲ့ ပတ်သက်ပြီး ထူးထူးဆန်းဆန်းတွေဖြစ်ပြီး အန္တရာယ်ဖြစ်ခဲ့ကြတဲ့လူတွေ အများကြီး ရှိတယ်၊ မရဏာကြေးမုံလည်း အခုဆိုရင် တစ်နေရာရာမှာတော့ ရှိချင်ရှိနေမှာပေါ့"

"ဘယ်လိုအန္တရာယ်မျိုးတွေလဲဗျ. . . ခင်ဗျားသိသလောက် ပြောပြပါဦး"

"တကယ်လို့ မောင်ရင်တို့က ကျုပ်ကို နောက်ထပ်ရွှေဒင်္ဂါးတစ်ရာ ထပ်ပေးမယ်ဆိုရင်တောင် ဒီအကြောင်းကိုတော့ မပြောချင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီမှန်ရဲ့အကြောင်းကို ပြောနေခြင်းဟာ ကိုယ့်သေတွင်း ကိုယ်တူးသလိုမျိုး ဖြစ်နေမှာမို့ ဆက်မပြောပါရစေနဲ့တော့ မောင်ရင်ရယ်"

ဟု ပြောသဖြင့်ဒေါက်တာမင်းထင်ကျော်လည်း နောက်ထပ် ဆက်မမေးသာတော့ပေ။ သူ့စိတ်ထဲမှာတော့ မတင်မကျဖြစ်နေလေသည်။ ထိုမရဏာကြေးမုံဟု အမည်ပေးထားသောမှန်ချပ်မှာ တစ်နေရာ၌ ရှိနေမည်ဟု ခန့်မှန်းမိလေသည်။

သူတို့ ထွက်လာရန် ဟန်ပြင်တော့ အဘိုးကြီးက လှမ်းပြောလေသည်။

"မောင်ရင်က အဲဒီမှန်ချပ်ကို လိုက်ရှာမယ်လို့ စိတ်ကူးနေတယ် ထင်ပါတယ်၊ အဲဒီလိုဆိုရင်တော့ အကြံပေးပါရစေ၊ အဲဒီအကြံအစည်ကို လုံးဝမေ့ပျောက်ပစ်လိုက်ပြီး တခြားအလုပ်လုပ်ဖို့ပါပဲ"

ဒေါက်တာမင်းထင်ကျော်က တစ်ချက်ပြုံးလိုက်လေသည်။

"အခုလို အကြံပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်ရဲ့ အဓိကရည်ရွယ်ချက် ထူးဆန်းတဲ့အကြောင်းအရာတွေကို ရှာဖွေဖို့ပါပဲ"

"ဒါကြောင့် ဗမာပြည်ကတောင် တကူးတက လာခဲ့ရတာပါ။ တကယ်လို့ ထူးဆန်းတဲ့အကြောင်းအရာတွေရှိရင် လမ်းညွှန်ပေးပါဦး"

အဘိုးကြီးက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း. . . မောင်ရင်ရဲ့ပုံပန်းသဏ္ဌာန် ကြည့်ရုံနဲ့တော့ ဘယ်ကိစ္စမဆို လွယ်လွယ်နဲ့ အလျှော့ပေးမယ့်လူစားမျိုး မဟုတ်မှန်းတော့ အကဲခတ်မိပါတယ်၊ ဒီလိုဆိုရင်တော့ ကျုပ်သိသမျှ လမ်းညွှန်ပေးလိုက်ပါမယ်"

ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားသွားလေသည်။

"မောင်ရင် ဒီအကြောင်းတွေကို ထပ်ပြီးရှာချင်သေးတယ်ဆိုရင်တော့ အီဂျစ်ကို ပြန်သွားရလိမ့်မယ်၊ အီဂျစ်မှာ ကုမ္ဗြာဆိုတဲ့မိန်းကလေးရဲ့ မိဘတွေဆွေမျိုးတွေ ရှိတယ်၊ အရင်က သူတို့က ပြင်သစ်မှာ နေကြတာ ဖြစ်ပေမယ့် သူ့သမီး သေဆုံးသွားခဲ့ပြီးတဲ့နောက်မှာ အီဂျစ်ကို ပြန်သွားခဲ့ကြတယ်၊ သူတို့နဲ့ တွေ့ရင်တော့ မောင်ရင်သိချင်တဲ့ မရဏကြေးမုံအကြောင်းရော အခြားထူးဆန်းတဲ့အကြောင်းတွေပါ သိရနိုင်ပါတယ်၊ မောင်ရင့်





အတွက် ကံကောင်းပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်"

ဒေါက်တာမင်းထင်ကျော်က ကျေးဇူးတင်ကြောင်း ပြောပြီး ဘုရားကျောင်းစောင့်အဘိုးကြီးကို နှုတ်ဆက်ပြီး ဘုရားကျောင်းအတွင်းမှ ပြန်ထွက်ခဲ့ကြလေသည်။





# အခန်း(၈)

# လိပ်ပြာဝိညာဉ်အကျဉ်းသား

အီဂျစ်သည် ဒေါက်တာမင်းထင်ကျော်တို့အတွက် တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသေးသည့်နေရာတစ်ခုတော့ မဟုတ်ပါ။ ဂန္ဓာရီပညာများနှင့် ပတ်သက်လာလျှင် အီဂျစ်သည် အချက်အချာကျသည့် နေရာတစ်ခုဖြစ်သောကြောင့် အကြောင်းတိုက်ဆိုင်လာပါက လာရောက်ကြရလေသည်။

ယခုလည်း ဒေါက်တာမင်းထင်ကျော်၊ ဆရာကြီးသူရဇ္ဇနှင့် ကျော်စွာတို့မှာ အီဂျစ်သို့ ရောက်နေကြသည်။ သူတို့သည်

ကိုင်ရိုမြို့မှာ ရှိသည့် သင့်တော်သော တည်းခိုခန်းအတွင်းမှာ တည်းခိုနေကြလေသည်။ ရောက်စနေ့ ဖြစ်သောကြောင့် အခြားနေရာများသို့ မသွားသေးဘဲ အခန်းထဲမှာ နေကြရင်း ၎င်းတို့ကြုံခဲ့ရသောအကြောင်းများကို ပြောဆိုနေကြလေသည်။

"မောင်ထင်ကျော် ပြောပုံအရဆိုရင် စိန့်မာတင် ဘုရားကျောင်းအောက်က သင်္ချိုင်းဂူထဲမှာ ရောက်နေတဲ့ ကုမုဒြာဆိုတဲ့ မိန်းကလေးဟာ သနားစရာပေါ့နော်"

ဒေါက်တာမင်းထင်ကျော်က စီးကရက်ဖွာရင်း ခေါင်းညိတ်ပြလိုက်သည်။

"ဒါဖြင့် ဒီမိန်းကလေးက အသက်ရှင်နေတဲ့သူ မဟုတ်သလို သေနေတဲ့လူတစ်ယောက်အနေနဲ့လည်း သတ်မှတ်လို့ မရပြန်ဘူး၊ အဲ့ဒါ ဘယ်လိုသဘောမျိုးလဲ ဆရာကြီး"

ဟု ကျော်စွာက ဝင်မေးလိုက်သည်။

"သူ့ကိုယ်ထဲမှာ ဝိညာဉ်လို့ ခေါ်တဲ့လိပ်ပြာ အပြင်ရောက်နေလို့ မရှိဘူး၊ လိပ်ပြာမရှိတဲ့ခန္ဓာကိုယ်ဟာ ဒီအတိုင်းပဲနေရမှာပဲ၊ အင်ဂျင်စက်ဖြုတ်ထားတဲ့ မော်တော်ကားတစ်စင်းလိုပဲ မလှုပ်မယှက်နဲ့ ငြိမ်သက်နေရတာပေါ့"

ဆရာကြီးသူရဗ္ဗက ရှင်းပြသည်။

"အသက်လို့ ခေါ်တဲ့ ဝိညာဉ်မရှိတော့ရင် သေတာပဲ မဟုတ်လား ဆရာကြီး၊ သေတဲ့လူတစ်ယောက်ရဲ့ ကိုယ်ခန္ဓာဟာ မပျက်စီးဘဲ အကြာကြီး ထားလို့ရသလား"

"အီဂျစ်မှာ ထွန်းကားခဲ့တဲ့ မှော်ပညာတွေဟာ ဆန်းကြယ်လှတယ်၊ သူတို့ဆီမှာ ရေထုံ မီးထုံကူးပြီး အောင်မြင်ပြီးတဲ့လူတွေဟာ လိပ်ပြာလွှင့်ခြင်း၊ ထိန်းချုပ်နိုင်တဲ့ပညာတွေကို တတ်ကျွမ်းကြတယ်၊ အိန္ဒိယ ယောဂီကြီးတွေလည်း လိပ်ပြာလွှင့်ခြင်း အတတ်ပညာကို တတ်ကျွမ်းကြတယ်၊ အယူအဆနှင့်အခေါ်အဝေါ် မတူပေမယ့် သဘောကတော့ အတူတူပဲ၊ ဘာကြောင့်လဲဆိုတော့ ဒီပညာတွေက အတ္တလန်တိယံ ဂန္ဓာရီပညာရှင်တွေကတစ်ဆင့် ပြန့်ပွားလာတဲ့ပညာတွေဖြစ်လို့ပဲ"

"ဟုတ်ကဲ့"

"လွန်ခဲ့တဲ့နှစ်ပေါင်းသုံးသိန်းခန့်က အတ္တလန်တစ်တိုက်ကြီး ရေလွှမ်းမိုးပြီး ရေအောက်ရောက်သွားတဲ့အခါ အတ္တလန်တိယံ မဟာဂန္ဓာရီပညာရှင်တွေဟာ သူတို့ရဲ့နောက်ပါတပည့်တွေကို ခေါ်ပြီး ရေဘေးလွတ်ရာကို ထွက်လာခဲ့ကြတယ်"

"ဟုတ်ကဲ့"

"ခရစ်ယာန်တွေရဲ့သမ္မာကျမ်းစာအရဆိုရင်တော့ ရေလွှမ်းမိုးတော့မှာကို ကြိုတင်သိတဲ့ မဟာဂန္ဓာရီပညာရှင် နိုအာဆိုတဲ့ပုဂ္ဂိုလ်ဟာ နောက်ပါတပည့်တွေကိုပါ ခေါ်ပြီး သင်္ဘောတစ်စီးနဲ့ ထွက်လာပြီး ရေလွှမ်းမိုးခြင်းကင်းတဲ့ ကုန်းမြေကို ရှာဖွေကြရင်းနဲ့ အီဂျစ်ကို ရောက်လာတယ်"

"ဟုတ်ပါတယ်"

"အီဂျစ်ဟာ မဟာဂန္ဓာရီတွေ အစောဆုံး ရောက်ခဲ့တဲ့နေရာဖြစ်ပြီး မဟာဂန္ဓာရီပညာ အစောဆုံး ပြန့်ပွားခဲ့တဲ့ ပင်မ

ဇစ်မြစ်နေရာဆိုလည်း မမှားဘူး”

“မှန်ပါတယ် ဆရာကြီး၊ မဟာဂန္ဓာရီပညာရှင်တွေရဲ့ ထုံကူးတယ်ဆိုတာ ဘယ်လိုမျိုးပါလဲ”

“ထုံကူးတယ်ဆိုတာကတော့ မြန်မာအယူအဆနဲ့ ပြောရရင် ဝိပဿနာတရားအားထုတ်တာ၊ တရားရှုမှတ်တာတွေနဲ့ သဘောတူတယ်”

အီဂျစ်မှ မဟာဂန္ဓာရီပညာရှင်တို့၏ ရေထုံ၊ မီးထုံကူးခြင်း၏သဘောများမှာ. . .

လူ၏ရုပ်နာမ်ဖွဲ့စည်းပုံနှင့် ဝိညာဉ်အကြောင်းများ၊ ဝိညာဉ်နှင့် ပတ်သက်သည့်သဘာဝအကြောင်းများ၊ ခန္ဓာ(၇)ပါးအနက် အဆင့်မြင့်ဆုံးဝိညာဉ်မှတပါး အခြားခန္ဓာများဖြင့် ဘုံစဉ်အဆင့်ဆင့် တက်သောအခါ ပြုလုပ်ဆောင်ရွက်ရမည့်နည်းလမ်းများ၊ လူသည် ရုပ်ခန္ဓာကို စွန့်လွှတ်ပြီး သေဆုံးသောအခါ လိပ်ပြာခန္ဓာအဖြစ် အခြားဘုံသို့ ကူးပြောင်းရပုံ၊ သစ္စာရောင်ခြည်နှင့် မတွေ့ရမချင်း (ဗုဒ္ဓဘာသာ အယူအဆကတော့ နိဗ္ဗာန်မဂ်ဖိုလ်တရား) သံသရာလည်ကြရပုံ၊ သစ္စာရောင်ခြည်နှင့် တွေ့သောအခါမှ မည်သည့်ရုပ်ခန္ဓာကိုယ်မှ အမှီပြုစရာ မလိုတော့ဘဲ မိမိဝိညာဉ်ကို မဟာအလင်းဓါတ်ဖြင့် ပေါင်းစည်းနိုင်ရန် ကျင့်ကြံအားထုတ်ရခြင်းများ ဖြစ်သည်။”

“အမှန်တော့ မဟာဂန္ဓာရီပညာရှင်တွေရဲ့ ထုံကူးတယ်ဆိုတာ ဗုဒ္ဓဘာသာဝင်တွေရဲ့ ဝိပဿနာ အားထုတ်တာနဲ့ သဘောချင်း အတော်ကလေး တူပါတယ်”





“ဒီလိုဖြင့် နောက်တစ်ကြိမ် ခန္ဓာဝန် မထမ်းရအောင် ကြိုးစားအားထုတ်ရခြင်းတော့ အတူတူပဲ ဖြစ်မှာပေါ့၊ လိပ်ပြာလွှင့်တဲ့ပညာကိုလည်း ပြောပြပါဦး ဆရာကြီး”

ကျော်စွာက မေးသဖြင့် ဆရာကြီးသူရဇ္ဇက အောက်ပါအတိုင်း ပြောပြလေသည်။

မဟာဂန္ဓာရီပညာရှင်များ ထုံကူးခြင်းမှာ ရေထုံ၊ မီးထုံ၊ မရဏာထုံဟူ၍ သုံးမျိုးရှိသည်။ (ရေကသိုဏ်း၊ မီးကသိုဏ်း၊ မြေကသိုဏ်းဟူ၍လည်း အချို့က ခေါ်ဝေါ်သုံးစွဲကြသည်) ရေထုံ၊ မီးထုံ၊ မရဏာထုံ ကူးပြီးသောအခါ ၎င်းတို့အနေနှင့် ထွက်ရပ်ပေါက်သောအဆင့်ဟု သတ်မှတ်ကြသည်။

မရဏာထုံကူးသောအဆင့်တွင် ရုပ်ခန္ဓာမှ ဝိညာဉ်ဟုခေါ်သည့် လိပ်ပြာခန္ဓာ ခွဲထွက်နိုင်အောင် လေ့ကျင့်ရပေသည်။ လိပ်ပြာလွှင့်ခြင်းပညာမှာ စက်ကိရိယာ မပါဘဲ မိမိသွားလိုသောနေရာသို့ အလွယ်တကူ သွားရောက်နိုင်ရန် လေ့ကျင့်ရသောပညာဖြစ်သည်။ ရုပ်ခန္ဓာနှင့်လိပ်ပြာခန္ဓာကို ဂန္ဓာရီပညာရှင်များက မိတ္တူ(ကိုယ်ပွားခန္ဓာ)များဟု သတ်မှတ်ကြသည်။

ရုပ်ခန္ဓာသည် ရုပ်လောကတွင် နေထိုင်ကျက်စားသွားနိုင်သကဲ့သို့ ပရလောကတွင်မူ လိပ်ပြာခန္ဓာနှင့် ကျက်စားသွားလာနိုင်ပေ၏။ ရုပ်ပြောင်းနာမ်ခွာပညာမှာ စင်စစ်အားဖြင့် ရုပ်ခန္ဓာကို ထားခဲ့ပြီး လိပ်ပြာခန္ဓာဖြင့် ပရလောကသို့ ဝင်ရောက်ကျက်စားနိုင်သည့်အတတ်ပညာမျိုးဖြစ်၏။

ထိုပညာသည် ရုပ်ခန္ဓာကို ထားခဲ့ပြီး နာမ်ခန္ဓာ. . .

တစ်နည်းပြောရလျှင် လိပ်ပြာခန္ဓာချည်း ခွဲထွက်နိုင်အောင် လေ့ကျင့်ရသော ပညာပင်ဖြစ်ပေသည်။ အောက်လမ်းပညာများ၌ မူးယစ်ဆေးဝါး အသုံးပြု၍သော်လည်းကောင်း၊ မန္တန်ဖြင့်သော်လည်းကောင်း၊ အာရုံကြော(မေ့ကြော)ကို နှိပ်၍သော်လည်းကောင်း၊ သမာဓိစွမ်းအားကို အသုံးပြုလျက် စိတ်ညှို့ပညာကို အသုံးချ၍သော်လည်းကောင်း ဆောင်ရွက်ကြသည်။

အထက်ထွက်ရပ်လမ်းပညာမှာတော့ သမာဓိ စွမ်းအားကို စေစားသောနည်းကိုသာ အသုံးပြုကြသည်။ လိပ်ပြာခန္ဓာခွဲထွက်သောအခါ မည်သည့်ခန္ဓာကိုယ်အစိတ်ပိုင်းမှ ခွာထွက်ရမည်၊ ယင်းခန္ဓာကိုယ်အစိတ်အပိုင်းရှိ ချက္ကရများကို လိပ်ပြာခန္ဓာ ခွာရန်အတွက် အသင့်ဖြစ်အောင် မည်သို့လေ့ကျင့်ထားရမည်။

ခန္ဓာကိုယ်မှာ လိပ်ပြာခန္ဓာ ခွာထွက်သောအချိန်နှင့် ပြန်ဝင်လာသောအချိန်တွင် မည်သို့အရှိန်ရမည်၊ အရှိန်သတ်ရမည် စသောလေ့ကျင့်မှုများကို လေ့ကျင့်သင်ကြားကြရသည်။ တဖန် ပရလောကအတွင်းသို့ လိပ်ပြာခန္ဓာ ဝင်ရောက်သွားသောအခါ တကယ် ရုပ်လောကနှင့် ပရလောကကို မည်သို့ခွဲခြားရမည်ကိုလည်း အထူးသတိထားရမည်။

ပရလောကထဲတွင် တွေ့ရမည့်အခြေအနေများ၊ အန္တရာယ်အခက်များကို မည်သို့မည်ပုံ တိမ်းရှောင်ရမည်၊ လွတ်မြောက်အောင် ထွက်ခွာရမည်ကိုပါ နားလည်သိရှိအောင် လေ့ကျင့်ထားရသည်။





ဥပမာ လေးဘက်လေးတန် မှန်ချပ်ကြီးများဖြင့် အလုံပိတ်ထားသောအခန်း၊ သို့မဟုတ် အခြားထွက်ပေါက်မရှိသောနေရာ အကျဉ်းအကြပ်အတွင်းသို့ ရောက်သွားပါက လိပ်ပြာခန္ဓာ မည်ကဲ့သို့ ထွက်ရမည်၊ ဆီးနှင်းမှုန်တိုင်းများ၊ လျှပ်စီးများနှင့် တွေ့သောအခါ မည်သို့မည်ပုံ တိမ်းရှောင်ရမည်ကိုပါ လေ့ကျင့်သင်ကြားထားရမည်။

ပရလောကသို့ ရောက်သွားသောအခါ ရုပ်ခန္ဓာမှ သိရှိနိုင်သည့် ဦးနှောက်စွမ်းအားဖြင့် မလုံလောက်တော့ပေ။ ပရလောက၏ အစွမ်းထက်လှသည့် အလင်းဓါတ်များအကြောင်း၊ အသံလှိုင်းတို့၏စွမ်းအင်တို့ကို သိရှိစေရန်နှင့် ၎င်းစွမ်းအင်တို့ကို မည်သို့မည်ပုံ အသုံးချရမည်များကိုပါ သိရှိလေ့လာထားရမည်။

အများအားဖြင့်တော့ ရုပ်ခန္ဓာနှင့်လိပ်ပြာခန္ဓာတို့မှာ နှစ်ကိုယ့်တစ်စိတ်ကဲ့သို့ ပူးတွဲနေလေ့ရှိကြသော်လည်း အိပ်ပျော်နေသောအချိန်နှင့် သေဆုံးသွားသောအချိန်တွင် ကွဲကွာနေကြသည်။

အိပ်ပျော်နေစဉ် ထွက်ခွာသွားသော လိပ်ပြာခန္ဓာနှင့် ရုပ်ခန္ဓာတို့သည် ငွေကြိုး ခေါ် (အချို့ကလည်း ဝိညာဉ်ကြိုးဟု ရေးသားကြသည်) အလင်းဓါတ်ကြိုးဖြင့် ဆက်သွယ်ထားပြီး ပြန်နိုးလာသောအခါတွင် လိပ်ပြာခန္ဓာသည် ယင်းအလင်းဓါတ်ကြိုးအတိုင်း ခန္ဓာကိုယ်အတွင်းသို့ ပြန်ဝင်လာသည်။

သေသွားသောအခါ အလင်းဓါတ်ကြိုး ပြတ်သွားသောကြောင့် လိပ်ပြာခန္ဓာဟု ခေါ်သော ဝိညာဉ်မှာ ရုပ်ခန္ဓာအတွင်း

သို့ ပြန်မဝင်နိုင်တော့ပေ။ အိပ်ပျော်နေသော အချိန်မှာ ခန္ဓာ ကိုယ်၌ အလင်းခါတ် ရှိနေပြီး သေဆုံးသွားသောအခါ ထို အလင်းဓါတ်မှာ ပျောက်ကွယ်သွားလေတော့သည်။

လိပ်ပြာခန္ဓာ အပြီးထွက်သွားခြင်းကို 'မရဏသေခြင်း' ဟု သတ်မှတ်ကြသည်။

"အမှန်တော့ မရဏ ထုံကူးတယ်ဆိုတာ တနည်းအား ဖြင့်တော့ သေခြင်းတရားအကြောင်းကို ကြိုတင်သိအောင် လေ့လာခြင်းတစ်မျိုးဖြစ်သလို ရုပ်ခန္ဓာထဲမှ လိပ်ပြာခန္ဓာ ထွက် ခွာနေတယ်ဆိုတာလည်း သေခြင်းတစ်မျိုးပါပဲ"

ဆရာကြီးသူရဋ္ဌက ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက် သဘောပေါက်စေရန် အကျဉ်းချုပ်က ပြောပြလိုက်လေသည်။

"ဒါဖြင့် ကုမုဒြာဆိုတဲ့အမျိုးသမီးကို သေတဲ့စာရင်းထဲ ထည့်ရမှာလား၊ အိပ်ပျော်နေတဲ့စာရင်းထဲမှာ ထည့်ရမှာလား ဆရာကြီး"

"သူ့ရဲ့ရုပ်ခန္ဓာ မပျက်စီးသရွေ့တော့ သူ့ကို သေလူ အဖြစ် သတ်မှတ်လို့မရသေးဘူး၊ သူ့ရဲ့ခန္ဓာကိုယ်မှာ ဝိညာဉ်ကြိုး မရှိတော့ဘူးဆိုတာလည်း တန်ခိုးရှင်တွေမှလွဲပြီး ဘယ်သူမှ မသိ နိုင်ဘူး"

"ဒါဖြင့် တစ်နေ့နေ့မှာတော့ သူ အသက်ပြန်ရှင်လာနိုင် သေးတယ်ပေါ့"

"ဒါကတော့ ကံစီမံရာအတိုင်းပေါ့လေ၊ တကယ်လို့





သူ့ရဲ့ရုပ်ခန္ဓာနဲ့ ဝိညာဉ်ခန္ဓာကို ဆက်သွယ်ပေးထားတဲ့ အလင်း ဓါတ်ကြိုး ရှိနေသေးတယ်ဆိုရင်တော့ သူ့အနေနှင့် လူ့လောက ကို တစ်ကျော့ပြန်ဝင်ခွင့် ရချင်ရဦးမှာပေ့ါလေ"

ဟု ပြောပြလေသည်။

ထိုနေ့က စကားဝိုင်းသိမ်းပြီး မိမိတို့အတွက် ယူထား သောအခန်းများထဲသို့ ပြန်ရောက်သည့်တိုင် ဒေါက်တာ မင်း ထင်ကျော်မှာ ကုမုဒြာဆိုသောအမျိုးသမီးကို သတိရနေသည်။ သူမ၏ချောမောလှပသော မျက်နှာလေးကို မြင်ယောင်မိလေ သည်။

သူမ၏မျက်နှာလေးမှာ ဓါတ်ပုံရိုက်ထားသကဲ့သို့ စိတ်ထဲမှာ စွဲထင်နေသည်။

"ဆရာကြီးပြောသလို ကုမုဒြာဆိုတဲ့မိန်းကလေး ကံ ကောင်းပါစေ၊ တစ်ချိန်ကျရင် သူ့ရဲ့လိပ်ပြာဝိညာဉ် ပြန်ဝင်လာ ပြီး အသက်ပြန်ရှင်ခွင့် ရနိုင်ပါစေ"

စိတ်ထဲမှ ဆုတောင်းနေမိလေသည်။

ထိုနေ့ညက ဘယ်မှမထွက်ကြတော့ဘဲ . ညစာ စား သောက်ပြီးနောက် စောစောပင် အိပ်ရာဝင်ကြလေသည်။ ဒေါက်တာမင်းထင်ကျော်အနေနှင့် ညဉ့်ဦးပိုင်းအချိန်အထိ တစ်ချိန်လုံး ကုမုဒြာအကြောင်းကိုသာ တွေးတောနေသော ကြောင့် ကောင်းစွာအိပ်မပျော်ချေ။

အတော်ညဉ့်နက်တော့မှပဲ မှေးခနဲ အိပ်ပျော်သွား သည်။ အိပ်ပျော်ကာစအချိန်မှာပင် အဝေးဆီမှ ခေါ်သံလိုလို

ကြားရသည်။

အသေအချာ နားစွင့်ကြည့်တော့လည်း မည်သူ့ကို ခေါ်နေမှန်း မသေချာပေ။

အတန်ကြာသောအခါ ခေါ်သံလိုလို အော်သံလိုလို အသံက တဖြည်းဖြည်းနှင့် နီးလာသည်။ အသံကြားရာသို့ ကြည့်လိုက်သောအခါ ပတ်ဝန်းကျင်မှာ မြူခိုးငွေ့များ ဝေ့ဆိုင်းနေသည်ကို တွေ့ရလေသည်။ ကြားနေရသောအသံများက ထိုမြူခိုးငွေ့များအတွင်းမှ လာနေခြင်းဖြစ်၏။

ကြည့်နေရင်းမှာပဲ မြူခိုးငွေ့များက တဖြည်းဖြည်း ပါးသွားပြီးနောက် ကျောက်တလားကြီးတစ်လုံး ပေါ်လာသည်။

"ဟင်. . ."

ကျောက်တလားကြီးမှာ ပဲရစ်မြို့ စိန့်မာတင် ဘုရားကျောင်းအောက်သင်္ချိုင်း၌ တွေ့ခဲ့သော ကျောက်တလားကြီးဖြစ်ကြောင်း ကောင်းစွာမှတ်မိလေသည်။ တအံ့တဩနှင့် လှည့်ကြည့်နေစဉ်မှာ ကျောက်တလားအဖုံးကြီးက တဖြည်းဖြည်း ကြွတက်လာပြီးနောက် ပွင့်သွားသည်။ ထို့နောက်မှာတော့ အတွင်းမှ အမျိုးသမီးတစ်ယောက် ထွက်လာသည်။

"ဟင်. . ."

အခြားသူမဟုတ်ပေ။

ကုမုဒြာဆိုသောအမျိုးသမီးပင်ဖြစ်သည်။

သူမသည် အနက်ရောင်အဝတ်အစားတို့ကို ဝတ်ဆင်ထားပြီး ရှည်လျားသောဆံပင်တို့ကို ဖားလျားချထားလေသည်။





သူမက တရွေ့ရွေ့နှင့် လျှောက်လာရာ ဒေါက်တာမင်းထင်ကျော်နှင့် မနီးမဝေးသို့ ရောက်လာသည်။

"မင်း. . . မင်း"

"ဟုတ်ပါတယ်. . . ရှင်တွေ့ခဲ့တဲ့ ကုမုဒြာပါပဲ"

"ဘယ်လိုကြောင့် အခုလိုအဖြစ်မျိုး ရောက်နေတာလဲဟင်၊ မင်းရဲ့လိပ်ပြာဝိညာဉ်ကကော ပြန်ရောက်လာပြီလား"

"မရောက်သေးပါဘူးရှင်. . ကျွန်မရဲ့လိပ်ပြာဝိညာဉ်က အကျဉ်းစံဘဝနှင့် တစ်နေရာမှာပဲ ရှိနေပါသေးတယ်"

"ဘယ်နေရာမှာ ရောက်နေတာလဲ"

"မရဏာကြေးမုံထဲမှာ ရောက်နေပါတယ်"

"မင်းကို ဒီလိုဘဝမျိုး ရောက်အောင် ရက်ရက်စက်စက်နှင့် ဘယ်သူက လုပ်ထားတာလဲ"

"မြို့စားကြီးအိုစီရန်ပါပဲ"

"သူက ဘယ်လိုလူမျိုးလဲ"

"မှော်ပညာရှင်တစ်ယောက်ပါပဲ. . သူနှင့် လက်မထပ်နိုင်ဘူးလို့ ငြင်းပယ်ခဲ့တာနဲ့ ဒီလိုဘဝမျိုး ရောက်အောင် လုပ်ခဲ့တာပါပဲ၊ ကျွန်မ မရဏာကြေးမုံထဲမှာ လိပ်ပြာဝိညာဉ် အကျဉ်းသားဘဝနဲ့ နေရတာ ကြာပါပြီရှင်"

"မင်းအတွက် စိတ်မကောင်းပါဘူး၊ ဒါထက် မြို့စားအိုစီရန်ကရော ဘယ်ရောက်နေပြီလဲ"

"သူကတော့ တစ်နေရာမှာ ရှိပါသေးတယ်၊ ကျွန်မကို ဒီဘဝက လွတ်မြောက်အောင် အမြန်ဆုံးအကူအညီပေးပါရှင်"

"ငါ မင်းအတွက် အကူအညီပေးချင်ပါတယ်၊ ဒါပေမယ့် ဘယ်လိုကူညီပေးရမှန်း မသိလို့ ပြောပြပါဦး"

"ပထမဆုံးတော့ မရဏကြေးမုံကို တွေ့အောင်ရှာရပါမယ်၊ ဒါပေမယ့် မရဏကြေးမုံအစစ်အပြင် အတုတွေလည်း ရှိသေးတယ်"

"မရဏကြေးမုံက ဘယ်သူစီစဉ်ထားတာလဲ"

"အိုစီရန် စီစဉ်ထားတာပါ"

"အတုတွေကကော ဘယ်သူတွေက စီမံထားတာလဲ"

"အတုတွေလဲ အိုစီရန်ပဲ စီမံထားတာပါပဲ၊ မရဏကြေးမုံအတုထဲမှာ ဝိညာဉ်မိစ္ဆာတွေ ထည့်သွင်းထားတော့ ကြည့်မိတဲ့သူတွေတိုင်း ဘေးအန္တရာယ်တွေနဲ့ တွေ့ပြီး အသက်သေဆုံးကြရတယ်"

"အတော်ယုတ်မာရက်စက်တာပဲ"

ဒေါက်တာမင်းထင်ကျော်က ရေရွတ်လိုက်သည်။

"ရှင် မရဏကြေးမုံကို တွေ့ခဲ့ရင် ကျွန်မရဲ့ဝိညာဉ်လိပ်ပြာနဲ့ ထပ်တွေ့ရမှာပါ၊ ဒါပေမယ့် တစ်ခုတော့ ကြိုပြီးသတိပေးခဲ့မယ်၊ သူ့ရဲ့ထောင်ချောက်ထဲကိုတော့ မဝင်မိအောင်တော့ သတိထားပေါ့ရှင်"

"ကောင်းပါပြီ. . . မင်းပြောတဲ့အတိုင်း မရဏကြေးမုံကို တွေ့အောင်ရှာပြီး မင်းရဲ့ဝိညာဉ်လိပ်ပြာကို ကယ်တင်ပေးပါ့မယ်"

"ကျေး. . ကျေးဇူးတင်ပါတယ်ရှင်"





ဟု ပြောဆိုပြီးနောက် ကုမုဒြာ၏ပုံရိပ်မှာလည်း တဖြည်းဖြည်းနှင့် ဝေ့ဝါးပျောက်ကွယ်သွားတော့သည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်လည်း အိပ်ပျော်ရာမှ ပြန်နိုးလာပြီး ကုမုဒြာ ပြောသွားသော အကြောင်းအရာများကို ပြန်စဉ်းစားနေမိလေသည်။





## အခန်း(၉)

# လက်စတာနှင့် ထူးဆန်းသောအတွေ့အကြုံများ

ဒေါက်တာမင်းထင်ကျော်တို့ ကိုင်ရိုမြို့သို့ ရောက်ပြီး နှစ်ရက်သုံးရက် ကြာသည်အထိ လှည့်လည်သွားကြသော်လည်း သူတို့ရှာဖွေနေသော ကုမုဒြာ၏မိဘများနှင့် ဆွေမျိုးများသတင်းကို စုံစမ်း၍မရဘဲ ဖြစ်နေသည်။ ရက်အတန်ကြာသည်အထိ ရှာဖွေစုံစမ်းသော်လည်း သတင်းအစအန မရသောအခါ ထိုနေရာမှာ ရှိမှရှိကြပါတော့မလားဟု သံသယ ရှိမိလေသည်။

☺ အောင်မြင်စာပေ ☺

သို့သော်လည်း ဖွဲ့မလျှော့ဘဲ တစ်နေ့ပြီးတစ်နေ့ တစ်နေရာပြီးတစ်နေရာ လှည့်လည်ရှာဖွေ စုံစမ်းကြလေသည်။ တစ်နေ့သ၌ ဒေါက်တာမင်းထင်ကျော်တစ်ယောက်တည်း မဟာပိရမစ်ကြီး ရှိရာသို့ သွားသည်။

ကိုင်ရိုမြို့တွင် လူအမျိုးမျိုး ရောထွေးနေထိုင်ကြပြီး၊ ရှုပ်ထွေးလှသည်။

ကိုင်ရိုမြို့အတွင်းမှာပင် ဆင်းရဲသောလူတန်းစားများနှင့် ချမ်းသာကြွယ်ဝသောလူတန်းစားများ ရောထွေးနေထိုင်ကြသည်။ အများအားဖြင့်တော့ မျက်လှည့်ဆရာများ၊ ဗေဒင်ဆရာများ၊ လက္ခဏာ ဖတ်ကြားသူများ၊ နက္ခတ်ဆရာ မှော်ဆရာများ၊ အနာဂတ်ဟောသူ ဖထီးများနှင့် အခြားဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်များ ရောပြွန်းလျက်ရှိနေကြသည်။ ကိုင်ရိုတွင် အပေါ်များဆုံးအလုပ်မှာ ဗေဒင်ဟောခြင်းဖြစ်ပြီး လူများကို ဒုက္ခအပေးဆုံးအလုပ်မှာလည်း ဗေဒင်ဟောခြင်းပင်ဖြစ်၏။

ဗေဒင်ပညာကို ဒုက္ခပေးခြင်းဟု ရေးရခြင်းမှာလည်း ပညာရပ်နှင့် ပတ်သက်ပြီး အနည်းငယ်မျှလောက် သိပြီး ဟောပြောရာမှာတော့ ဟိတ်တစ်လုံးဖြင့် ဟောပြောကြသောကြောင့် ၎င်းတို့ပြောသမျှကို ယုံကြည်ကြသူများမှာ ဒုက္ခတွေ့ကြခြင်းပင်ဖြစ်သည်။ အတော်များများကတော့ လူတွေထံမှ ငွေကို ရသည့်နည်းဖြင့် ရနိုင်ရန် ကြိုးစားအားထုတ်နေကြလေသည်။

ဒေါက်တာမင်းထင်ကျော်မှာ ထိုလမ်းများမှ ဖြတ်သွားရင်းနှင့်ပင် တွေ့သမျှ မြင်သမျှတို့ကို လေ့လာနေခြင်းဖြစ်သည်။





ပိရမစ်များ ရှိရာသို့ သွားရာလမ်းတစ်လျှောက်တွင် လက်ဝဲဘက်တွင် သစ်ပင်ရိပ်များ ရှိသည်။ အချို့နေရာများမှာပင် လူနေအိမ်အချို့ ရှိသည်ဆိုသော်ငြားလည်း ခပ်ကျဲကျဲပင်ရှိသည်။ လမ်းမှာ တပြင်ညီတည်း မဟုတ်ဘဲ တောင်ကုန်းအတက်အဆင်းများကို ဖောက်ထားခြင်းဖြစ်၏။ နောက်ဆုံး ပိရမစ်များ ရှိရာသို့ သွားသောလမ်းမှာတော့ အပေါ်သို့ ထောင်တက်သွားလေသည်။

ထိုလမ်းပေါ်မှာတော့ ခြေလျင်သွားသူတွေရော၊ မော်တော်ကားဖြင့် သွားသူတွေပါ ရှုပ်ထွေးလှသည်။ ပိရမစ်ကြီးများရှိရာ တောင်ကုန်းပေါ်မှ လှမ်းမျှော်ကြည့်ပါက အနောက်ဘက်တွင် နိုင်းမြစ်ကို လှမ်းမြင်နိုင်သည်။ နေဝင်ကာနီး ဆည်းဆာရောင်များ တောက်ပနေသောအချိန်မျိုးတွင် ပိရမစ်ကြီးအပေါ်မှ နိုင်းမြစ်ရှိရာသို့ လှမ်းမျှော်ကြည့်လျှင် ကမ္ဘာပေါ်တွင် အလှဆုံးမြင်ကွင်းတစ်ခုကို မြင်နိုင်ပေသည်။ အီဂျစ်ပြည်တွင် ပေါက်လေ့ရှိသော Lebbek ဟုခေါ်သော သစ်ပင်ရိပ်များမှာလည်း သဘာဝအလှများကို အထောက်အကူပေးနေသကဲ့သို့ ရှိသည်။

ဒေါက်တာမင်းထင်ကျော်က ပိရမစ်ကြီး ရှိရာသို့ ငေးမောကြည့်နေမိသည်။

သူသည် အီဂျစ်သို့ တစ်ကြိမ်မက ရောက်ခဲ့ဖူးသည်။ ရောက်သည့်အခါတိုင်းမှာလည်း ပိရမစ်ကြီးများ ရှိရာသို့ ရောက်အောင် လာပြီးကြည့်လေ့ရှိသည်။

ထိုသို့ကြည့်တိုင်းမှာလည်း အံ့သြမှု ဖြစ်ရလေသည်။

တစ်တုံးလျှင် တစ်တန်လောက် အလေးချိန်ရှိသော ကျောက်တုံးကြီးပေါင်း(၂၃)သိန်း အသုံးပြုပြီး တည်ဆောက်ထားခဲ့သော ပိရမစ်ကြီးမှာ ကမ္ဘာ့အံ့ဖွယ်(၇)ပါးထဲမှာ ပါဝင်နေခြင်းမှာ အံ့ဩစရာတော့ မဟုတ်ပါချေ။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ ရှေးနှစ်ပေါင်းများစွာက မန္တန်တည်းဟူသော အသံစွမ်းအားဖြင့် ထိုမျှလေးလံသော ကျောက်တုံးကြီးများကို အမြင့်ပေ(၄၈၁)ပေအထိ အမြင့်ရောက်အောင် ပျံ့ဝဲ မ,တင်ခဲ့သောပုံများကို စိတ်ကူးပုံဖြင့် ပုံဖော်ကြည့်နေမိသည်။

ယခုခေတ်ကာလကဲ့သို့ ကရိန်း၊ ဝန်ချီစက်များ မသုံးဘဲ မဟာဂန္ဓာရီပညာဖြင့် ကျောက်တုံးကြီးများကို လေထဲ၌ ပျံ့ဝဲတင်ခဲ့ပုံများမှာ ယခုအခါမှာတော့. . ဒဏ္ဍာရီဆန်လှသော အကြောင်းများဟု ယူဆနိုင်ရာ ရှိပေသည်။

ဒေါက်တာမင်းထင်ကျော်က တစ်ချိန်က မဟာဂန္ဓာရီပညာရှင်တို့ မဟာပိရမစ်ကြီးကို တည်ဆောက်ခဲ့ကြပုံများကို စိတ်ကူးဖြင့် မှန်းဆကြည့်နေစဉ် စိတ်ထဲမှာ တစ်စုံတစ်ခုကို သတိပြုမိသွားသည်။

အခြားမဟုတ်ပေ. . . ။

သူ့ကို အခြားတစ်စုံတစ်ယောက်က သတိပေးလိုက်သည့်အသံမျိုးကို မသဲမကွဲ ကြားလိုက်ရသောကြောင့်ဖြစ်သည်။

"ရှင့်ကို နောက်က ကြည့်နေတယ်"

ထိုအသံကြားလိုက်ရသောကြောင့် နောက်ဘက်သို့





ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

ပိရမစ်ကြီး ထောင့်ကွယ်တစ်နေရာမှ သူ့ကို စူးစူးစိုက်စိုက် ကြည့်နေသည့် အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်လိုက်သည်။ သူမ ရှိနေသောနေရာမှာ အနည်းငယ် ဝေးနေသောကြောင့် သဲသဲကွဲကွဲတော့ လှမ်းမမြင်ရပေ။

ထို့ကြောင့် သူမ ရှိရာသို့ လျှောက်သွားလေသည်။ ထိုအခါ အမျိုးသမီးက ပိရမစ်ကြီးအနောက်ဘက် တစ်နေရာသို့ ဖျတ်ခနဲ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ထိုနေရာရောက်သောအခါ မတွေ့ရတော့ပေ။ သို့သော်လည်း အခြားတစ်နေရာမှ ထွက်လာပြီး ကြည့်နေပြန်ပေသည်။ ဒေါက်တာမင်းထင်ကျော်က သူမ ရှိနေရာသို့ လျှောက်သွားသောအခါ တဖန်ပျောက်ကွယ်သွားပြန်သည်။ ဒီတစ်ကြိမ်တော့ ဒေါက်တာမင်းထင်ကျော်က တစ်နေရာမှ ဝင်ကပ်နေလိုက်သည်။

အတန်ကြာသောအခါ စောစောက အမျိုးသမီးက ထိုနေရာသို့ ရောက်လာလေသည်။ သူမသည် တစ်စုံတစ်ယောက်ကို ရှာဖွေနေဟန်ရှိလေသည်။ ထိုအခါမှ ဒေါက်တာမင်းထင်ကျော်က သူမရှိရာသို့ ထွက်သွားလေသည်။

"မင်း ဘယ်သူ့ကို ရှာနေတာလဲ"

"ရှင်"

ဒီတော့မှ အထိတ်တလန့်နှင့် သူ့ဘက်သို့ လှည့်ကြည့်လေသည်။

"ဟင်. . ."

ဒီတစ်ကြိမ် အထိတ်အလန့်ဖြစ်သွားရသူမှာ ဒေါက်တာမင်းထင်ကျော်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်. . .

သူ့ရှေ့မှာ ရပ်နေသောအမျိုးသမီးမှာ ကုမုဒြာနှင့် ရုပ်ချင်း ခွဲမရအောင် တူနေသောကြောင့်ဖြစ်သည်။

မျက်နှာအနေအထားရော ဆံပင်ရှည် ထားပုံချင်းက အစ တူနေရုံမက အနက်ရောင် အဝတ်အစားများကို ဝတ်ဆင်ထားသည်မှအပ တူနေတော့သည်။

"မင်းဘယ်သူလဲ"

"ကျွန်မနာမည် လက်စတာလို့ ခေါ်ပါတယ်၊ ရှင်က ဗမာပြည်က လာတဲ့ညွှသည်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ကျွန်မတို့မိသားစုကို တွေ့ဖို့ ကိုင်ရိုကို ရောက်နေတဲ့ညှော့သည်ဆိုတာ ရှင်များဖြစ်နေမလား"

"မင်းတို့မိသားစုတွေဆိုတာ ဘယ်သူတွေလဲ"

"မမကုမုဒြာရဲ့မိဘတွေဆိုရင် ရှင်သိမှာပါ"

ထိုစကားကြောင့်ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ ဝမ်းသာသွားမိလေသည်။ ကျယ်ပြန့်လှသော ကိုင်ရိုမြို့လို နေရာမျိုးမှာ မိမိရှာနေသောသူကို ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရခြင်းကြောင့် ဝမ်းသာသွားရခြင်းဖြစ်သည်။

"ဟုတ်ပါတယ်. . . ကုမုဒြာရဲ့မိသားစုတွေနဲ့ တွေ့ရအောင် ကိုင်ရိုမြို့ကို ရောက်နေတာပါ၊ ကျွန်တော့်နာမည် ဒေါက်





တာမင်းထင်ကျော်လို့ ခေါ်ပါတယ်"

"ရှင့်ရဲ့အကြောင်းတွေကို မမက ကြိုပြောထားလို့ သိသင့်သလောက်တော့ သိထားပြီးပါပြီ"

"ကုမုဒြာက ကျွန်တော်တို့အကြောင်းကို ကြိုပြောထားတယ် ဟုတ်လား"

"ဟုတ်ပါတယ်. . . ဒီအကြောင်းတွေကို ကျွန်မ နောက်တော့ ပြောပြပါမယ်"

"ဒါထက် မင်း စောစောက ကျွန်တော့်နောက်က လိုက်ကြည့်နေတာ ဘာအတွက်လဲ"

"မမက ရှင့်အကြောင်း လာပြောထားပြီးတော့ ဟုတ်မဟုတ် သေချာအောင် လိုက်ကြည့်နေတာပါ"

ထိုအခါမှ သဘောပေါက်သွားလေတော့သည်။ လက်စတာ ဆိုသောအမျိုးသမီးမှာ ကုမုဒြာနှင့် ရုပ်ချင်းခွဲမရအောင် တူပြီး အသက်(၂၀)ကျော်အရွယ်ခန့်သာ ရှိသေးသည်။ မျက်နှာရော ကိုယ်လုံးကိုယ်ထည်ပါ ကုမုဒြာနှင့် ခွဲမရအောင် တူသူဖြစ်ပြီး မိန်းမချောတစ်ယောက်ဖြစ်ကြောင်း မြင်ရုံနှင့် သိနိုင်ပေသည်။

"ကိုမင်းထင်ကျော်တို့ အခု ဘယ်မှာ တည်းနေသလဲ"

"ဟိုတယ်တစ်ခုမှာပါ"

"ဒီလိုဆိုရင် ကျွန်မတို့အိမ်မှာ တည်းဖို့ ဖိတ်ခေါ်ပါရစေရှင်၊ ဒါမှ ရှင်သိချင်တဲ့အကြောင်းတွေကို အေးအေးဆေးဆေး ပြောပြလို့ရမှာဆိုတော့ ကျွန်မတို့ဆီမှာပဲ တည်းပါလား"

"အခုလိုဆိုတော့လည်း ပိုပြီးအဆင်ပြေသွားတာပေါ့။ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ထို့နောက်မှာ ဒေါက်တာမင်းထင်ကျော်မှာ လက်စတာဆိုသောမိန်းကလေး ခေါ်ရာနောက်သို့ လိုက်သွားလေသည်။ သူမမှာ မော်တော်ကား ပါလာသောကြောင့်ပော်တယ်မှာ ကျန်ခဲ့သော ဆရာကြီးသရဇ္ဇနှင့်ကျော်စွာတို့ကိုပါ တပါတည်း ဝင်ခေါ်သွားလေသည်။

လက်စတာက သူတို့သုံးယောက်ကို သူမနေအိမ်ရှိရာသို့ ခေါ်သွားလေသည်။ သူမတို့နေသောရပ်ကွက်မှာ သီးသန့်နေရာတစ်ခုဖြစ်လေသည်။

သာမန်ရပ်ကွက်များကို ကျော်ဖြတ်သွားရလေသည်။ နောက်ဆုံးမှာတော့ ရှေးကျောက်များ ခင်းထားသော လမ်းမတစ်ခုကို ကျော်ဖြတ်သွားရလေသည်။ နောက်ဆုံးမှာတော့ နေဝင်ရီတရောအချိန်တွင် သီးသန့်ရပ်ကွက်အတွင်းသို့ ရောက်သွားလေသည်။

ထိုရပ်ကွက်မှာ အီးလ်အာနောပလီနှင့် ဘက်အီးလ်ဝဇာ အဆောက်အဦးကြားတွင် ရှိကြောင်း နောင်အခါ သိရလေသည်။

ထိုရပ်ကွက်တွင်း ရောက်သောအခါ ကုလားအုပ် ဆွဲသော ရထားများကို တွေ့ရသည်။ ထိုရထားများမှာ ပေါ်ထွက်လာသော ခေါင်းလောင်းသံများက သာယာလှပေသည်။

လက်စတာက ထိုနေရာရောက်သောအခါ ကားအရှိန်





ကို လျှော့ချပြီး မှန်မှန်မောင်းနေသည်။ တစ်နေရာရောက်သောအခါ သီးသန့်ဖောက်လုပ်ထားဟန်ရှိသော လမ်းသွယ်တစ်ခုသို့ ရောက်သွားပြီး ထိုအတွင်းသို့ ချိုးကွေ့ဝင်လာသည်။

လမ်းမှာ လမ်းတိုကလေးတစ်ခုဖြစ်ပြီး ထိုလမ်းဆုံးသောအခါ ကြီးမားခန့်ထည်သော ခြံဝန်းကျယ်ကြီးတစ်ခုရှေ့သို့ ရောက်သွားလေသည်။ ကားလာတာ မြင်တော့ ခြံစောင့်က ခြံတံခါးကို ဖွင့်ပေးသောကြောင့် အတွင်းသို့ မောင်းဝင်သွားလေသည်။

ရှေးခေတ်ပုံသဏ္ဍာန်မျိုးဖြင့် ဆောက်ထားသော နှစ်ထပ်တိုက်ကြီး၏ဆင်ဝင်အောက်သို့ ရောက်သောအခါ လက်စတာက ကားရပ်လိုက်သည်။

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်တို့ကို အိမ်အတွင်းသို့ ခေါ်သွားလေသည်။ တိုက်အိမ်ကြီးမှာ အပြင်မှကြည့်စဉ်က ခန့်ညားထည်ဝါသလောက် အတွင်းရောက်သောအခါမှာလည်း လှပခမ်းနားမှု ရှိလေသည်။ ဧည့်ခန်းအတွင်းမှာ အသုံးပြုထားသော ပရိဘောဂများမှာ ရှေးခေတ်အသုံးအဆောင်များဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်တို့ ဧည့်ခန်းရောက်သောအခါ လက်စတာကပင် မိတ်ဆက်ပေးသောကြောင့် သူမ၏မိခင်ဖခင်နှစ်ယောက်ကို တွေ့ရသည်။ ဖခင်ဖြစ်သူမှာ မိုဇာလက်ဖြစ်ပြီး မိခင်က မရီနာဖြစ်သည်။ နှစ်ဦးစလုံး အသက်(၅၀)အရွယ်ဝန်းကျင်သာ ရှိကြသေးသည်။

"ကျုပ်ရဲ့နာမည် မိုဇာလက်လို့ ခေါ်ပါတယ်၊ ရှေးဟောင်းသုတေသန ပညာရှင်တစ်ဦးပါ။ ခင်ဗျားတို့နဲ့ အခုလို တွေ့ရတာ အများကြီး ဝမ်းသာပါတယ်"

မိုဇာလက်က အင်္ဂလိပ်ဘာသာစကားဖြင့် ပြောဆိုနှုတ်ဆက်လေရာ ဒေါက်တာမင်းထင်ကျော်ကလည်း မိမိတို့သုံးယောက်စလုံးနှင့် မိတ်ဆက်ပေးလိုက်သည်။

"ခင်ဗျားတို့ အခုလိုရောက်လာတာ အများကြီး ကောင်းပါတယ်၊ အခုလို ရောက်လာမယ့်အကြောင်းကို ကျွန်တော့်သမီးက လာပြောထားပါတယ်"

"သမီးဆိုတာ ဘယ်သူပါလဲ"

"ပဲရစ်မြို့မှာ ခင်ဗျားတွေ့ခဲ့တဲ့ ကုမုဒြာဆိုတာ ကျုပ်ရဲ့သမီးပါ"

မိုဇာလက်က ပြောရင်း အသံများ တုန်လာသောကြောင့် ဒေါက်တာမင်းထင်ကျော်က ဆက်မမေးတော့ဘဲ. . .

ထို့နောက်မှာတော့ လက်စတာက အိမ်စေများကို ခေါ်ပြီး ဒေါက်တာမင်းထင်ကျော်တို့အတွက် အခန်းများ စီစဉ်ပေးသည်။ အပေါ်ထပ်တစ်ခုလုံး နေသူမရှိသောကြောင့် လွတ်လပ်စွာ တည်းခိုနိုင်သည်။ ညစာကိုလည်း သူတို့အိမ်မှာပင် ပြင်ဆင်ကျွေးမွေးလေသည်။

ထိုညကတော့ သူတို့နှင့် နောက်ထပ်မတွေ့ရတော့ဘဲ နောက်တစ်နေ့ နံနက်ပိုင်းအချိန်ရောက်မှ ထပ်တွေ့ရပြီး လက်ဖက်ရည် သောက်ရင်းနှင့် မိုဇာလက်က အကြောင်းအရာ





အချို့ကို ပြောပြလေသည်။

"ကျုပ်က ရှေးဟောင်းသုတေသနပညာရှင်ဘဝနဲ့ နေရာအနှံ့အပြားကိုလည်း သွားရပါတယ်၊ အစိုးရတာဝန်နဲ့ မြို့တွေကိုလည်း သွားရပါတယ်၊ နောက်ဆုံး ပြင်သစ်ကို ရောက်တော့မှသာ ကျုပ်တို့မိသားစုတွေအတွက် ကံကြမ္မာဆိုး ဝင်လာတော့တာပါပဲ"

ဒေါက်တာမင်းထင်ကျော်က စိတ်ဝင်စားစွာ နားထောင်လေသည်။

"တစ်နေ့တော့ ရှေးဟောင်းမှန်တစ်ချပ် ရတာနဲ့ သမီးကုမုဒြာကို လက်ဆောင်ပေးဖို့ ယူလာပါတယ်၊ ညအချိန်ရောက်တော့ ကုမုဒြာရဲ့အော်သံကို ကြားလို့ တက်ကြည့်ကြတဲ့အခါကျတော့ အဲ့ဒီမှန်ကြီးရှေ့မှာ ခွေခွေလေး လဲနေတာကို တွေ့ရပါတယ်"

"အဲ့ဒီလို မဖြစ်ခင်က ဘယ်လိုထူးခြားမှုတွေ တွေ့ရပါသေးလဲ"

"သူ့ကို လူတစ်ယောက်က လာပြီးတောင်းရမ်းပါတယ်၊ ဒီအကြောင်းကလည်း ပြောရရင် အတော်ဆန်းကြယ်ပါတယ်၊ အဲ့ဒီလူရဲ့ခန္ဓာကိုယ်ထဲမှာ အခြားလူတစ်ယောက်က ဝင်နေပြီး သူ့ခန္ဓာကိုယ်နှင့် အခြားလူစိတ်မျိုးဖြစ်နေပါတယ်"

"ဒါမျိုးကတော့ ရှိပါတယ်၊ ရုပ်ပြောင်းနာမ်ခွာဆိုတဲ့ ပညာရပ်မျိုးဖြစ်ပါတယ်၊ ဒါထက် အဲ့ဒီလူရဲ့ခန္ဓာကိုယ်ထဲမှာ ဝင်နေတာ ဘယ်သူလဲ"

"လွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာကျော်က သေဆုံးသွားပြီဖြစ်တဲ့ မြို့စားကြီးအိုစီရန်ပါပဲ"

"အံ့ဩစရာပါပဲ. . . မြို့စားကြီးဖြစ်တယ်ဆိုတာ ဘယ်လိုများ သိပါသလဲ"

"သူကိုယ်တိုင် ပြောပြလို့ သိရတာပါ၊ သူက သမီး ကုမုဒြာကို နှစ်သက်နေတာကြောင့် လက်ထပ်ဖို့ ပြောပါတယ်၊ ကုမုဒြာက ခါးခါးသီးသီး ငြင်းပယ်လိုက်ပြီးသည့်နောက်ပိုင်းမှာ အခုလို အဖြစ်ဆိုးတွေနဲ့ ကြုံရတာပါ"

"ဒီအကြောင်းတွေ ကြားရတာ စိတ်မကောင်းပါဘူး၊ ကျွန်တော် ပဲရစ်ရောက်တော့ ကုမုဒြာ ရှိတဲ့ မြေအောက်ခန်း သင်္ချိုင်းကို သွားကြည့်ခဲ့ပါသေးတယ်"

"သူရှိတဲ့နေရာကို အခြားသူတွေ သိပ်မသိကြပါဘူး"

"ခင်ဗျားကို ဘယ်သူလမ်းညွှန်ပေးလိုက်တာလဲဗျ"

"ပါမောက္ခသီဟာန်ပါ"

"ပါမောက္ခသီဟာန်က ကျုပ်နဲ့ ခင်မင်တဲ့ မိတ်ဆွေတစ်ယောက်ပါပဲ၊ ကျုပ်တို့လည်း သမီးလေး အခုလို အဖြစ်ဆိုးနဲ့ ကြုံရပြီးတဲ့နောက်မှာ သေသလား ရှင်သလား မသိရတာကြောင့် ဒီအတိုင်းပဲ ရက်အတော်ကြာအောင် ထားပါသေးတယ်၊ နောက်မှ ဘယ်လိုမှ မထူးခြားတော့တာနဲ့ စိန့်မာတင် ဘုရားရှိခိုးကျောင်းက သင်းအုပ်ဆရာကြီးတွေလက်ကို အပ်လိုက်ရတာပါဗျာ"

"သူ အဲဒီလိုဘဝမျိုး ရောက်သွားခဲ့တာ ဘယ်လောက် အချိန်ကြာပြီလဲဟင်"





"တစ်နှစ်ကျော် နှစ်နှစ်နီးပါး ရှိနေပါပြီ၊ သူ့အတွက်တော့ မျှော်လင့်ချက် မရှိတော့ဘူး ထင်ပါရဲ့ဗျာ"

မိုဇာလက်က စိတ်မကောင်းသောအသံဖြင့် ပြောနေရာ ဒေါက်တာမင်းထင်ကျော်တို့လည်း ဘာမှဝင်မပြောသာကြပေ။

အတန်ကြာမှ ဒေါက်တာမင်းထင်ကျော်က မေးသည်။

"ဒါထက် အဲ့ဒီမှန်ကြီးကရော ဘယ်ရောက်သွားလဲ"

"ကျုပ်တို့လဲ အဲ့ဒီမှန်ကြီးကို အမျိုးမျိုး ဖျက်ဆီးဖို့ ကြိုးစားပေမယ့် မရတော့တာနဲ့ နောက်ဆုံး ပစ္စည်းဟောင်း ရောင်းတဲ့ဆိုင်ကို ရောင်းလိုက်ရပါတော့တယ်"

"ကျွန်တော်သိချင်တာလေးတွေ မေးပါရစေ"

"မေးပါ. . . မေးပါ"

"အဲ့ဒီမှန်ချပ်နဲ့ ပုံသဏ္ဍာန်တူတဲ့ အခြားမှန်ချပ်တွေလဲ ရှိသေးတယ်လို့ သိရပါတယ်၊ အဲ့ဒီမှန်ချပ်တွေအကြောင်းကိုလဲ သိသမျှ ပြောပြပါ"

ထိုသို့မေးသောအခါ မိုဇာလက်က မနီးမဝေးမှာ ရှိသော လက်စတာကို လှမ်းကြည့်လိုက်သည်။

"ဒီအကြောင်းတွေကိုတော့ သူက ပိုပြီးပြောပြနိုင်လိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ သူ တက္ကသိုလ်အဆော သီးသန့်ထား အချိန်တုန်းက ကိုယ်တွေ့ကြုံခဲ့ရပါတယ်၊ သော် အခန်းဆောင်မှာ ကြည့်ပါ"

ဟု ပြောပြီး လက်စတာနှင့် ဒီဂျန်ဆိုသော အမျိုးသမီးသုံး လေသည်ဖြစ်သည်။

အခန်းထဲမှာတော့ ဒေါက်တာမင်းထင်ကျော်တို့နှင့် လက်စတာ ကျန်ခဲ့သည်။

"ကျွန်မလည်း စောစောပိုင်းကတော့ ဒီအကြောင်းတွေကို သိပ်မသိပါဘူး၊ နောက်ပိုင်း ကိုယ်တွေ့ကြုံမှပဲ သိရပါတော့တယ်၊ ဒီအကြောင်းတွေကို နားလည်တဲ့သူတွေကလည်း အဲ့ဒီမှန်ချပ်တွေမှာ မိစ္ဆာဝိညာဉ်တွေ ရှိနေတယ်လို့ ပြောပါတယ်"

"လက်စတာ သိသမျှ ပြောပြပါ"

ထိုသို့မေးသောအခါ လက်စတာက သူမ ကြုံတွေ့ခဲ့ရသော ကြောက်မက်ဖွယ်ရာ အဖြစ်အပျက်အချို့ကို အောက်ပါအတိုင်း ပြောပြလေသည်။

လောကတွင် ဖြစ်ပျက်နေမှုများသည် စိတ်ကူးယဉ်ဖန်တီးသောဇာတ်လမ်းများထက် ပိုမိုဆန်းကြယ်လှပေသည်။

ဒီအတ္တုေ.ဝ ရဂ.

မှ ဘယ်လိုမှ မထူးခြား

က သင်းအုပ်ဆရာကြီးတွေ

"သူ အဲဒီလိုဘဝမျိုး ရောက်သွားခဲ့

အချိန်ကြာပြီလဲဟင်"





# အခန်း(၁၀)

# အဆောင်တွင်းမှ မရဏကြေးမုံ

လက်စတာတို့ နေရသောအဆောင်မှာ ရှေးဟောင်းအဆောက်အဦးတစ်ခုဖြစ်သည်။

ထိုအဆောင်မှာ အမျိုးသမီးများချည်း သီးသန့်ထားသောနေရာဖြစ်ပြီး လက်စတာတို့နေသော အခန်းဆောင်မှာ အခန်းဖော်သုံးယောက် ရှိသည်။

မာရီ၊ လက်စတာနှင့် ဒီဂျန်ဆိုသော အမျိုးသမီးသုံးယောက်ဖြစ်သည်။

၎င်းတို့ နေရသောအဆောင်မှာ အဆောက်အဦးကြီး၏အနောက်ဘက်၌ ရှိပြီး တစ္ဆေခြောက်သည်ဟု နာမည်ကြီးနေသောနေရာဖြစ်သည်။

သို့သော်လည်း သူတို့သုံးယောက်မှာ ကြောက်တတ်သူများ မဟုတ်ပေ။

လက်စတာတစ်ယောက်သာ ပရလောကသားများနှင့် ပတ်သက်သောအကြောင်းအရာများကို ယုံကြည်လက်ခံပြီး ကျန်နှစ်ယောက်ကတော့ အယုံအကြည် မရှိကြပေ။

"ငါတို့ နေတဲ့အခန်းက သရဲခြောက်တယ်၊ အခန်းထဲမှာ သရဲရှိတယ်လို့ နာမည်ကြီးတဲ့အခန်းလို့ ပြောကြတယ်"

လက်စတာက ပြောတော့ ကျန်နှစ်ယောက်က ရယ်နေကြလေသည်။

"သရဲရှိတယ်လို့ ပြောရအောင် နင်မြင်ဖူးလို့လား"

"မမြင်ဖူးပေမယ့် လူတွေက ပြောနေကြတာပဲ"

"လူတွေကတော့ ငါတို့ကြောက်အောင် ပြောနေတာဖြစ်မှာပေါ့၊ ဒါထက် နင်က အဲဒါမျိုးတွေကို အယုံအကြည်ရှိလို့လား"

"ယုံကြည်တယ်လို့တော့ ဘယ်ဟုတ်ပါ့မလဲ၊ ဒါပေမယ့် ပရလောကသားတွေ ရှိတယ်ဆိုတာတော့ လက်ခံရမှာပေါ့"

"ဒါထက် မေးပါရစေဦး၊ ငါတို့ နေတဲ့အဆောင်ထဲမှာ ရှိတဲ့သရဲက ဘယ်လိုမျိုးလဲ"

"မှန်သရဲလို့ ပြောတယ်၊ မှန်ထဲက ထွက်လာတာလို့





ပြောကြတယ်"

"မှန်သရဲ ဟုတ်လား. . . အထူးအဆန်းပါလား"

လက်စတာစကားကြောင့် ကျန်နှစ်ယောက်က သဘောကျစွာ ရယ်လိုက်ကြသည်။

"နင်တို့ မယုံချင်လည်း နေကြပေါ့၊ ငါတော့ ကြောက်တယ်၊ ဒီအဆောင်ထဲမှ တစ်ယောက်တည်း မနေဝံ့ပါဘူး၊ အခုလိုအချိန်မျိုးမှာ အပေါ်ထပ်ကို တစ်ယောက်တည်း တက်သွားပါဆိုရင်တောင် မတက်ဝံ့ဘူး"

ထိုအခါ ဒီဂျနက ဝင်ပြောသည်။ သူမသည် အာဖရိကသွေးပါသူတစ်ယောက်ဖြစ်ပြီး သတ္တိကောင်းသူလည်းဖြစ်သည်။

"ငါတော့ ဒါမျိုးတွေ ယုံလည်းမယုံဘူး၊ ကြောက်လည်းမကြောက်ပါဘူး"

"နင် ဒီလောက်သတ္တိကောင်းနေရင် အခုနေ တစ်ယောက်တည်း အပေါ်ထပ် တက်သွားပြီး မှန်တင်ခုံရှေ့က ပစ္စည်းတစ်ခုခု ယူလာပေးဝံ့မလား"

မာရီက ဝင်ပြောလိုက်သည်။

"ဘာကြောင့် မယူဝံ့ရမှာလဲ၊ ကိုယ့်အခန်းကိုယ် တက်ယူတာပဲ ဘာများ ကြောက်စရာရှိသလဲ၊ တကယ်လို့ ငါသွားယူဝံ့ရင် နင် ဘာပေးမှာလဲ"

"မနက်ဖြန် ကျောင်းရောက်ရင် နင်ကြိုက်တာ တစ ကျွေးမယ်လေ"

"ဒါမျိုးကတော့ ဒီဂျနတ်တို့က ဘယ်ငြင်းပါ့မလဲ၊ ငါ အခုပဲ

တက်သွားပြီး ယူလာခဲ့မယ်"

ဟု ပြောပြီး ဒီဂျန်က စိတ်မြန်လက်မြန်ဖြင့် စားပွဲပေါ်မှာ ရှိသော ဖယောင်းတိုင်မီးတစ်တိုင်ကို လှမ်းယူ၍ နေရာမှ ထရပ်လိုက်သည်။

"မလုပ်ပါနဲ့ဟယ် . . . နင်တို့ကလည်း"

လက်စတာက ပြောလိုက်သေးသည်။

သို့သော် မရတော့ပေ။

ဒီဂျန်က စိတ်မြန်လက်မြန်နှင့် လှေခါးအတိုင်း အပေါ်ထပ်သို့ တက်လာလေသည်။

အပေါ်ထပ်တစ်ခုလုံး မီးပွင့်များ ထွန်းထားသော်လည်း အလင်းရောင်က ခပ်မှုန်မှိန်သာ ရှိနေသည်။

အပေါ်ထပ်တွင် အခြားလူ မရှိသောကြောင့်လည်း တိတ်ဆိတ်ငြိမ်သက်နေသည်။

ဒီဂျန်မှာ ထိုအဆောင်၌ နေလာတာ အတော်ကြာပြီဖြစ်၍။ အခြားအခန်းဖော်များနှင့် အတက်အဆင်း ပြုလုပ်နေသော်လည်း ထူးခြားမှု မတွေ့ရပေ။

ယခုကဲ့သို့ စိန်ခေါ်ပြီး ပြုလုပ်ခဲ့သည်မျိုးလည်း မရှိခဲ့ပေ။ ဒီတစ်ကြိမ်မှာတော့ ဖယောင်းတိုင်မီးကို ကိုင်ပြီးတက်လာရာမှ အပေါ်ထပ် ရောက်တော့ စိတ်ထဲမှာ တစ်မျိုးဖြစ်လာသည်။

ကျောထဲမှာ စိမ့်ခနဲဖြစ်သွားပြီး နောက်ကျောမလုံသလိုမျိုး ခံစားလာသည်။ ထို့ကြောင့် ပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်သောအခါမှာ ဘာမှမတွေ့ရတော့မှ သက်ပြင်းချနိုင်သည်။





"ဒါ ဘာဖြစ်နေတာလဲ၊ အရင်လည်း ဒီလိုပဲ သွားလာနေတာပါပဲ၊ အခုလိုမျိုး တစ်ခါမှ မဖြစ်ဖူးပါဘူး"

ဟု တွေးရင်း သူမတို့ နေသောအခန်းရှိရာဘက်သို့ လျှောက်လာလေသည်။

စင်္ကြံလမ်းမှ လျှောက်လာစဉ် ၎င်းနောက်ဘက်မှာ ရှိသော ပြတင်းပေါက် မှန်တံခါးချပ်၌ ပေါ်နေသော မည်းမည်းသဏ္ဌာန်ကိုတော့ ဒီဂျန် သတိမပြုမိပါချေ။

ထိုသဏ္ဌာန်မှာ မျက်နှာတစ်ခုလုံး ဆံပင်ရှည်များ ဖုံးအုပ်ထားပြီး အဝတ်နက်ကြီးကို တစ်ကိုယ်လုံး ဝတ်ထားသောကြောင့် မည်သူမည်ဝါမှန်းတော့ မသိနိုင်ပေ။

ဒီဂျန်က သူမအခန်းရှိရာသို့ ဆက်လျှောက်လာသည်၊ အခန်းတံခါးချပ်မှာ စေ့ထားသည်၊ အတွင်း၌ မီးတစ်ပွင့်သာ ထွန်းထားသောကြောင့် အလင်းရောင် ခပ်မှိန်မှိန်သာ ရှိနေသည်။

ထိုနေရာရောက်တော့မှ စောစောက တက်ကြွနေသော ဒီဂျန်စိတ်ထဲမှာ တစ်မျိုးဖြစ်လာသည်။ အခန်းတံခါးချပ်ကို မဖွင့်ဝံ့အောင်ဖြစ်နေမိသည်၊ ယခင်က တစ်ယောက်တည်း ပြန်လာသည့်အခါမျိုးမှာ မိမိနေသောအခန်း ရှိရာသို့ ဝင်ချည်ထွက်ချည် ပြုနေသော်လည်း ထိုကဲ့သို့ မဖြစ်ခဲ့ဖူးပေ။

ယခုမှ ထူးထူးဆန်းဆန်းဖြစ်နေသောကြောင့် စိတ်ထဲမှာ အံ့သြနေသည်။ သို့သော်လည်း အပေါ်တက်လာပြီးမှတော့ မထူးတော့ပေ။

ဒီဂျန်သည် တံခါးချပ်အနီးသို့ ကပ်သွားပြီး တွန်းဖွင့်လိုက်လေသည်။

"ကျွီ"

တံခါးချပ် ပတ္တာမြည်သံကြောင့် စိတ်ထဲမှာ လန့်သွားသည်။ အခန်းထဲမှာ မှန်ချပ်အတော်များများ ရှိသည်။ နံရံမှာရှိသော မှန်ချပ်များ၊ ပြတင်းပေါက်မှန်ချပ်များ အခြားခါတ်ပုံမှန်ချပ်များအပြင် အလှကြည့်ရန် ချိတ်ဆွဲထားသောမှန်ချပ်များရှိနေသည်။

ဒီဂျန်သည် လက်စတာ ပြောလိုက်သောစကားများကြောင့် ထိုမှန်ချပ်များကို ရဲရဲမကြည့်ဝံ့အောင်ဖြစ်နေသည်။ သူမစိတ်ထဲမှာ မှန်ချပ်အတွင်းမှာ တစ်စုံတစ်ခု မြင်ရမည်ဟု ထင်နေမိသည်။

သို့သော်လည်း လောင်းကြေးထပ်ပြီး တကၠလာခြင်းဖြစ်သောကြောင့် ဒီအတိုင်းတော့ ပြန်ဆင်းမသွားဘဲ မှန်တင်ခုံပေါ်မှ ပစ္စည်းတစ်ခုခု ယူသွားရန် ဆုံးဖြတ်ပြီးနောက် မှန်တင်ခုံ ရှိရာသို့ အရဲစွန့်ပြီး လျှောက်သွားလေသည်။

ထိုသို့လျှောက်သွားစဉ် နံရံမှာ ချိတ်ဆွဲထားသည့် မှန်ချပ်များထဲတွင် အခန်းထောင့်တစ်နေရာမှာ ရပ်နေသည့် မည်းမည်းသဏ္ဌာန်ကြီးကိုတော့ ဒီဂျန်တစ်ယောက် မမြင်မိရှာပေ။

သူမသည် မှန်တင်ခုံရှေ့သို့ ရောက်သောအခါ ရှေ့မှာရှိနေသည့်မှန်ချပ်ကြီးကို မကြည့်မိအောင် မျက်နှာလွှဲထားလေသည်။ ပြီးနောက် မှန်တင်ခုံပေါ်မှာ ရှိသည့် နှုတ်ခမ်းနီ ဆိုးဆေး





တောင့်တစ်ခုကို ခပ်မြန်မြန် ယူ၍ ချက်ချင်းပြန်လှည့်ခဲ့လေသည်။

ထိုအချိန်တွင် မှန်ချပ်ထဲမှာ အရိပ်မည်းကြီးက ပေါ်နေသည်။ အခန်းအပြင်သို့ ရောက်သောအခါ တံခါးချပ်ကို ချက်ချင်းပြန်ပိတ်လိုက်သည်။

ထို့နောက် လှေခါးထိပ်သို့ ခပ်သုတ်သုတ် လျှောက်လာလေသည်။ ထိုနေရာရောက်သောအခါမှ အန္တရာယ်က သူမအတွက် စောင့်နေတော့သည်။

ထောင့်ချိုးတစ်ခုကို ချိုးလိုက်သည်နှင့် အမှောင်ရိပ်အတွင်းမှ ထွက်လာသော ဆံပင်ဖားလျားချထားသည့် မည်းမည်းသဏ္ဌာန်ကြီးနှင့် မျက်နှာချင်းဆိုင် တိုးလေတော့သည်။

ရုတ်တရက်မို့ ဒီဂျန်မှာ စိတ်မထိန်းနိုင်လောက်အောင်ဖြစ်သွားပြီး အသံကုန် အော်ဟစ်လိုက်လေတော့သည်။

"အား. . . "

ထိုသို့အော်ဟစ်လိုက်တော့မှ ရယ်သံများ ထွက်လာပြီးနောက် မာရီနှင့် လက်စတာတို့နှစ်ယောက်မှန်း သိရလေတော့သည်။

"ဘယ်လိုလဲ. . . မကြောက်တတ်ဘူးဆို၊ အခုတော့လည်း အော်လိုက်တာ ငယ်သံကို ပါလို့ပါလား"

"အမှတ်တမဲ့ဆိုတော့ လန့်သွားတာပေါ့ဟဲ့"

ထိုသို့ပြောနေကြစဉ် အဆောင်မှူး ရောက်လာပြီး လာမေးလေသည်။

"စောစောက ဒီအခန်းက အော်သံကြားလိုက်တယ် ဘာဖြစ်ကြတာလဲ"

"ဘာမှမဖြစ်ပါဘူး တီချာ၊ အချင်းချင်း နောက်ပြောင်ကြရင်းနဲ့ လန့်သွားကြလို့ပါ"

အဆောင်မှူးက ဘာမှထပ်မပြောတော့ဘဲ သူမအခန်းရှိရာသို့ ပြန်သွားလေသည်။

အခန်းတွင်း ရောက်သောအခါ အိပ်ခန်းရှိရာသို့ မသွားသေးဘဲ ရေချိုးခန်းအတွင်းသို့ ဝင်လာသည်။ သူမ ဝင်လာသောအချိန်မှာပင် မှန်ထဲမှာပေါ်နေသော မည်းမည်းသဏ္ဍာန် အရိပ်ကြီးကိုတော့ သတိမပြုမိရှာပေ။ လက်ဆေးကန် ရှိရာသို့ ရောက်သောအခါ မျက်နှာကို ရေနှင့် ဆေးကြောပြီး နံရံမှာ ထောင်ထားသော မှန်ကို ကြည့်လိုက်သည်။

ထိုအခါ မှန်ထဲမှာ ရပ်နေသော မည်းမည်းသဏ္ဍာန်ကြီးကို တွေ့သဖြင့် များစွာထိတ်လန့်သွားလေသည်။ နောက်သို့ အလန့်တကြား လှည့်ကြည့်လိုက်သောအခါ အခန်းတွင်းမှာ ဘာမှမတွေ့ရပေ။ နောက်တစ်ကြိမ် မှန်အတွင်းသို့ ကြည့်လိုက်သောအခါ ဘာမှမတွေ့ရတော့ပေ။

သို့သော်လည်း ထိုအခန်းတွင်းမှာ ကြာကြာဆက်မနေဝံ့တော့သဖြင့် မျက်နှာပေါ်မှာ စိုနေသောရေစက်များကို တဘက်ဖြင့် သုတ်ရန် မှန်ကြည့်လိုက်သည်။ ဒီတစ်ကြိမ်မှာတော့ အံ့သြဖွယ်ရာမြင်ကွင်းကို တွေ့ရလေသည်။

အခြားမဟုတ်ပေ. . .။





အပြင်မှာ သူမက လှုပ်လှုပ်ရှားရှား ပြုလုပ်နေသော်လည်း မှန်ထဲမှာ ထင်နေသောပုံရိပ်ကတော့ မလှုပ်မယှက်နှင့် တောင့်တောင့်ကြီး ရပ်နေလေသည်။

"ဟင်. . ."

သူမက မျက်နှာကို လက်ဖြင့် စမ်းကာ လှုပ်ကြည့်သော်လည်း မှန်ထဲမှာ ထင်နေသောပုံရိပ်က မလှုပ်မယှက်ဖြင့် ရပ်ကာ မျက်လုံးပြူးကြီးဖြင့် စိုက်ကြည့်နေသည်။ ထိုသို့ကြည့်နေရင်းမှာပင် မျက်လုံးနှစ်လုံးအတွင်းမှ သွေးများ စီးကျလာသည်။

ထို့နောက်. . .

မျက်နှာကြီးက ကြောက်မက်ဖွယ်ရာ ပုံပန်းသဏ္ဍာန်ဖြစ်လာပြီးနောက် အသံသြသြကြီးဖြင့် ပြောသည်။

"နင့်ရဲ့ဝိညာဉ်က ငါ့လက်ထဲ ရောက်နေပြီ၊ မကြာခင်မှာ နင်သေရတော့မယ်၊ မကြာခင်မှာ နင်သေရတော့မယ်"

ထိုသို့ပြောဆိုနေစဉ် အပြင်မှာ ရပ်နေသော အဆောင်မှူး အမျိုးသမီး၏မျက်လုံးနှစ်ဖက်အတွင်းမှ သွေးများ စီးကျလာတော့မည်။ သွေးရည်များမှာ မျက်ရည်စီးကျသကဲ့သို့ စီးကျလာရာ လက်ဖြင့် သုတ်ပစ်သောအခါ မျက်နှာတစ်ခုလုံး သွေးများဖြင့် နီရဲသွားလေသည်။

သူမသည် ထိတ်လန့်ကြောက်ရွံ့စွာဖြင့် အော်ဟစ်ရန် ကြိုးစားသော်လည်း အသံက မထွက်နိုင်တော့ပေ။

"အစ်. . အစ်. . အစ်"

ထိုသို့ မချိမဆံ့ အော်ဟစ်ရင်းမှပင် ဒူးများ ညွတ်ကျ

သွားကာ ကြမ်းပြင်ပေါ် သို့ ခွေလဲကျသွားလေတော့သည်။ ထို အချိန်မှာ မျက်နှာပေါ်မှ စီးကျလာသောသွေးများကလည်း မျက်နှာသာမက ကြမ်းပြင်ပေါ် သို့ပင် နီရဲနေလေပြီ။

"နင့်ရဲ့ဝိညာဉ် ငါ့လက်ထဲ ရောက်နေပြီ၊ နင်သေရတော့မယ်. . . နင်သေရတော့မယ်"

မှန်ထဲမှ ပုံရိပ်က အသံသြသြကြီးဖြင့် ပြောနေစဉ်မှာ အဆောင်မှူးမှာ ကြမ်းပေါ်မှာ လဲကျသေဆုံးသွားလေတော့သည်။

လက်စတာတို့ နေသောအဆောင်မှာ အဆောင်မှူး အမျိုးသမီး သေဆုံးသွားပြီးသည့်နောက်မှာ ပိုမို၍ ချောက်ချားဖွယ်ရာဖြစ်လာလေတော့သည်။

လက်စတာတို့မှာလည်း ထိုအဆောင်မှာ မနေချင်ကြသော်လည်း အခြားနေစရာအဆောင် မရှိကြသောကြောင့် မလွှဲသာသည့်သဘောမျိုးဖြင့် နေကြရလေသည်။

"နင်တို့ကို ငါပြောတယ်မဟုတ်လား၊ ဒီအဆောင်မှာ မှန်သရဲ ရှိတယ်ဆိုတာကို မယုံကြဘူး၊ အခုတော့ လက်တွေ့မြင်ကြပြီ မဟုတ်လား၊ အဆောင်မှူး သေတာ မှန်ရှေ့မှာဆိုတော့ မှန်သရဲလက်ချက်ပဲဖြစ်မှာပဲ"

ဟု လက်စတာက ကျန်နှစ်ယောက်ကို ပြောလိုက်လေသည်။ ကျန်နှစ်ယောက်ကတော့ လက်စတာ ပြောနေသည်ကို အလေးအနက် မထားကြပေ။

"နင်ကလည်းဟယ်. . . ဒီလောက် အစွဲအလမ်းများ





မနေပါနဲ့၊ အဆောင်မှူးက ရောဂါတစ်ခုခုကြောင့် သေသွားတာလည်း ဖြစ်နိုင်တာပဲ"

"ဆရာဝန်ရဲ့ဆေးစစ်ချက်မှာ ဘာရောဂါလက္ခဏာမှ မတွေ့ရဘူးလို့ ပြောတယ်လေ၊ ရုတ်တရက် အကြောက်လွန်လို့ နှလုံးသွေးရပ်ပြီး သေရတာလို့ ပြောတာကရော ဘယ်လိုပြောကြမလဲ"

"အို. . . ငါတို့က ဆေးကျောင်းသူတွေမှ မဟုတ်တာ၊ ဒါမျိုးတွေ ဘယ်သိပ့်မလဲ၊ နင်ပြောသလိုတော့ ဟုတ်မယ် မထင်ပါဘူး"

"ဟုတ်တယ် လက်စတာရဲ့၊ သိပ်လည်း ကြောက်မနေနဲ့၊ အကြောက်လွန်လွန်းရင် ကိုယ့်ကိုယ်ကို ဒုက္ခပေးသလို ဖြစ်တတ်တယ်"

ဟု ဝိုင်းပြောရာ လက်စတာလည်း ဘာမှမပြောသာတော့သဖြင့် ငြိမ်နေလိုက်ရတော့သည်။





## အခန်း(၁၁)

# ရှေးဟောင်းပြတိုက်မှ ဝိညာဉ်လှောင်အိမ်

နောက်တစ်ပတ်ခန့်ကြာသောအခါ ကျောင်းအားလပ်သောနေ့တွင် လက်စတာနှင့် မာရီတို့မှာ ၎င်းတို့နေအိမ်သို့ ပြန်သွားကြလေသည်။

၎င်းတို့နှစ်ယောက်မှာ မြို့ခံများဖြစ်သောကြောင့် ကျောင်းအားလပ်ချိန်တိုင်း အိမ်သို့ ပြန်ကြလေသည်။ ဒီဂျန်ကတော့ အခြားမြို့မှ လာရောက်သူဖြစ်သောကြောင့် မပြန်ဘဲ အဆောင်မှာသာ အမြဲနေသူဖြစ်သည်။ မာရီနှင့်လက်စတာတို့ ၎င်းတို့အိမ်မှာ အိပ်ကြသောညများတွင် ဒီဂျန်မှာ အဆောင်၌

တစ်ဦးတည်း အိပ်ရလေသည်။

သို့သော် သူမက မကြောက်တတ်ပေ။

မကြောက်တတ်သည့်အပြင် အခန်းဖော်နှစ်ယောက် မရှိကြသည်ကိုပင် သဘောကျနေတတ်သည်။

အဘယ်ကြောင့်ဆိုသော်. . .

အခန်းဖော်နှစ်ယောက် မရှိသောအချိန်တွင် သူမ ချစ်သူနှင့် လွတ်လွတ်လပ်လပ် တွေ့ခွင့်ရသောကြောင့်ဖြစ်သည်။ ယခုညမှာလည်း လက်စတာနှင့်မာရီတို့နှစ်ယောက် အိမ်ပြန်သွားကြသဖြင့် အဆောင်တွင် ဒီဂျန်တစ်ယောက်တည်း ရှိနေသည်။

အဆောင်မှူးအမျိုးသမီး သေဆုံးသွားသည်မှာ မကြာသေးသောကြောင့် နောက်ထပ် အဆောင်ကိုင်မည့်သူကလည်း မရောက်သေးပေ။

အခြားအဆောင်မှ အဆောင်မှူးတစ်ယောက်က ယာယီ တာဝန်ယူထားသော်လည်း အဆောင်မှာတော့ အမြဲလာမနေပေ။

သို့ကြောင့် ဒီညအဖို့တော့ အဆောင်မှာ ဒီဂျန်တစ်ယောက်တည်း နေရပေတော့မည်။

အောက်ထပ်မှာ အစောင့်ရှိသည် ဆိုသော်လည်း အပေါ်မတက်ရပေ။ သို့ကြောင့် သူမချစ်သူထံ ဖုန်းဆက်သောအခါ အလုပ်ကိစ္စ ရှိနေသောကြောင့် ညဦးပိုင်းအချိန်မှ ရောက်လာမည်ဖြစ်ကြောင်း ဖုန်းပြန်ဆက်လေသည်။

ညဦးပိုင်းအချိန် ရောက်လာနိုင်မည့်ချစ်သူကို စောင့်ရင်း





ထိုအချိန်မတိုင်မီမှာတော့ သူမတစ်ယောက်တည်း နေရမည်ဖြစ်သည်။

"ကလင်. . . ကလင်. . . ကလင်"

ညဦးပိုင်းအချိန်ရောက်သောအခါ တယ်လီဖုန်း မြည်လာသောကြောင့် နားထောင်ကြည့်လိုက်သည်။

"ဟလို. . . ဟလို"

အတန်ကြာသည်အထိ တစ်ဖက်မှ စကားပြန်မရပေ။

"ဟလို. . . ဟလို. . . ဘယ်သူပါလဲ ဘယ်ကပါလဲရှင်"

"ငါ တမလွန်က ဆက်နေတာ"

"ရှင်. . . "

"ဒီည နင့်ရဲ့ဝိညာဉ်ကို လာယူရလိမ့်မယ်"

"ရှင်. . . "

ဒီဂျန်က အလန့်တကြားနှင့် တယ်လီဖုန်းကို ခွာလိုက်သည်။

ထိုအခါမှ တယ်လီဖုန်းခွက်အတွင်းမှ ရယ်သံလိုလို ကြားလိုက်ရသဖြင့် ပြန်နားထောင်လိုက်သည်။

"ဟဲလို. . . ဘယ်သူပါလဲ"

"ငါပါ ဒီဂျန်ရဲ့၊ နင်တော်တော်လန့်သွားသလား"

ထိုအခါမှ မာရီအသံဖြစ်မှန်း သိရပြီး သက်ပြင်းချနိုင်တော့သည်။

"အခု နင်တစ်ယောက်တည်းပဲလား ဒီဂျန်"

"အေး. . . ဟုတ်တယ်"

"သူ မလာသေးဘူးလား"

"ဟင့်အင်း. . . မလာသေးဘူး၊ ညဦးပိုင်းအချိန်လောက်မှ လာနိုင်မယ်လို့ ဖုန်းဆက်ထားတယ်"

"သူ ရောက်မလာခင်အထိ နင်ပျင်းနေမှာပေါ့၊ ဒါထက် အဆောင်မှာ တစ်ယောက်တည်း နေရတာ နင်မကြောက်ဘူးလား"

"မကြောက်ပါဘူး. . . ဘာကြောက်စရာရှိသလဲ"

"မှန်ထဲက ထွက်လာတဲ့သရဲ မကြောက်ဘူးလား"

"မကြောက်ပါဘူး"

"အေးပါဟာ. . . နင်က သတ္တိကောင်းတဲ့သူပဲ၊ တို့ မနက်စောစောမှပဲ ပြန်လာတော့မယ်၊ ဒါပဲနော် ဒီဂျန်"

"အေး. . . အေး. . . ဂွတ်နိုက်"

ဒီဂျာက ဖုန်းခွက်ကို ပြန်ချထားလိုက်သည်။ ယခုလို ညမျိုးမှာ သူ့ချစ်သူ အမြန်ရောက်လာဖို့သာ အရေးအကြီးဆုံးဖြစ်သည်။

ဒီလိုအခွင့်အရေးမျိုးက ရတောင့်ရခဲသော အခွင့်အရေးမျိုးဖြစ်သည်။ နာရီကြည့်လိုက်တော့ သူမချစ်သူ ရောက်လာရန် ချိန်းထားသောအချိန် နီးနေပြီဖြစ်သောကြောင့် အလှပြုပြင်ရန်အတွက် အခန်းထဲသို့ ဝင်လာလေသည်။

သူမကသာ ဇောကပ်နေသဖြင့် သတိမထားမိသော်လည်း အဆောင်တစ်ခုလုံးမှာ ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေသည်။ ဝရန်တာတလျှောက်မှာ ထွန်းထားသော မီး





ရောင်များကလည်း ခပ်မှိန်မှိန်သာ ရှိနေသည်။

စင်္ကြံလမ်းမှ ဖြတ်လျှောက်လာစဉ် ပြတင်းပေါက်မှန်ချပ်ပေါ်မှာ ပေါ်နေသာမည်းမည်းသဏ္ဍာန်ကြီးကိုတော့ သူမ သတိမပြုမိပေ။

အလှပြင်သည့်အခန်းထဲ ရောက်လာတော့မှ တစ်စုံတစ်ခုကို သတိရသွားသဖြင့် ခြေလှမ်းတုံ့သွားသည်။ အလှပြင်ခုံပေါ်မှာ ထောင်ထားသည့် ကိုယ်လုံးပေါ်မှန်ချပ်ကြီးကို မြင်လိုက်ရပြီး လက်စတာ ပြောခဲ့သောအကြောင်းများကို ပြန်လည် သတိရလိုက်မိသောကြောင့် ဖြစ်သည်။

"မှန်သရဲ. . ."

ထိုအတွေးကြောင့်ပင် သူမနှင့် မနီးမဝေးမှာ ရှိနေသော မှန်ချပ်ကို လှမ်းမကြည့်ဝံ့အောင်ဖြစ်သွားသည်။ တဆက်တည်းမှာပင် မကြာသေးခင်က သေဆုံးသွားခဲ့သည့် အဆောင်မှူး အကြောင်းကိုပါ တွေးမိပြန်သည်။

"အို. . . ဒါတွေက တကယ်ရှိတာတွေ မဟုတ်ပါဘူး၊ သူတို့ ပြောနေတဲ့ မှန်သရဲဆိုတာလည်း တကယ်မရှိနိုင်ပါဘူး၊ လူတွေ ကြောက်တယ်ဆိုတာ ကိုယ့်စိတ်က ပြန်ခြောက်နေတာပဲ ဖြစ်မှာပါ"

ဟု စိတ်တင်းလိုက်ပြီး မှန်တင်ခုံရှေ့သို့ လျှောက်လာသည်။ ထိုသို့လျှောက်လာနေစဉ်မှာ မမြင်ရသောတစ်နေရာမှ တစ်စုံတစ်ယောက်က သူမ၏လှုပ်ရှားမှုများကို စောင့်ကြည့်နေသကဲ့သို့ စိတ်ထဲမှာ ထင်လာမိလေသည်။

မှန်ရှေ့ရောက်ပြီး ကြည့်လိုက်သောအခါ သူမနောက်ဘက် တစ်နေရာ အခန်းထောင့်တစ်နေရာမှာ ရပ်နေသော မည်းမည်းသဏ္ဌာန်ကြီးကို တွေ့ရတော့သည်။

"ဟင်"

အထိတ်အလန့်ဖြင့် နောက်သို့ လှည့်ကြည့်လိုက်သည်။

ဘာမှမတွေ့ရပေ။

ဒီတစ်ကြိမ်တော့ သူမကို နောက်ပြောင်ပြီး ခြောက်လှန့်မည့်သူများ တစ်ယောက်မှ မရှိကြပေ။

ဒီတစ်ကြိမ်တော့ ဒီဂျန် စိတ်ထဲမှာ ကြောက်ရွံ့သလိုမျိုးဖြစ်လာသည်။

အခန်းထဲမှာ တစ်ယောက်တည်း ဆက်မနေဝံ့တော့အောင် ဖြစ်လာတော့သည်။ ထို့ကြောင့် သင့်တော်သလောက်သာ ပြုပြင်ပြီး အမြန်ဆုံး အောက်သို့ ပြေးဆင်းရန် ကြိုးစားလေသည်။

သို့သော နောက်ကျသွားပေပြီ။

နောက်တစ်ကြိမ် မှန်အတွင်းမှာ ရပ်နေသော မည်းမည်းသဏ္ဌာန်ကြီးက ကျောဘက်နားမှာ ကပ်နေပြီး ဆံပင်ရှည်များက မျက်နှာတစ်ခုလုံး ဖုံးထားပြီး ကိုယ်ပေါ်သို့ ကျနေသည်။ အလောင်းကောင်များကို ဝတ်ပေးသော အဝတ်ဖားဖားကြီးကို ဝတ်ထားသော မိန်းမတစ်ယောက်ပင်ဖြစ်ပေသည်။

ဒီဂျန်က အထိတ်တလန့်နှင့် သူမနောက်သို့ လှည့်ကြည့်ပြန်တော့လည်း ဘာမှမတွေ့ရပြန်ချေ။ ထိုအချိန်မှာပင် ထူးဆန်း





မှုတစ်ခုဖြစ်လာတော့သည်။ သူမက အပြင်မှာ လှုပ်ရှားနေသော်လည်း မှန်ချပ်ထဲမှာပေါ်နေသော ပုံရိပ်က တောင့်တောင့်ကြီးဖြစ်သွားတော့သည်။

"ဟင်. . ."

ကြည့်နေရင်းမှာပင် မျက်နှာသွင်ပြင်အမူအရာ ပြောင်းလာပြီး ကြောက်မက်ဖွယ်ဖြစ်လာသည်။ မှန်ထဲမှာ ပေါ်နေသော မျက်နှာပေါ်ရှိ မျက်လုံးအတွင်းမှ သွေးများ စီးကျနေသည်။ ဒီဂျန်က ကြောက်ကြောက်လန့်လန့်ဖြင့် သူမမျက်နှာကို လက်ဖြင့် စမ်းကြည့်လိုက်သည်။ သူ့မျက်နှာပေါ်မှာလည်း သွေးများ စီးကျနေလေသည်။

လက်ဖြင့် သုတ်ဖယ်ပစ်သောအခါ မျက်နှာတစ်ခုလုံး သွေးများဖြင့် နီရဲသွားတော့သည်။

"နင့်ရဲ့ဝိညာဉ်က ငါ့လက်ထဲ ရောက်နေပြီ၊ နင်သေရတော့မယ်. . . ခုချက်ချင်းသေရတော့မယ်"

ဟု ကြောက်မက်ဖွယ်ကောင်းသောအသံကြီးဖြင့် ပြောလိုက်စဉ်မှာပင် ဒူးများက ညွတ်လာပြီး ကြမ်းပြင်ပေါ်သို့ ခွေကျသွားလေတော့သည်။

"အား. . ."

ဒီဂျန်မှာ ကြောက်ကြောက်လန့်လန့်ဖြင့် အသံကုန် ဟစ်အော်လိုက်သော်လည်း အသံမထွက်နိုင်တော့ပေ။

အထက်ပါအကြောင်းအရာများမှာ လက်စတာက ဒေါက်တာမင်းထင်ကျော်တို့ကို ပြောပြနေခြင်းပင်ဖြစ်သည်။

သူတို့သုံးယောက်စလုံးမှာ ထိုအကြောင်းများကို နားထောင်ရသည်မှာ များစွာစိတ်ဝင်စားမှုဖြစ်ရလေသည်။

"နောက်တစ်နေ့မနက်ပိုင်း ကျွန်မတို့နှစ်ယောက် အဆောင်ပြန်ရောက်ကြတော့ သူ မရှိတော့ပါဘူး၊ ဆေးရုံရောက်နေပါပြီ၊ ဆေးရုံလိုက်ကြည့်တော့လည်း မျက်လုံးနဲ့ မျက်နှာတစ်ခုလုံး သွေးတွေ စီးကျနေတာကို တွေ့ခဲ့ရပါတယ်"

"ဒါထက် လက်စတာက အခု အဆောင်မှာပဲ နေတာလား"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"ဒီဂျန် မရှိတော့တဲ့နောက်မှာ အဖော်ရှိတဲ့အခါ အဆောင်မှာ နေပြီး အဖော်မရှိတဲ့အခါမှာတော့ အိမ်မှာပဲ ပြန်နေပါတယ်"

"အဆောင်မှာ နေတဲ့အခါမှာကော နောက်ထပ် လန့်စရာတွေ တွေ့သေးလား"

"တစ်ခါတော့ ကျွန်မကိုယ်တိုင် တွေ့ရပါတယ်"

"ဘယ်လိုတွေ့တာလဲ. . . အဆောင်ထဲမှာ တွေ့တာလား"

"မဟုတ်ပါဘူး. . . စာသင်ခန်းထဲမှာ တွေ့တာပါ"

ဟု လက်စတာက ဆက်ပြောပြသည်။ ထိုနေ့က စာသင်ခန်းအတွင်းမှာ သူမ ကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်ကတော့ ထိတ်လန့်ချောက်ချားစရာပင်ဖြစ်ပေသည်။

အခန်းတွင် အခြားကျောင်းသားများစွာတို့ ရှိနေကြပြီး





ဆရာက စာသင်နေသောအချိန်လည်းဖြစ်သည်။ အခန်းပတ်လည်မှာ မှန်တံခါးများ တပ်ဆင်ထားပြီး အဝင်ပေါက် တံခါးချပ်ကြီးမှာလည်း မှန်တံခါးချပ်ကြီးပင်ဖြစ်သည်။

စာသင်နေစဉ်အချိန်တွင် မျက်စိတစ်ဖက်မှ စိုစွတ်စွတ်ဖြစ်လာသဖြင့် လက်ဖြင့် စမ်းကြည့်လိုက်သည် မျက်ရည်လိုလို သွေးစလိုလို အရည်များဟာ လက်မှာ ကပ်ပါလာသောကြောင့် အိတ်ထဲမှ မှန်ချပ်ကို ထုတ်ကြည့်လိုက်သည်။

မျက်နှာပြင်ပေါ်မှာတော့ ဘာမှထူးထူးခြားခြား မတွေ့ရပေ။ သို့သော် မှန်ချပ်ထဲမှာ မြင်လိုက်ရသည်က သူမနောက်ဘက်မှာ မည်းမည်းသဏ္ဍာန်ကြီး ရပ်နေခြင်းပင်ဖြစ်သည်။

"အား. . ."

လက်စတာက ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီး မှန်ချပ်ကို လွှတ်ချလိုက်သည်။

"ဘာဖြစ်တာလဲ လက်စတာ"

ဆရာက လှမ်းမေးသော်လည်း ပြန်မဖြေတော့ဘဲ နေရာမှ ထပြေးလေသည်။

"မှန်သရဲ ရောက်လာပြီ. . . မှန်သရဲ ရောက်လာပြီ"

သူမက ပါးစပ်မှ တတွတ်တွတ် ရေရွတ်ရင်း အခန်းပေါက်ဝသို့ ပြေးလေသည်။

မှန်ချပ်ကြီး တပ်ဆင်ထားသော အခန်းတံခါးပေါက်နေရာ ရောက်တော့မှ အခြေအနေက ပိုဆိုးသွားလေတော့သည်။ မှန်ချပ်ကြီးထဲမှာ မားမားကြီး ရပ်နေသောသရဲကို တွေ့ရ

လေတော့သည်။

ဆံပင်များက မျက်နှာပေါ် ဖုံးထားပြီး လူသေဝတ်သော အင်္ကျီဖားဖားကြီးကို ဝတ်ဆင်ထားသည့် မိန်းမတစ်ယောက်ပင် ဖြစ်သည်။ ထိုမိန်းမက မှန်ချပ်အတွင်းမှ ထွက်လာတော့မည့်ပုံသဏ္ဍာန်မျိုးဖြစ်သည်။

"အား"

လက်စတာက ထိတ်လန့်တကြား အော်ဟစ်လိုက်သည်။ အခန်းထဲမှာ ရှိနေကြသော အခြားသူများက သူမကို နားမလည်သလို လှမ်းကြည့်နေကြစဉ် ဆရာက သူမရှိရာသို့ ခပ်သုတ်သုတ် လာနေသည်။

လက်စတာမှာ ကြောက်လွန်အားကြီးပြီး ဘာမှ မစဉ်းစားနိုင်တော့ဘဲ အနီးမှာ ရှိသည့် ထိုင်ခုံတစ်လုံးကို ဆွဲယူပြီးနောက် မှန်ချပ်ကြီးကို ရိုက်ခွဲချလိုက်တော့သည်။

"ချွမ်း"

မှန်ချပ်ကြီးက တစ်စစီဖြစ်ကာ ကြမ်းပြင်ပေါ် သို့ ပြုတ်ကျသွားလေတော့သည်။

ထိုအခါမှာပင် ဆရာက သူမအနီး ရောက်ရှိလာပြီးနောက် လက်စတာပခုံးနှစ်ဖက်ကို ကိုင်ပြီးမေးလိုက်သည်။

"လက်စတာ သတိထားလေ. . . သတိထားလေ၊ ဘာဖြစ်တာလဲ. . . ဘာဖြစ်တာလဲ"

လက်စတာက ကြောက်ရွံ့ထိတ်လန့်စွာဖြင့် မော့ကြည့်လိုက်သေးသည်။





ထိုအခါ ဆရာတပ်ထားသောမျက်မှန်၏ မှန်နှစ်ဖက်တွင် မည်းမည်းသဏ္ဍာန်ကြီး ရပ်နေသည်ကို တွေ့မြင်ရသောကြောင့် သတိလစ်ကာ လဲကျသွားလေတော့သည်။

"ကျွန်မလည်း အဲ့ဒီအချိန်ကစပြီး မှန်ဆို ဘယ်မှန်မျိုးမှ မကြည့်ဝံ့အောင်ဖြစ်သွားပါတယ်၊ အိမ်မှာ ရှိတဲ့မှန်တွေအားလုံးကော ကျွန်မအခန်းထဲမှာ ရှိတဲ့မှန်တွေအားလုံးကော မကြည့်ဝံ့တော့တာနဲ့ အားလုံးမမြင်ရအောင် အဝတ်တွေနဲ့ ဖုံးထားရပါတယ်"

ဟု လက်စတာက ပြောလေသည်။

"သိပ်လည်း မကြောက်ပါနဲ့ လက်စတာ၊ မှန်တွေကတော့ ဒီလိုဖြစ်မယ်မထင်ပါဘူး၊ တစ်စုံတစ်ခုရဲ့ အနှောင့်အယှက်ပယောဂ တစ်ခုခု ရှိနေတာလည်း ဖြစ်မှာပါ"

"ဘာပဲဖြစ်ဖြစ် ကျွန်မတော့ ဘယ်မှန်ချပ်ကိုမှ မကြည့်ဝံ့တော့ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့မိသားစုတွေက မှန်တွေနဲ့ အကျိုးမပေးဘူးထင်တယ်၊ ကျွန်မအစ်မ ကုမုဒြာတုန်းကလည်း ဖေဖေက မှန်တစ်ချပ် လက်ဆောင်ပေးပြီး မကြာခင်မှာပဲ အန္တရာယ်နှင့် တွေ့ခဲ့ရတာပါပဲရှင်"

လက်စတာက ပြောရင်းနှင့် မျက်ရည်ဝဲလာသောကြောင့် လက်ကိုင်ပဝါဖြင့် တို့သုတ်ပစ်လိုက်သည်။

"ကျွန်တော်သိသလောက် ပြောရရင် အခုဖြစ်နေတာတွေဟာ မှန်ကြောင့် ဖြစ်ရတာ မဟုတ်ပါဘူး၊ မြို့စားအိုစီရန်ကြောင့် ဖြစ်နေတာတွေပါ၊ သူစီစဉ်ထားတဲ့ မရဏာကြေးမုံကို

တွေ့အောင်ရှာပြီး ဖျက်ဆီးနိုင်မယ်ဆိုရင် ဒီအန္တရာယ်တွေက ချုပ်ငြိမ်းသွားမှာပါ"

"ဘာပဲပြောပြော ကျွန်မတို့မိသားစုကတော့ အန္တရာယ်တွေနဲ့ တွေ့ကြုံရတဲ့အချိန်မှာ အခုလို ဆရာတို့ ရောက်လာတာက သိပ်ပြီးဝမ်းသာတာပဲ"

"ကျွန်တော်တို့လည်း ရောက်တဲ့အခိုက်မှာတော့ တတ်နိုင်သလောက် အကူအညီပေးသွားပါ့မယ်၊ ဒါထက် ကုမုဒြာကို လက်ဆောင်ပေးတဲ့မှန်ကြီးကရော ဘယ်ရောက်သွားပြီလဲ"

"မမ သေဆုံးသွားပြီးတဲ့နောက်မှာ အိမ်မှာ ဆက်မထားဝံ့တော့တာနဲ့ ဖေဖေက တစ်နေရာ ယူသွားပြီး စွန့်ပစ်လိုက်တယ်လို့ ထင်ပါတယ်၊ ကျွန်မလည်း သေသေချာချာတော့ မသိပါဘူး"

"ဒါထက် အီဂျစ်မှ ရှေးဟောင်းပစ္စည်းတွေ ထားတဲ့နေရာ ရှိတယ်မဟုတ်လား"

"ရှိပါတယ်. . . မြို့စွန်လောက်မှာ ရှိပါတယ်၊ ဆရာတို့ သွားချင်ရင် ကျွန်မ လိုက်ပို့ပေးပါ့မယ်"

ဟု ပြောပြီး သူမကိုယ်တိုင် ကားဖြင့် လိုက်ပို့ပေးလေသည်။ ရှေးဟောင်းပြတိုက်မှာ မြို့စွန်ဘက်တွင် ရှိသောကြောင့် အတန်ငယ် ကြာအောင် မောင်းရလေသည်။

၎င်းအဆောက်အဦး ရှိသောနေရာမှာ ရှေးဟောင်းရပ်ကွက်တစ်ခုဖြစ်ပြီး အဆောက်အဦးပုံစံမှာလည်း ရှေးခေတ်က ဆောက်လုပ်အသုံးပြုခဲ့တဲ့ အဆောက်အဦးပုံစံမျိုးဖြစ်သည်။





အတွင်းမှာတော့ အီဂျစ်နှင့် ပတ်သက်သော သမိုင်းမှတ်တမ်းများ ပြသထားသည်။

နံရံမှာ ဆီဆေးဖြင့် ရေးထားသော ပန်းချီကားကြီးများမှာ စိတ်ဝင်စားဖွယ်ရာကောင်းလှသည်။ နံရံဖြင့်အပြည့် ရေးခြယ်ထားသောပန်းချီပုံများမှာ အတ္တလန်တစ် မြို့တော်ကြီး ဖြစ်ပေါ်တိုးတက်လာပုံများ၊ တောင်စဉ်တောင်တန်းများ ဝန်းရံလျက်ရှိသော ကုန်းမြေမြင့်ကြီး၌ စိမ်းစိုသောသစ်တောများ၊ လယ်ကွင်းများ၊ ထိုကျွန်းအလယ်၌ ရွှေရောင်တဝင်းဝင်း တောက်ပလျက်ရှိသော ရွှေမြို့တော်ကြီးကို ရေးဆွဲထားသည်မှာ ခန့်ညားထယ်ဝါလှသည်။ ရှေးအခါက မြို့သူမြို့သားများအချင်းချင်း ချမ်းသာကြွယ်ဝကြပုံများကို ရွှေရောင်တဝင်းဝင်းနှင့် ဆောက်လုပ်ထားသော အဆောက်အဦးများကို ခမ်းနားထယ်ဝါစွာ ရေးဆွဲထားလေ့ရှိသည်။

ထိုအချိန်က ကျွန်းသူကျွန်းသားများ ကိုးကွယ်သော 'ပိုဆီဒွန်' နတ်ကွန်းကြီးများကို ခန့်ညားထယ်ဝါစွာ ရေးဆွဲပြသထားသည်။

မြို့တည်ထားသောနေရာများကို လေးဘက်လေးတန် ကာရံထားသော တူးမြောင်းကြီးများထဲမှာ ဆိုက်ကပ်ထားသော လှေကြီးများ၊ ထို့ပြင် ရေတပ်၊ မြင်းတပ်၊ ဆင်တပ်၊ ကြည်းတပ်သားများကိုလည်း ခမ်းနားထည်ဝါစွာ ရေးဆွဲထားလေသည်။ ဒေါက်တာမင်းထင်ကျော်တို့မှာ အဆောက်အဦးအတွင်းသို့ ရောက်သောအခါ ရှေးဟောင်းပစ္စည်းများ ထားသောနေရာ

ဘက်သို့ လှည့်လည်ကြည့်ကြလေသည်။

အသုံးအဆောင်ပစ္စည်းများအား အမျိုးအမည်၊ သုံးစွဲခဲ့သော ခုနှစ်သက္ကရာဇ်တို့ကို အီဂျစ် အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးပြထားသည်။

ပြခန်းနေရာအနှံ့ လိုက်ကြည့်သော်လည်း သူတို့ ရှာဖွေနေသည့် မြို့စားကြီးအိုစီရန်နှင့် ပတ်သက်သောပစ္စည်းများကိုတော့ မတွေ့ရပေ။ ထို့ကြောင့် ပြခန်းတာဝန်ခံထံသို့ သွားပြီး မေးမြန်းကြည့်ရလေသည်။

"ဒီပြခန်းမှာ မြို့စားကြီးအိုစီရန်နဲ့ ပတ်သက်တဲ့ပစ္စည်းများ မရှိဘူးလား"

"ဒီပြခန်းမှာ အိုစီရန်ရဲ့ပစ္စည်းတွေ ဘာမှမရှိပါဘူး၊ မြေအောက်စတိုခန်းထဲမှာတော့ ဝိညာဉ်လှောင်အိမ်လို့ အမည်ပေးထားတဲ့မှန်တစ်ချပ်တော့ ရှိတယ်"

"အဲ့ဒီမှန်ချပ်က ပြခန်းမှာ ဘာကြောင့် မထားတာလဲ"

"ပြောရရင်တော့ အဲ့ဒီမှန်ချပ်က ကြည့်တဲ့သူတွေကို အတော်ဒုက္ခပေးတယ်၊ ဒါကြောင့် အပေါ်မှာ မထားတော့ဘဲ မြေအောက် စတိုခန်းထဲမှာ သိမ်းထားလိုက်တာပဲ"

"ဒါဖြင့် အဲ့ဒီမှန်က မရဏကြေးမုံလို့ အမည်ပေးထားတဲ့ မှန်လား"

"မဟုတ်ဘူးဗျ. . မရဏကြေးမုံက ကျွန်တော်တို့ဆီမှာ မရှိဘူး၊ အခု ဒီမှာရှိတဲ့မှန်က 'ဝိညာဉ်လှောင်အိမ်' လို့ အမည်ပေးထားတဲ့မှန်ဗျ၊ ကျွန်တော်သိသမျှ ပြောရရင်တော့ သေတဲ့လူ





တွေရဲ့ဝိညာဉ်တွေကို အဲ့ဒီမှန်ချပ်ထဲမှာ ထည့်ထားတယ်လို့တော့ ပြောသံကြားတယ်"

"ပြောပါဦး"

"မြို့စားကြီးအိုစီရန်က မှော်ဆရာတစ်ယောက်ဆိုတော့ မရဏကြေးမုံအပြင် ဝိညာဉ်တွေကို လှောင်ထားတဲ့ အခြားမှန်တွေကိုလည်း စီမံထားခဲ့တယ်၊ ပြောရရင်တော့ဗျာ. . . အဲ့ဒီမှန်ချပ်တွေထဲက ဝိညာဉ်တွေက အပြင်ထွက်လာပြီး မှန်ချပ်တွေကနေပြီး မှန်ကြည့်တဲ့လူတွေကို ဒုက္ခပေးတယ်လို့တော့ ကြားရတာပဲ"

"ဒါပြင် မရဏကြေးမုံက ဘယ်မှာရှိတယ်ဆိုတာရော ခင်ဗျားသိသလား"

"ဟင့်အင်း. . . မသိပါဘူး"

"ဒါဖြင့် မြေအောက်ခန်းထဲမှာ သိမ်းထားတဲ့ ဝိညာဉ်လှောင်အိမ် ရှိတဲ့မှန်ကိုရော ကြည့်ခွင့်ရှိပါသလား"

"မြေအောက်ခန်းထဲကိုတော့ ဘယ်သူ့ကိုမှ ဝင်ခွင့်မပေးတဲ့အတွက် ဝမ်းနည်းပါတယ်ဗျာ"

ထိုမျှလောက် သိရသည်နှင့်ပင် ဒေါက်တာမင်းထင်ကျော်မှာ များစွာကျေနပ်သွားသဖြင့် ရှေးဟောင်းသမိုင်းပြတိုက်အတွင်းမှ ပြန်ထွက်လာခဲ့ကြလေသည်။





# အခန်း(၁၂)

# ဝိညာဉ်လှောင်အိမ်မှ ထွက်လာသောသရဲ

မိမိတို့ တည်းခိုနေသော လက်စတာတို့နေအိမ်သို့ ရောက်သောအခါ သုံးယောက်သား တိုင်ပင်ဆွေးနွေးကြရလေသည်။

"ဒီတိုင်းဆိုရင် မြို့စားကြီးအိုစီရန်က ကုမုဒြာလို အသက်ရှိနေတဲ့ဝိညာဉ်တွေကို လှောင်ထားဖို့ 'မရဏာကြေးမုံ'ကို ပြုလုပ်ခဲ့ပြီး လူတွေကို ဒုက္ခပေးဖို့ သေပြီးသားလူတွေရဲ့ ဝိညာဉ်တွေကိုထားဖို့ 'ဝိညာဉ်လှောင်အိမ်'လို့ အမည်ပေးထားတဲ့ မှန်ချပ်

ကိုတော့ သပ်သပ်လုပ်ထားခဲ့တာ ဖြစ်ရမယ်"

"အမှန်ပေါ့ မောင်ထင်ကျော်ရဲ့၊ ကုမုဒြာဆိုတဲ့ မိန်းကလေးရဲ့ဝိညာဉ်ကို ထည့်လှောင်ထားတာက မရဏာကြေးမုံပေါ့။ အခု လက်စတာတို့ ပြောပြောနေတဲ့ မှန်သရဲဆိုတာ သူစီစဉ်ထားတဲ့ ဝိညာဉ်လှောင်အိမ်ထဲက ဝိညာဉ်တွေမှ ထွက်လာပြီး လူတွေကို တစ်ယောက်ပြီးတစ်ယောက် လိုက်ပြီးဒုက္ခပေးနေတာ ဖြစ်မှာပေါ့"

ဆရာကြီးသူရဇ္ဇက သူ၏ယူဆချက်ကိုပြောရာ ကျော်စွာကပါ ဝင်ပြောသည်။

"ဒီတိုင်းဆိုရင် ဝိညာဉ်လှောင်အိမ်ဆိုတဲ့မှန်ချပ် ရှိနေသရွေ့ လူတွေကို ထပ်ပြီးဒုက္ခပေးနေဦးမှာ သေချာတာပေါ့"

"အမှန်ပေါ့ မောင်ကျော်စွာရယ်၊ ဒီမှန်ချပ်ထဲမှာ လှောင်ထားတဲ့ဝိညာဉ်တွေကို လွတ်လပ်ခွင့်ရအောင် လုပ်မပေးမချင်း သူတို့က ဘယ်လိုအခြေအနေ ရောက်နေမှန်း မသိကြတော့ ဒီလိုပဲ အခြားလူတွေကို လိုက်ပြီးအန္တရာယ်ပေးနေကြဦးမှာ သေချာတာပေါ့"

ထိုအခါ ကျော်စွာက နားမလည်သဖြင့် ပြန်မေးလိုက်လေသည်။

"သေပြီးသားဝိညာဉ်တွေက ဘယ်လိုအခြေအနေ ရောက်နေမှန်း မသိဘူးဆိုတာ ဘယ်လိုအဓိပ္ပါယ်မျိုးလဲ ဆရာကြီး"

"ဒီလို မောင်ကျော်စွာရဲ့၊ တချို့က သေသွားပြီး ဝိညာဉ်





ဘဝ ရောက်နေတာတောင် သူတို့ကိုယ်သူတို့ သေမှန်း သိကြသေးတာ မဟုတ်ဘူး၊ ဒါကြောင့် တစ်စုံတစ်ယောက်က ချုပ်ကိုင်ပြီး စေခိုင်းထားရင် အဲ့ဒီခိုင်းထားတာတွေကိုပဲ လုပ်နေတတ်ကြတယ်"

"ဒါဖြင့် သူတို့ဘဝက ကြောက်စရာကောင်းတာထက် သနားစရာပိုကောင်းတာပေါ့နော်"

"အမှန်ပါပဲ. . . တမလွန် ရောက်သွားတဲ့ဝိညာဉ်တွေဟာ တချို့လည်း ဝိညာဉ်ဘဝ ရောက်နေမှန်းတောင် မသိကြဘူး၊ သိပြန်တော့လည်း ဘာမှမတတ်နိုင်ဘူး၊ မလုပ်နိုင်ကြတော့ဘူး၊ လူတွေက အမျှပေးဝေမှ ရကြတယ်၊ အစားအစာ ကျွေးမှ စားကြရတယ်"

"သနားစရာပါပဲ"

"သူတို့က အမျှလိုချင်လို့၊ အစားအစာ လိုချင်လို့၊ ဒါမှမဟုတ် တစ်ခုခုပြုလုပ်ပေးစေချင်လို့၊ မှာစရာ ပြောစရာ တစ်ခုခုရှိနေရင် လူတွေအနားကို ကပ်ဖို့ ကြိုးစားကြရတယ်၊ ကိုယ်ထင်ပြလို့ပဲဖြစ်ဖြစ် အိပ်မက်နဲ့ပဲဖြစ်ဖြစ်၊ အသံပေးလို့ပဲဖြစ်ဖြစ် အကူအညီတောင်းဖို့ ကြိုးစားကြရတယ်"

"ဟုတ်တယ်"

"အဲ့ဒီအခါ လူတွေက တစ္ဆေသရဲ ခြောက်လှန့်ပြီထင်ပြီး ပရိတ်တွေ ဂါထာမန္တန်တွေ ရွတ်ရင်တော့ အမျှမရတဲ့အပြင် ဟိုးအဝေးကို လွင့်စဉ်ထွက်သွားကြရတယ်"

"စိတ်မကောင်းစရာပါပဲ"

"ပရလောက ရောက်သွားပြီဆိုတာနဲ့ ပုံပန်းသဏ္ဌာန်တွေကလည်း မှတ်မိနိုင်စရာ မရှိတော့ဘဲ ကြောက်စရာတွေဖြစ်နေတော့လဲ ဒီလိုပဲ ထင်ကြ လုပ်ကြမှာပဲပေါ့။ ကိုယ့်အိမ်သားဖြစ်နေရင်တောင် မပြောဘဲနဲ့ မသိနိုင်ကြတော့ဘူး၊ အဲ့ဒီလိုနဲ့ အမျှအတန်း မရ၊ အစားအစာ မရှိ၊ နေစရာမရှိတဲ့ဘဝမျိုးနဲ့ ပရလောကမှာ နေကြရတဲ့ဝိညာဉ်တွေ မရေမတွက်နိုင်အောင် ရှိနေကြတယ်"

ဆရာကြီးသူရဇ္ဇက ရှင်းပြတော့မှ သိကြရလေသည်။

"ဒါ့ပြင် ဆရာကြီးပြောပြသလိုဆိုရင် ဝိညာဉ်လှောင်အိမ် မှန်ချပ်ထဲ ရောက်နေတဲ့ဝိညာဉ်တွေဟာ သူတို့ကိုယ်သူတို့ ဝိညာဉ်ဘဝ ရောက်နေတာတောင် မသိဘဲ မြို့စားကြီး ခိုင်းထားတာတွေကို လုပ်နေကြရတာပဲ ဖြစ်မှာပေါ့နော်"

"ဒီအတိုင်းပဲ ဖြစ်မှာပေါ့"

"ဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲ ဆရာကြီး"

"သူတို့ဝိညာဉ်တွေကို လှောင်ထားတဲ့မှန်ချပ်ကို တွေ့အောင်ရှာပြီး ဖျက်ဆီးပစ်ရမယ်၊ ပြီးရင် သူတို့ ဝိညာဉ်ဘဝ ရောက်နေပြီဆိုတာ သိအောင် လုပ်ပေးမယ်ဆိုရင်တော့ သူတို့ ဒီဘဝက လွတ်မြောက်ကြရမှာပါ"

"အဲဒီတော့မှ အန္တရာယ်တွေလည်း ပျောက်သွားမှာပေါ့"

ဟု ပြောလေသည်။

"ဘယ်လိုလုပ်မလဲ ဆရာ"





ကျော်စွာက တစ်ခုခု လုပ်ချင်သည့်အမူအရာဖြင့် ဒေါက်တာမင်းထင်ကျော်ကို ကြည့်လိုက်သေလည်။

"ကျွန်တော့်သဘောကတော့ အဲ့ဒီမှန်ချပ်ကို တွေ့အောင်ရှာပြီး ဖျက်ဆီးပစ်ချင်တာပဲ"

"သူတို့က မြေအောက်ခန်းထဲမှာ ထည့်ထားတာဆိုတော့ ဘယ်လိုဝင်မလဲ"

"ဒီလိုပဲ ကြိုးစားပြီး ရအောင်ဝင်ရမှာပေါ့"

ဟု ပြောပြီး နှစ်ယောက်သား ပြုလုပ်ကြမည့် အစီအစဉ်များကို တိုင်ပင်ကြလေသည်။

ထိုသို့ပြုလုပ်မည့်အစီအစဉ်ကိုလည်း လက်စတာကို ပြောပြရသည်။

"ဖြစ်ပါ့မလား ဆရာ၊ အန္တရာယ်မများလွန်းဘူးလား"

"ဒီလိုမှ မလုပ်ရင် ကျန်တဲ့လူတွေ ဆက်ပြီးဒုက္ခရောက်နေကြဦးမှာပဲ၊ အားလုံးအတွက် ဒီတစ်လမ်းပဲ ရှိတော့တယ်"

"ကျွန်မ ဘယ်လိုအကူအညီပေးရမလဲ"

"လက်စတာတော့ မလိုက်ပါနဲ့၊ ကျွန်တော်တို့နှစ်ယောက်ပဲ သွားကြမှာပါ"

"သတိတော့ ထားပါ ဆရာရယ် အန္တရာယ်များလွန်းလှပါတယ်"

ထို့နောက် ညနေပိုင်းအချိန်တွင် အသုံးပြုမည့် လက်နက်ပစ္စည်းကိရိယာများကို ယူဆောင်ကြပြီး အငှားယာဉ်တစ်စီးကို ခေါ်ပြီး ရှေးဟောင်းသမိုင်းပြတိုက် ရှိရာသို့ သွားကြလေ

သည်။

အငှားယာဉ်ကိုတော့ ထိုနေရာရောက်သည်အထိ ခေါ်မသွားဘဲ တစ်နေရာမှာ ဆင်းကြလေသည်။

နှစ်ယောက်စလုံး အနက်ရောင်အကျီဘောင်းဘီများ ဝတ်ဆင်ထားပြီး မျက်နှာကို ရုတ်တရက် မမှတ်မိစေရန် ဦးထုပ်ကို ခပ်စိုက်စိုက် ဆောင်းထားကြသည်။

တစ်နေရာမှ အခြေအနေကို အကဲခတ်ကြည့်ကြသောအခါ ညနေစောင်းအချိန်တွင် ပြတိုက်ကို ပိတ်ပြီး အရှေ့ဘက်တွင် အစောင့်တစ်ဦး ထားရှိလေသည်။

မှောင်စပျိုးသောအချိန်တွင် နှစ်ယောက်သား နောက်ဘက်ဝင်ပေါက်ရှိရာသို့ သွားကြသည်။

အနောက်ဘက်၌ အစောင့်မရှိပေ။

တံခါးရှိရာသို့ ရောက်သောအခါ ကျော်စွာက ပိတ်ထားသော သော့ကို သော့တစ်ချောင်းဖြင့် ဖွင့်ပြီး အတွင်းသို့ ဝင်ကြလေသည်။

အတွင်းသို့ ရောက်သောအခါ မြေအောက်ခန်း ဆင်းသည့်နေရာကို ခက်ခက်ခဲခဲ မရှာကြရပေ။

ထိုတံခါးပေါက်မှ သော့ကိုပါ ဖွင့်ပြီး လှေခါးထစ်များမှ မြေအောက်ခန်းသို့ ဆင်းကြလေသည်။

ထိုနေရာမှာ မီးရောင်မရှိသောကြောင့် လက်နှိပ်ဓါတ်မီးရောင်များကို အသုံးပြုကြရလေသည်။

အောက်သို့ ရောက်သောအခါ အလင်းရောင် အား





နည်းသော မီးပွင့်အချို့ ထွန်းထားသောကြောင့် အခန်းတွင်းမှ အခြေအနေကို ဝိုးတဝါး မြင်ကြရသည်။

မြေအောက်ခန်းမှာ အတော်ကျယ်ဝန်းသည်။

သို့သော်လည်း နေရာအနှံ့မှာ ပစ္စည်းအဟောင်းများက ရှိနေသည်။

ရုပ်တုအကျိုးအပဲ့များ၊ အပျက်အစီးများ၊ ပစ္စည်းဟောင်းများနှင့် ရှေးဟောင်းသုံး ပရိဘောဂအဟောင်းများကို တွေ့ကြရသည်။

သူတို့ မြေအောက်အခန်းသို့ ရောက်သောအခါ အခန်းတစ်ခုလုံး တိတ်ဆိတ်နေသော်လည်း တစ်နေရာမှ တီးတိုးပြောဆိုနေသော စကားသံလိုလို၊ ညည်းညူသံလိုလို အသံအချို့ကို မသဲမကွဲ ကြားရလေသည်။

အချို့ အခန်းနံရံမှ ထောင်ထားသောအရုပ်ကြီးများမှာ ကြောက်မက်ဖွယ်ရာ ပုံပန်းသဏ္ဍာန်မျိုး ရှိလေသည်။

နေရာအတော်များများမှာတော့ ပင့်ကူမျှင်များနှင့် ဖုန်များက ထုတက်နေကြသည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ လက်နှိပ်မီးရောင်များ အသုံးပြုကာ မြေအောက်ခန်းထဲမှာ ထားသောအရုပ်များ၊ ပစ္စည်းများကို လိုက်လံကြည့်ကြလေသည်။

အချို့နေရာများမှာတော့ မှန်တင်ခုံနှင့် မှန်ချပ်အဟောင်းများ ရှိသော်လည်း သူတို့ ရှာဖွေနေသောမှန်ချပ်မျိုးတော့ မတွေ့ရပေ။

ဤသို့ဖြင့် တစ်နေရာပြီး တစ်နေရာ လှည့်လည် ကြည့်ရှုကြရင်းမှ အတွင်းပိုင်းတစ်နေရာသို့ ရောက်သောအခါ မှန်ချပ်အကြီးအသေးများကို တွေ့ရလေသည်။

မှန်ချပ်များမှာ ရှေးဟောင်းခေတ်ကာလက အသုံးပြုခဲ့သောမှန်ချပ်များဖြစ်ပြီး နှစ်အတော်ကြာကပင် မြေအောက်အတွင်းခန်းအတွင်းသို့ ရောက်နေခဲ့ဟန်ဖြင့် ပင့်ကူမျှင်နှင့်ဖုန်များတက်နေသောကြောင့် အရောင်အဆင်းပင် မပေါ်တော့ပေ။

ဒေါက်တာမင်းထင်ကျော်နှင့် ကျော်စွာတို့နှစ်ယောက်က လက်နှိပ်မီးရောင်များ အသုံးပြု၍ ၎င်းမှန်ချပ်များကို တစ်နေရာပြီးတစ်နေရာ တစ်ခုပြီးတစ်ခု လိုက်လံကြည့်ကြသော်လည်း ၎င်းတို့ ရှာဖွေနေသည့် ဝိညာဉ်လှောင်အိမ် မှန်ချပ်ကိုတော့ မတွေ့ရသေးပေ။

တစ်နေရာရောက်သောအခါ ကနုတ်ပန်းများဖြင့် တန်ဆာဆင်ထားသော ရှေးဟောင်းမှန်တစ်ချပ်ကို တွေ့ကြရသည်။

ထိုမှန်ချပ်ကြီးမှာ အခြားမှန်ချပ်များနှင့် မတူပေ။

မှန်မျက်နှာပြင်ကို မီးရောင်ဖြင့် ထိုးကြည့်သော်လည်း အပြင်သို့ အလင်းရောင် ပြန်မထွက်လာပေ။

ထို့ပြင် အပြင်မှ ပုံရိပ်များသည် မှန်ထဲမှာ ပေါ်နေခြင်း မရှိပေ။

ယုတ်စွအဆုံး သူတို့နှစ်ယောက် မှန်ချပ်ရှေ့မှာ ရပ်နေသော်လည်း ၎င်းတို့နှစ်ယောက်၏ပုံရိပ်များက မှန်ချပ်ထဲမှာ ပေါ်နေခြင်း မရှိပေ။





ကျော်စွာစိတ်ထဲမှာ နှစ်ပေါင်းများစွာကြာသည်အထိ အသုံးမပြုဘဲ ထားသဖြင့် ဖုန်များ တက်နေသောကြောင့် အရိပ်မထင်သည်ဟု ထင်မိလေသည်။

ထို့ကြောင့် အဝတ်စတစ်ခုဖြင့် မှန်မျက်နှာပြင်ကို ပွတ်တိုက်ပစ်လိုက်ကြသည်။ ဖုန်များ ကင်းစင်သွားသောအခါ မှန် မျက်နှာပြင်က ကြည်လင်လာလေသည်။

သို့သော် အပြင်မှ ပုံရိပ်များကတော့ မပေါ်သေးပေ။

မှန်ချပ်အတွင်းမှ မီးခိုးငွေ့များ ဝေ့ဝဲနေသကဲ့သို့ ပြာနှမ်းနှမ်းအရောင်များသာ ရှိနေသည်။

"ဒီမှန်က တစ်မျိုးပါလား၊ ပုံရိပ်တွေ မထင်တာ နောက်ဘက်မှာ ပြဒါးမရှိလို့များလား"

"မဟုတ်ဘူး. . . ပြဒါးမရှိရင် နောက်ဘက်ကို မြင်နေရမှာပေါ့၊ အခု ဘာမှမမြင်ရဘူးဆိုတာ အစီအရင်တစ်မျိုးကြောင့်ဖြစ်မယ်ထင်တယ်၊ လာ. . . မောင်ကျော်စွာ၊ အောက်ချပြီး အသေအချာ ကြည့်ကြရအောင်"

ဟု ပြောပြီး နှစ်ယောက်သား မှန်ချပ်ကြီးကို မ,ယူပြီး အောက်သို့ ချကာ လက်နှိပ်မီးဖြင့် ထိုးကြည့်ကြသည်။

မှန်ချပ်မှာ အတော်ကြီးပြီး သာမန်ပြတင်းပေါက်ခန့် ရှိလေသည်။

နံဘေးမှ ကွပ်ထားသော ကနုတ်ပန်းများမှာ လက်ရာမြောက်လှပေသည်။ မြင်ရုံနှင့် ရှေးဟောင်းမှန်တစ်ချပ်ဖြစ်မှန်း ရှေးဟောင်းလက်ရာများဖြစ်ကြောင်း သိနိုင်လေသည်။

ဒေါက်တာမင်းထင်ကျော်က မီးရောင်ဖြင့် အသေအချာ ကြည့်သောအခါ တစ်နေရာတွင် သစ်သားပန်းစာလုံးဖြင့် ပြုလုပ်ထားသော အင်္ဂလိပ်စာလုံးသုံးလုံး တွေ့ရသည်။

"O.S.R"

ဟူသောစာလုံးပင်ဖြစ်ပေသည်။

"အိုအက်စ်အာရဲ့အဓိပ္ပါယ်က အိုစီရန်ရဲ့အတိုကောက် ဖြစ်နိုင်တယ်၊ ဒီမှန်ချပ်က ကျွန်တော်တို့ ရှာနေတဲ့မှန်ချပ် ဖြစ်ဖို့များတယ်"

ဟု ပြောပြီး မှန်ချပ်ကြီးကို မှောက်ပြီး ကျောဘက်မှာ ကပ်ထားသော သစ်သားဖြင့် ဘောင်ကွပ်ထားသော ကြေးပြားချပ်ကို ခွာကြည့်ကြသည်။

ထိုကြေးပြားချပ်မှာ မှန်ပြဒါးကို ထိခိုက်မည်စိုးသောကြောင့် ကာထားခြင်းဖြစ်သည်။

ကြေးပြားချပ်ကို စိတ်ရှည်လက်ရှည် ခွာလိုက်သောအခါ မှန်ချပ်အနောက်ဘက် ပြဒါးပြင်ပေါ်မှာ ရှေးလက်ရေးဖြင့် ရေးထားသောစာအချို့ကို တွေ့ရသည်။

အီဂျစ်ဘာသာဖြင့် ရေးထားခြင်းဖြစ်ပြီး အဓိပ္ပါယ်မှာ. .

"ဤမှန်ချပ်ရှိသရွေ့ ငါ၏ကျိန်စာ တည်စေသတည်း၊ ဤမှန်ချပ်ထဲမှာ ရှိကြသော ဝိညာဉ်အပေါင်းတို့သည်လည်း ကျိန်စာမပြယ်သရွေ့ ဤမှာပင် ရှိကြစေသတည်း"

ဟူ၍ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်က အဓိပ္ပါယ်ကို ပြောပြလိုက်





သောအခါ ကျော်စွာက. . .

"ဒါဖြင့် ဝိညာဉ်လှောင်အိမ်လို့ အမည်ပေးထားတဲ့ မှန်ချပ်က ဒါပဲဖြစ်မှာပေ့ါ၊ သေချာတယ်ဆိုရင် ဖျက်ဆီးပစ်လိုက်မယ်လေဗျာ"

ဟု ပြောသည်။

"ဒီလောက်လည်း မလောပါနဲ့၊ မှန်ချပ်ထဲမှာ ဝိညာဉ်တွေ ရှိမရှိ စောင့်ကြည့်ပြီးမှ ဖျက်ဆီးပစ်လိုက်တာ ပိုကောင်းမယ်ထင်တယ်"

ဟု ပြောပြီး မှန်ချပ်ကြီးကို ခုံပေါ် ပြန်တင်ပြီး ထောင်ထားလိုက်သည်။

ကျော်စွာက မြေအောက်ခန်းတစ်နေရာမှ သံတုတ်တစ်ချောင်းကို ရှာယူပြီး မှန်ရှေ့မှာ ရပ်ကာ အဆင်သင့် ပြင်ထားလေသည်။

"ကျွန်တော်က မှန်ချပ်ထဲမှာ ရှိနေတဲ့ဝိညာဉ်ကို ဖော်ထုတ်မယ်၊ သူ့ပုံရိပ်ပေါ်လာပြီဆိုတာနဲ့ မှန်ချပ်ကြီးကို ရိုက်ခွဲချလိုက်တော့"

"ကောင်းပြီ"

ဟု ပြောကာ ကျော်စွာက သံတုတ်ကို အဆင်သင့် ပြင်ထားသည်။ ဒေါက်တာမင်းထင်ကျော်က မှန်ရှေ့သို့ ရပ်ပြီး လေသံမှန်မှန်ဖြင့် ပြောလိုက်လေသည်။

"ဒီမှန်ချပ်အတွင်းမှာ ကျိန်စာမိနေသောဝိညာဉ်များ ရှိပါက ထွက်လာကြလော့. . . ထွက်လာကြလော့"

ထိုသို့ပြောပြီး အခြေအနေကို စောင့်ကြည့်သည်။ စောစောက ငြိမ်သက်နေသော အပြာရောင်ပုံရိပ်များမှာ တဖြည်းဖြည်းနဲ့ ဝေ့ဝဲလှုပ်ရှားလာသည်။

မီးခိုးငွေ့များကို တစ်စုံတစ်ယောက်က ဝင်တိုးမိသဖြင့် လှုပ်ရှားသွားပုံမျိုးဖြစ်သည်။

"ဒီမှန်ချပ်ထဲမှာ ကျိန်စာမိနေတဲ့ဝိညာဉ်တွေ ရှိပါက ထွက်ခဲ့ကြလော့. . . ထွက်လာကြလော့"

ထိုသို့ရေရွတ်နေစဉ် မှန်ထဲမှာ ဝိုးတဝါး ပုံရိပ်အချို့ ပေါ်လာသည်။ သို့သော် မီးခိုးငွေ့များကဲ့သို့အရာများက ကာဆီးနေသောကြောင့် သဲသဲကွဲကွဲတော့ မမြင်ရသေးပေ။

ထိုအခိုက်မှာပင် ၎င်းတို့ ဝင်လာသောအပေါက် ရှိရာဘက်မှ မီးရောင်လိုလို ပေါ်လာလေသည်။

တဆက်တည်း ခြေသံလိုလို ကြားရသည်။

"ကျွန်တော်တို့ ဖွင့်ထားခဲ့တဲ့တံခါးပေါက်ကို အစောင့်တွေ့သွားပြီထင်တယ်၊ သူ အတွင်းဝင်လာလို့ မဖြစ်ဘူး၊ ကျွန်တော်တို့အကြံအစည်တွေ သိသွားလိမ့်မယ်"

"ဒီတော့ ဘယ်လိုလုပ်မလဲ"

"ကျွန်တော် အခြေအနေ သွားကြည့်လိုက်မယ်၊ တကယ်လို့ အစောင့်နဲ့ တွေ့ရင်လည်း အကျိုးအကြောင်း ပြောပြပြီး ပြေလည်အောင် လုပ်လိုက်မယ်၊ ကိုကျော်စွာ ဒီမှာ ပြီးအောင်သာ လုပ်ပေတော့၊ သတိတော့ ထားနော်၊ သူ့စက်ကွင်းထဲမှာ မိသွားဦးမယ်"





"စိတ်ချစမ်းပါ ဆရာရယ်. . . လက်မနှေးစေရပါဘူး"

ဒေါက်တာမင်းထင်ကျော်က မီးရောင်မြင်ရသောအပေါက် ရှိရာသို့ ထွက်သွားလေသည်။

မှန်ချပ်၏ရှေ့မှာတော့ ကျော်စွာတစ်ယောက်တည်း ကျန်ခဲ့တော့သည်။

သူသည် သံတုတ်ကြီးကို လက်နှစ်ဖက်နှင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး မှန်ချပ်ကြီးကို စူးစူးစိုက်စိုက် ကြည့်နေသည်။

"ကဲ. . . မှန်ထဲမှာ ရှိတဲ့ဝိညာဉ်တွေ ထွက်ခွာလေကွာ၊ သူများတွေကို ဒုက္ခပေးတုန်းက ပေးပြီး ခုမှ ကြောက်နေကြပြီလား၊ ဒီကနေ့တော့ မင်းတို့ရဲ့အကျဉ်းစံဘဝက လွတ်မြောက်အောင် လုပ်ပေးရတော့မှာပေါ့"

ဟုလည်း ရေရွတ်နေလေသည်။

ထိုသို့ရေရွတ်ပြောဆိုနေစဉ် မှန်ချပ်ထဲမှာ ဝေ့ဝါးနေသော အပြာရောင် မီးခိုးရောင်များက တဖြည်းဖြည်းနှင့် ပါးသွားပြီး ကြည်လင်လာတော့သည်။

ပုံမှန်အခြေအနေ ဖြစ်လာပြီး ပတ်ဝန်းကျင်မှ အရာဝတ္ထုများ ပေါ်လာသည်။ သူ့ရဲ့ရုပ်ပုံလည်း ပေါ်လာသည်။

သို့သော်လည်း အပြင်မှာ ရှိနေသော သံတုတ်ကြီးကို လက်နှစ်ဖက်နှင့် ကိုင်၍ရပ်နေသောပုံရိပ်တော့ မဟုတ်ပေ။ မျက်နှာကတော့ သူ့မျက်နှာဖြစ်ပြီး ပုံရိပ်ကလည်း သူ့ပုံရိပ်ပင်ဖြစ်၏။

သို့သော် အပြင်မှာ ရပ်နေသည့် ပုံသဏ္ဍာန်မျိုးတော
မဟုတ်ပေ။ လက်ပိုက်ရပ်နေပြီး ကြောက်စရာကောင်းသေ
မျက်နှာဖြင့် သူ့ကို စိုက်ကြည့်နေသည်။

"ငါလုပ်ထားတာတွေကို ဖျက်ဆီးချင်လို့တော့ ဘယ်
မလဲကွာ၊ အခု ဘာတတ်နိုင်သေးလဲ၊ မင်းရဲ့ဝိညာဉ်က ငါ့လက်
ထဲမှာ ရောက်နေပြီ၊ မင်းသေရတော့မယ်. . . မင်း မကြာခ
သေရတော့မယ်၊ မကြာခင်မှာ ငါ့ရဲ့ဝိညာဉ်အကျဉ်းသား ဖြစ်
တော့မယ်"

ဟူသောအသံကြီးဖြင့် ပြောနေရာမှ သူ၏မျက်လုံးထဲ
သွေးများ စီးကျလာလေတော့သည်။ ကျော်စွာမှာ သံတုတ်ကြိ
ကို လက်နှစ်ဖက်နှင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး မှန်ချ
ကို ရိုက်ခွဲပစ်ရန် ကြိုးစားသော်လည်း မရတော့ပေ။

တစ်ကိုယ်လုံး ခွန်အားများကို နုတ်ယူထားသကဲ့
ဖြစ်ပြီး လှုပ်မရတော့ပေ။ ထိုအချိန်မှာပင် ကျော်စွာ မျက်လုံ
နှစ်ဖက်မှ သွေးများ စီးကျလာလေသည်။

ထိုသွေးများ ထွက်လာသည်နှင့် လူလည်း မဟန်နိုင်
အောင် ဖြစ်လာပြီး ဒယိမ်းဒယိုင်ဖြစ်လာသည်။ စိတ်တင်းထားပြီ
ရပ်တည်နိုင်အောင် ကြိုးစားသော်လည်း မရနိုင်အောင်ဖြစ်လာ
သည်။

"မင်းဝိညာဉ်ကို ငါဖမ်းထားပြီ၊ မင်းသေရတော့မယ်
မကြာခင် သေရတော့မယ်၊ သေစမ်း. . . သေစမ်း"

မှန်ထဲမှ ပုံရိပ်က အသံသြသြကြီးဖြင့် ပြောနေသေ





လည်း ကျော်စွာက စိတ်တင်းထားပြီး ကြိတ်၍ရေရွတ်နေသည်။

"ငါမသေရဘူး၊ ဘယ်နည်းနဲ့မှ ဒီမိစ္ဆာကောင်လက်ချက်
နဲ့ အသက်မသေစေရဘူး"

ထိုသို့ ရေရွတ်နေရင်းနှင့်ပင် သံတုတ်တခြား လူတခြား
ဖြစ်ကာ ကြမ်းပြင်ပေါ်သို့ ခွေလဲကျသွားတော့သည်။ စိတ်တင်း
ထားသော်လည်း မျက်နှာတစ်ခုလုံး သွေးများ နီရဲနေပြီး ခန္ဓာ
ကိုယ်အတွင်းမှ ခွန်အားများ လျော့ကျလာလေတော့သည်။

"ငါမသေစေရဘူး. . . မသေစေရဘူး"

ထိုအချိန်တွင် အပြင်ဘက်သို့ ထွက်သွားသော ဒေါက်
တာမင်းထင်ကျော်မှာ အလင်းရောင် ရှိရာသို့ သွားကြည့်သော်
လည်း ဘာမှမတွေ့ရပေ။ ထို့ပြင် အသံကြားရာသို့ သွားကြည့်
ပြန်တော့လည်း ဘာမှမတွေ့ရပေ။

တစ်နေရာမှာ ကြည့်နေစဉ် နောက်တစ်နေရာမှ အသံ
ကြားရသဖြင့် လိုက်ကြည့်တော့လည်း ဘာမှမတွေ့ရပြန်ပေ။
ဤသို့ဖြင့် ထိုနေရာတစ်ဝိုက်မှာပင် အချိန်အတော်ကြာသွားလေ
သည်။

နောက်မှ အခြေအနေကို သဘောပေါက်သွားပြီး. .
အခန်းထဲမှာ ကျန်ခဲ့သော ကျော်စွာကို သတိရလေသည်။ သို့
ကြောင့် အခန်းတွင်းသို့ ပြန်ဝင်လာလေသည်။

ထို့နေရာရောက်တော့ ကျော်စွာမှာ ကြမ်းပြင်ပေါ်မှာ
ပုံလဲကျနေသည်။ မှန်ထဲ ကြည့်လိုက်တော့ ဘာမှ မတွေ့ရပေ။
ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ကျော်စွာနံဘေးမှာ ကျနေ

သည့် သံတုတ်ကို ကောက်ယူပြီးနောက် မှန်ချပ်ကြီးကို ရိုက်ခွဲချလိုက်လေတော့သည်။

"ချွမ်း. . . ခွမ်း"

သံတုတ်ရိုက်ချက်ကြောင့် မှန်ချပ်ကြီးမှာ တစ်စစီဖြစ်ကာ ကွဲကြေသွားလေတော့သည်။ ထိုအခါမှ ပုံရက်သားလဲကျနေပြီး သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေသော ကျော်စွာကို တွဲခေါ်ပြီး အပြင်သို့ ပြန်ထွက်ရန် ကြိုးစားကြလေသည်။

သို့သော်လည်း သူတို့နှစ်ယောက် ဝေးဝေးမရောက်ခင်မှာ ကွဲကြေသွားသော မှန်ဘောင်အတွင်းမှ အပြင်ဘက်သို့ လက်တစ်ဖက် ထွက်လာသည်။ ထို့နောက် တစ်ကိုယ်လုံး ထွက်လာတော့သည်။ ဆံပင်များက မျက်နှာတစ်ခုလုံး ဖုံးနေပြီး လူသေအလောင်းများ ဝတ်သည့်အဝတ်ဖားဖားကြီးကို ဝတ်ထားသော မိန်းမတစ်ယောက်ပင်ဖြစ်သည်။

ထိုမိန်းမက ဒယိမ်းဒယိုင်ဖြင့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက် ရှိရာသို့ လျှောက်လာလေသည်။ ထိုအချိန်မှာ ကျော်စွာကလည်း သတိပြန်ရစ ပြုလာချေပြီ။

"ဆရာ ဘယ်လိုလုပ်မလဲ"

"သူက မှန်ထဲက ထွက်လာတာဆိုတော့ သူ ဝိညာဉ်ဘဝ ရောက်နေတယ်ဆိုတာ သိအောင်လို့ မှန်နဲ့ပဲ ပြရတော့မှာပဲ"

ဟု ပြောပြီး မနီးမဝေးမှာ ထောင်ထားသော မှန်ချပ်တစ်ချပ်ကို ဆွဲယူလိုက်သည်။

ဒယိမ်းဒယိုင်နှင့် လျှောက်လာသော သရဲမက သူတို့နှစ်





ယောက်နှင့် မနီးမဝေးနေရာ ရောက်လာသည်။ ဆံပင်များက မျက်နှာအုပ်ထားသောကြောင့် မည်သူမည်ဝါမှန်း မသိကြရသေးပေ။

သူမအနီးရောက်လာသောအခါ ဒေါက်တာမင်းထင်ကျော်က မှန်ချပ်ကို သူမရှေ့သို့ ထောင်ပြလိုက်သည်။ မှန်ချပ်မြင်တော့ ခြေလှမ်းတန့်သွားလေသည်။

"မင်းက တမလွန်ဘဝ ရောက်နေပြီ၊ ဝိညာဉ်ဘဝ ရောက်နေပြီ၊ ငါပြောတာ မယုံရင် မင်းရုပ်ရည်ကို မှန်ထဲမှာ ပြန်ကြည့်လိုက်ပါ"

ထိုအခါ ရပ်နေသော အမျိုးသမီးက အတန်ကြာအောင်ငြိမ်နေပြီးမှ တဖြည်းဖြည်းနှင့် လှုပ်ရှားလာသည်။ မျက်နှာပေါ်မှာ အုပ်ကျနေသောဆံပင်များကို လက်ဖြင့် ဖယ်လိုက်သည်။

ထိုအခါမှ မျက်နှာပေါ်လာသည်။

အခြားမဟုတ်ပေ။

မကြာသေးခင်ကမှ မှန်သရဲလက်ချက်ကြောင့် သေဆုံးသွားသောဒီဂျန်ပင်ဖြစ်သည်။ ဒေါက်တာမင်းထင်ကျော်တို့ကတော့ ဒီဂျန်ကို မမြင်ဖူးသောကြောင့် မသိကြပေ။ ဒီဂျန်က မှန်ထဲမှာ ပေါ်နေသောပုံရိပ်ကို ကြည့်နေသည်၊ မှန်ထဲမှာ ပေါ်နေသောပုံရိပ်မှာ ဝိညာဉ်ဘဝ ရောက်နေပြီဖြစ်သောကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသောပုံပင်ဖြစ်ပေတော့သည်။

ထိုအခါမှ ဒီဂျန်၏ရုပ်မှာ မှန်ထဲမှာ ပေါ်နေသည့်အတိုင်း ပျက်စီးယိုယွင်းမှု ဖြစ်လာပြီးနောက် တဖြည်းဖြည်းနှင့်

ပြိုလဲကျသွားလေတော့သည်။

ထို့နောက် ကြည့်နေရင်းမှာပင် တဖြည်းဖြည်းနှင့် ဝေ့ဝါး ပျောက်ကွယ်သွားလေတော့သည်။

"လူတွေကို ဒုက္ခပေးနေတဲ့ ဝိညာဉ်လှောင်အိမ်လို့ အမည်ပေးထားတဲ့မှန်ချပ်ကြီးတော့ ပျက်စီးသွားပြီ၊ နောက်ထပ် လူတွေကို အန္တရာယ်မပေးနိုင်တော့ဘူး"

"ဒီလိုဆိုတော့လည်း ကောင်းတာပေါ့၊ ကျွန်တော်တောင် ဆရာ အရောက်မြန်လို့သာ မသေတာ၊ နည်းနည်း နောက်ကျသွားရင် အခုလောက်ဆိုရင် မှန်သရဲဘဝ ရောက်နေမှာ အသေအချာပဲ"

"ဒီကိစ္စတစ်ခု ပြီးသွားပေမယ့် နောက်တစ်ခု ကျန်သေးတယ် မောင်ကျော်စွာရဲ့"

"ဘာများလဲ ဆရာ"

"မရဏာကြေးမုံဆိုတဲ့မှန်ချပ်ကို တွေ့အောင်ရှာကြရဦးမယ်၊ ဒီမှန်ချပ်ကို တွေ့ပြီး ဖျက်ဆီးပစ်နိုင်မှ ကိစ္စပြီးမှာ"

ကျော်စွာက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ထို့နောက် ဒေါက်တာမင်းထင်ကျော်က ကျော်စွာကို တွဲကာ မြေအောက်အခန်းမှ ပြန်ထွက်ခဲ့ကြလေသည်။





# အခန်း(၁၁)

# မှန်ချပ်အတွင်းမှ ကုမုဒြာပုံရိပ်

ဒေါက်တာမင်းထင်ကျော်အတွက်ကတော့ ပြုလုပ်ရမည့်ကိစ္စတစ်ခုကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပေပြီ။

သို့သော်လည်း လွယ်လွယ်ကူကူနှင့်တော့ မဖြစ်ခဲ့ပေ။ ကျော်စွာဆိုလျှင် အသက်မသေသော်လည်း မချိမဆန့် ခံလိုက်ရသောကြောင့် အိမ်သို့ ပြန်ရောက်သည့်အခါ ဆေးကုခြင်း ခံရလေသည်။

လက်စတာကလည်း ထိုအခြေအနေများကို သိရပြီးနောက် မရဏာကြေးမုံ ရှာဖွေခြင်းလုပ်ငန်းအတွက် စိုးရိမ်နေလေသည်။

“ကျွန်မတော့ နောက်ထပ် တစ်ခုခုဖြစ်မှာ သိပ်ပြီးစိုးရိမ်နေမိတာပဲ”

“ပရလောကသားတွေနဲ့ ရင်ဆိုင်ရတယ်ဆိုတာ ခက်ခဲတယ်ဆိုပေမယ့် ဒီလိုပဲ လုပ်ကြရတာပါပဲ၊ တစ်ခါတစ်လေ အဆင်မသင့်တဲ့အခါ အသက်စွန့်ရတာတွေ ရှိပါတယ်”

“ဒါက ဆရာတို့ အတွေ့အကြုံရှိတဲ့လူတွေမို့ ခံနိုင်ရည်ရှိကြတာ၊ သာမန်လူဆိုရင်တော့ အသက်သေမှာ အမှန်ပဲ၊ အခု လူတွေကို ဒုက္ခပေးနေတဲ့ မှန်ချပ်ကြီး မရှိတော့ဘူးပေါ့နော်”

“ဟုတ်ပါတယ်. . . မြို့စားကြီး အိုစီရန် စီမံထားခဲ့တဲ့ ဝိညာဉ်လှောင်အိမ်လို့ အမည်ပေးထားတဲ့မှန်ချပ်ကြီးကတော့ မရှိတော့ပါဘူး”

“သူက အဲဒီမှန်ချပ်ကြီးနဲ့ ဘယ်လိုဒုက္ခပေးနေတာလဲဟင်”

လက်စတာက ကလေးတစ်ယောက်လို မျက်လုံးကလေး အဝိုင်းသားဖြင့် မေးသည်။

“ဒီမှန်ချပ်တွေက မှော်အတတ်ပညာနဲ့ စီစဉ်ခဲ့တာပါ၊ အဲဒီမှန်ချပ်ကို ကြည့်မိတဲ့လူက မှန်ချပ်ထဲမှာ ရောက်နေတဲ့ ဝိညာဉ်ရဲ့ဖမ်းစားခြင်းကို ခံရပြီး အသက်သေရတယ်၊ သူသေပြီး မှန်ထဲ ရောက်သွားတဲ့အခါ အဲဒီမှာ ရှိနေတဲ့ဝိညာဉ်ဟောင်းက တခြားနေရာကို ထွက်သွားတယ်”

“ကြောက်စရာပဲ. . . အဲဒီမှန်မျိုးတွေက အများကြီး ရှိနေတာပဲလားဟင်”





“မဟုတ်ပါဘူး. . . မူလ သူစီစဉ်ထားခဲ့တဲ့မှန်ချပ်ကတော့ တစ်ချပ်ပဲ ရှိပါတယ်၊ တခြားနေရာတွေက မှန်ချပ်တွေရဲ့ နှောင့်ယှက်နေတာတွေကတော့ မူလမှန်ချပ်ထဲက အပြင်ရောက်သွားတဲ့ဝိညာဉ်တွေက လိုက်ပြီးနှောင့်ယှက်နေတာပါ”

“အခုတော့ရောဟင်”

“ကျွန်တော့်အထင်ပြောရရင်တော့ သူစီစဉ်ထားတဲ့ ဝိညာဉ်လှောင်အိမ်မှန်ချပ်ကြီး ပျက်စီးသွားပြီဆိုတော့ ဝိညာဉ်တွေလည်း လွတ်လပ်ခွင့် ရသွားပြီဆိုတော့ နောက်ထပ်နှောင့်ယှက်တော့မယ် မထင်ဘူး”

လက်စတာက သက်ပြင်းတစ်ချက် ချလိုက်သည်။

“အခုလိုဆိုတော့လည်း တစ်မျိုးတော့ စိတ်အေးသွားရတော့တယ်၊ အခုလို ဆောင်ရွက်ပေးတဲ့ ဆရာတို့ကိုလည်း ကျေးဇူးတင်ပါတယ်”

ဒေါက်တာမင်းထင်ကျော်က ပြုံးရုံသာ ပြုံးနေသည်။

“အခု ဆရာတို့ ဘာဆက်လုပ်မှာလဲဟင်”

“မရဏကြေးမုံမှန်ကို တွေ့အောင်ပြန်ရှာရမယ်၊ မရဏကြေးမုံမှန်ကို တွေ့မှ ကုမုဒြာရဲ့ဝိညာဉ်လည်း လွတ်မြောက်ခွင့်ရမယ်”

“ဒီလိုဆိုရင်တော့ ဆရာ့ကို ကျွန်မ အကူအညီပေးပါရစေ၊ ဆရာသွားမယ့်နေရာတွေကို ကျွန်မ ကားနဲ့ လိုက်ပို့ပေးပါ့မယ်”

“လက်စတာ ကျောင်းကိစ္စတွေ ရှိသေးတယ် မဟုတ်

လား"

"ရပါတယ်. . . လောလောဆယ် ကျွန်မ အဆောင် မပြန်သေးပါဘူး၊ ဆရာနဲ့ပဲ လိုက်ခဲ့ပါမယ်"

ဟု ပြောသဖြင့် ထိုနေ့က အပြင်ထွက်သောအခါ လက်စတာကိုယ်တိုင် ကားဖြင့် လိုက်ပို့ပေးသောကြောင့် များစွာခရီး တွင်လှလေသည်။

လက်စတာက ကိုင်ရိုမြို့သာမက အခြားနေရာများ အထိပါ နှံ့စပ်ကျွမ်းကျင်သူဖြစ်သည်။

အီဂျစ်သည် ဂမ္ဘီရဆန်သောနေရာတစ်ခုဖြစ်ပြီး ၎င်း၏ အနီးတစ်ဝိုက်တွင် ဆီးရီးယား၊ ကောလ်ဒီးယား၊ ပါလျှား၊ အစ္စရေးတို့ ရှိကြသည်။

ရှေးအခါကတော့ မဟာဂန္ဓာရီ လေ့လာလိုက်စားသူများ အတွက် မဟာဂန္ဓာရီစခန်း၏ ဗဟိုချက်မ ဖြစ်သော အဓိက နေရာမှာ 'သီးဘီးစ်' မြို့တော်ဖြစ်သည်။ ရှေးအခါက အီဂျစ်၏ အဓိက မြို့တော်မှာ သီးဘီးစ်ဖြစ်ပြီး မဟာဂန္ဓာရီ လိုက်စားသူများ အများအားဖြင့် နေထိုင်သောနေရာဖြစ်သည်။ သီးဘီးစ် အပြင် အခြားအချက်အချာကျသောမြို့များလည်း ရှိကြသေးသည်။

၎င်းတို့မှာ ဟဲလီယိုပိုလစ်၊ ဟမ်မိုပိုလစ်နှင့် မင်းဖစ်မြို့တို့ ဖြစ်ကြလေသည်။ လက်စတာက ကားကို ကိုယ်တိုင်မောင်းရင်းမှ ပင် သူမ သိချင်သောအချက်များကိုလည်း မေးသည်။

"ဆရာ. . . အခုလိုအန္တရာယ်များတဲ့အလုပ်တွေကို





ဘာကြောင့် လုပ်နေတာလဲဟင်"

"ဝါသနာပါလို့ပါ"

"ဝါသနာကြောင့် အခုလို စွန့်စွန့်စားစား လုပ်နေတာ ကတော့ အံ့သြစရာပဲ"

"ဒီအလုပ်မျိုး လုပ်တယ်ဆိုတာ အကြောင်းမဲ့တော့ မဟုတ်ပါဘူး၊ ကျွန်တော်က ဂမ္ဘီရလို့ ခေါ်တဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ ကိစ္စတွေကို စိတ်ဝင်စားတာကတစ်ကြောင်း၊ နောက်တစ်ချက် ဒီအလုပ်က လူတွေအတွက် အကျိုးရှိတဲ့အလုပ်မျိုးမို့ စိတ်ဝင်စားပြီး လုပ်နေတာပါ"

"ကျွန်မသိသမျှတော့ ဒီအလုပ်မျိုးက အတော့်ကို အန္တရာယ်များတဲ့အလုပ်မျိုးပဲ၊ တစ်ခုခုဖြစ်သွားမှာ မစိုးရိမ်ဘူး လား၊ စိုးရိမ်မယ့်သူကော မရှိဘူးလား"

ဒေါက်တာမင်းထင်ကျော်က ပြုံးလိုက်သည်။

"ကျွန်တော့်မှာ စိုးရိမ်ပေးမယ့်သူ မရှိသေးပါဘူး"

"ဒါထက် ဆရာတို့မြန်မာပြည်က သိပ်ပြီးသာယာလှပ တယ်လို့ ပြောသံကြားဖူးတယ်. . . ဟုတ်သလားဟင်"

"ဟုတ်ပါတယ်"

"ကျွန်မက အဲ့ဒီလိုနေရာမျိုးတွေကို စိတ်ဝင်စားတယ်၊ သွားလည်း သွားချင်တယ်"

"ကျွန်တော်တို့ ပြန်တဲ့အခါ အလည်လိုက်ခဲ့မယ်ဆိုရင် လိုက်ခဲ့လို့ရပါတယ်"

"ကျေးဇူးတင်ပါတယ် ဆရာရယ်၊ ဒါထက် ဒီမှာရှိတဲ့

မရဏကြေးမုံဆိုတဲ့မှန်ချပ်ကြီးအကြောင်းကို ဘယ်လိုသိလို့ ရောက်လာကြတာလဲဟင်"

"မိတ်ဆွေတစ်ယောက်က စာရေးအကြောင်းကြားလို့ သိရတာပါ"

"ဆရာတို့ ပဲရစ်လည်း ရောက်ခဲ့သေးတယ် မဟုတ်လား၊ မမကုမုဒြာအလောင်းကိုရော တွေ့ခဲ့တယ် မဟုတ်လား"

"တွေ့ခဲ့ပါတယ်. . . သူ့အတွက် စိတ်မကောင်းပါဘူး လက်စတာ"

"ဘယ်တတ်နိုင်ပါ့မလဲ ဆရာရယ်. . . ကံတရားအတိုင်းပေါ့၊ ဒါထက် ဆရာရှာနေတဲ့ မရဏကြေးမုံကို ရှာလို့တွေ့ရင် မမက အသက်ပြန်ရှင်မှာလားဟင်"

"ကျွန်တော်လည်း အသေအချာတော့ မပြောနိုင်သေးဘူး၊ တကယ်လို့ မရဏကြေးမုံကို တွေ့လို့ ဖျက်ဆီးပစ်နိုင်ရင်တော့ အကျဉ်းသားဘဝ ရောက်နေတဲ့ သူ့ရဲ့ဝိညာဉ် လွတ်မြောက်ခွင့် ရမှာတော့ အမှန်ပဲ"

ထိုသို့ပြောသောအခါ လက်စတာ စိတ်မကောင်းသော မျက်နှာလေးဖြင့် ဘာမှထပ်မပြောတော့ပေ။

နှစ်ယောက်သား တစ်နေရာပြီးတစ်နေရာ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက်နှင့် လိုက်လံရှာဖွေကြရင်းမှ နောက်ဆုံး ကိုင်ရိုမြို့ အစွန်၌ရှိသော ပစ္စည်းအဟောင်းများ ရောင်းသော ဆိုင်တစ်ဆိုင်သို့ ရောက်သွားလေသည်။

ဆိုင်ရှေ့သို့ ကားရပ်လိုက်သောအခါ ဆိုင်ရှင်က ပျာပျာ





သလဲ ထွက်လာပြီး မေးသည်။

"ဘာအလိုရှိပါသလဲ ဆရာ၊ ကျွန်တော့်ဆိုင်မှာ ရှေးဟောင်းပစ္စည်းတော်တော်များများ ရှိပါတယ်"

"မြို့စားအိုစီရန်ရဲ့ အသုံးအဆောင်ပစ္စည်း လိုချင်လို့ပါ ဘာများရှိပါသလဲ"

ဆိုင်ရှင်က အတန်ကြာအောင် စဉ်းစားနေသည်။

သူ ဒီဆိုင်အတွင်းမှာ ရှိသောပစ္စည်းများကို စဉ်းစားနေဟန်ရှိသည်။

"ဒီဆိုင်မှာတော့ ပစ္စည်းအဟောင်း တော်တော်များများ စုဆောင်းထားတာပဲ၊ ခင်ဗျားက ဘာပစ္စည်းလိုချင်လို့လဲ"

"မြို့စားကြီးအိုစီရန် အသုံးပြုခဲ့တဲ့ စားပွဲများ မရှိဘူးလား"

ဒေါက်တာမင်းထင်ကျော်က မှန်ကို ချက်ချင်းမမေးသေးဘဲ ပါမောက္ခသီဟန် သတင်းပေးလိုက်သော စားပွဲကို မေးလိုက်သည်။

"ဆရာမေးတဲ့ပစ္စည်းမျိုး ဒီဆိုင်မှာ မရှိပါဘူး၊ ဒါပေမယ့် ထူးဆန်းတဲ့ရှေးဟောင်းပစ္စည်းတစ်ခုတော့ ရှိတယ်"

"ဘယ်လိုပစ္စည်းများလဲ"

"မှန်မျက်နှာပြင်မှာ ထူးထူးဆန်းဆန်း ဆေးအနက်တွေ သုတ်ထားတဲ့ ရှေးဟောင်းမှန်ချပ်ကြီးတစ်ချပ်ပါပဲ"

ဒေါက်တာမင်းထင်ကျော်က များစွာစိတ်ဝင်စားသွားသော်လည်း ဟန်မပျက် ဆိုင်အတွင်းသို့ ကြည့်လိုက်သော်လည်း

မှန်ချပ်နှင့် တူသောပစ္စည်းကတော့ ရှေ့ပိုင်းနေရာတွင် မတွေ့ပေ။

"အဲ့ဒီမှန်က စိတ်ဝင်စားဖို့ကောင်းတဲ့ မှန်တစ်ချပ်ပဲ၊ ဘာချက်စတာမြို့စား ချားလ်(စ) ဆိုတဲ့လူတစ်ယောက်က ဟော်တယ် အခန်းတစ်ခုအတွင်းမှာ ဂျူလီယာဆိုတဲ့ အမျိုးသမီးတစ်ယောက်ကို သတ်ခဲ့တယ်၊ ပြီးတော့လည်း သူ့အခန်းထဲမှာ ရှိတဲ့ အဲ့ဒီမှန်ချပ်ကြီးကို ဆေးအနက်တွေ သုတ်ခဲ့ပြီး ပြတင်းပေါက်က ခုန်ချပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားတယ်၊ စိတ်ဝင်စားဖို့ မကောင်းဘူးလား"

"စိတ်ဝင်စားဖို့ကောင်းပါတယ်. . . ခင်ဗျားပြောတဲ့ မှန်က အခု ဘယ်မှာလဲ"

"ရှိပါတယ်. . . အခုပဲ ယူပြပါ့မယ်"

ဆိုင်ရှင်က တက်ကြွစွာဖြင့် ပစ္စည်းအဟောင်းများ ထားသော အနောက်ဘက်အခန်းအတွင်းသို့ ဝင်သွားလေသည်။ ထို့နောက် မှန်ချပ်ကြီးတစ်ချပ်ကို မနိုင်မနင်းဖြင့် မ,ယူလာသည်။

အပေါက်ဝ ရောက်သောအခါ မလွတ်မလပ်ဖြစ်ပြီး တစ်စုံတစ်ခုနှင့် တိုက်မိပြီး ကြမ်းပြင်ပေါ် သို့ လွတ်ကျသွားလေသည်။

ကြမ်းပြင်မှာ ကျောက်ပြားများ ခင်းထားသောကြောင့် မှန်ချပ်လွတ်ကျသွားသောအခါ အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွားဖို့သာ ရှိသည်။

"ခွမ်. . . ချလွမ်"





ထိုကဲ့သို့သော မြည်သံမျိုးနှင့်အတူ မှန်ကွဲမှ လွင့်စဉ်လာသော အပိုင်းအစများက သူတို့ကို လာရောက်ထိမှန်မည်စိုးသောကြောင့် ရှောင်တိမ်းပေးလိုက်ကြသည်။ သို့သော် ဆိုင်ရှင်ကတော့ ဘာမှမထူးခြားသော အမူအရာမျိုးဖြင့် တစ်စက်ကလေးမှ ပွန်းပဲ့သွားခြင်း မရှိသောမှန်ချပ်ကြီးကို ပြန်ထောင်သည်။

"ခင်ဗျားတို့စိတ်ထဲမှာ မှန်ချပ်ကြီး အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွားပြီလို့ ထင်လိုက်ကြပြီ မဟုတ်လား၊ ဘာမှစိုးရိမ်စရာ မရှိပါဘူး၊ ဒီမှန်ချပ်က ကျရုံနဲ့ ကွဲမည့်မှန်မျိုး မဟုတ်သလို ရိုက်ခွဲတာတောင် မကွဲတဲ့မှန်မျိုးဆိုတော့ ဘာချက်စတာမြို့စား ချားလ်(စ)က သူ့ကိုယ်သူ သတ်သေရတဲ့အဖြစ်မျိုး ရောက်ခဲ့ရတာပေါ့ဗျာ"

ဒေါက်တာမင်းထင်ကျော်က နံရံမှာ ထောင်ပြထားသော မှန်ချပ်ကြီးကို အသေအချာ ကြည့်နေလေသည်။

မှန်ချပ်ကြီးမှာ ထုထည်ကြီးမားလှပြီး ဘဲဥပုံစံအတိုင်းဖြစ်သည်။ ပတ်လည်မှာ လှပသော ကနုတ်ပန်းများဖြင့် တန်ဆာဆင်ထားပြီး မျက်နှာပြင်တစ်ခုလုံး အနက်ရောင် စစ်စေးရည်များဖြင့် သုတ်ထားသည်။

စစ်စေးရည်မှာ ကပ်မိပါက ခွာရန် အလွန်ခက်သော အစေးရည်တစ်မျိုးဖြစ်သည်။

"ခင်ဗျားသိသမျှ ဒီမှန်အကြောင်း ပြောပြပါဦး"

"ကျွန်တော်လည်း များများတော့ မသိပါဘူး၊ ကျွန်တော်

သိတာတော့ တစ်ခုတော့ ရှိတယ်၊ ဒီမျက်နှာပြင်ပေါ်မှာ ရှိနေတဲ့ ဆေးအနက်တွေကိုသာ ခွာပစ်နိုင်မယ်ဆိုရင်တော့ တန်ဖိုးရှိတဲ့ ရှေးဟောင်းမှန်ချပ်ကြီးတစ်ခု ဖြစ်လာမှာ အမှန်ပဲပေါ့ဗျာ"

"ဖြစ်လာနိုင်တာပေါ့"

"ဒီမှန်က ခိုက်တယ်လို့တော့ ပြောကြတယ်၊ ဘာချက်စတာ မြို့စားချားလ်(စ)ဟာ ဒါကြောင့်ပဲ သေသွားခဲ့ရတာပဲ၊ ဒါတင်မပြီးသေးဘူး၊ နောက်ထပ် ဒီမှန်ချပ်ကြီးကို ထားနေသမျှ သူတို့မိသားစုတွေလည်း အတော့်ကို ဒုက္ခရောက်ကြရတယ်။

ဒီလိုနဲ့ ဆိုင်ရှင်အဆင့်ဆင့် ပြောင်းလာပြီး ကျွန်တော့်လက်ထဲ ရောက်လာရတော့တာပါပဲ၊ ကျွန်တော်လည်း မှန်ပေါ်က ဆေးအနက်တွေကို ခွာပစ်ဖို့ ကြိုးစားပါသေးတယ်၊ ဒါပေမယ့် မရပါဘူး၊ ဟိုမှန်ထောင့်မှာ ဆေးအနက်တွေ ကွာနေတာ ကျွန်တော် ခွာထားတာပေါ့"

ဟု ဆိုင်ရှင်က ပြောပြသည်။

မှန်ချပ်ကြီး၏အပေါ်ထောင့်တစ်နေရာတွင် လက်မအနည်းငယ်လောက် ရှိသည့် ဆေးအနက်များ ကွာနေသော အကွက်တစ်ခု ရှိလေသည်။

ဒေါက်တာမင်းထင်ကျော်က ဆိုင်ရှင်နှင့် စကားပြောနေစဉ်မှာ နောက်မှာ ရပ်နေသော လက်စတာက ထိုမှန်ကွက်နေရာကို စိုက်ကြည့်နေပြီး မျက်စိမျက်နှာပျက်နေလေသည်။ အတန်ကြာမှ ဒေါက်တာမင်းထင်ကျော်က သတိပြုမိသွားလေသည်။





"ဟင်. . . လက်စတာ ဘယ်လိုဖြစ်နေတာလဲ"

"ဟို. . ဟို. . မှန်ချပ်ထဲမှာ. . . "

လက်စတာက အထစ်ထစ်အငေါ့ငေါ့ဖြစ်နေသည်။

"မှန်ချပ်ထဲမှာ ဘာမြင်လို့လဲ"

"ဟိုအကွက်လေးထဲမှာ မမကုမုဒြာရဲ့မျက်နှာကို ကျွန်မတွေ့လိုက်ရတယ်"

"ဟင်. . . "

ဒီတစ်ကြိမ်တော့ တအံ့တသြဖြစ်သွားရသူက ဒေါက်တာမင်းထင်ကျော်ဖြစ်သည်။

"လက်စတာ တကယ်ပြောတာလား"

"ဟုတ်တယ်. . . ကျွန်မ သူ့မျက်နှာကို သေသေချာချာမြင်လိုက်ရတယ်၊ မှန်ချပ်ထဲကနေ သူ့ကို ကယ်ပါလို့ လှမ်းပြောနေတယ်"

ထိုစကားကြောင့် ဒေါက်တာမင်းထင်ကျော်မှာ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဆိုင်ရှင်ထံမှ ထိုမှန်ချပ်ကြီးကို ဝယ်ယူပြီး ကားပေါ်တင်ကာ အိမ်သို့ ပြန်လာခဲ့ကြလေတော့သည်။ ထိုမှန်ချပ်ကြီးနှင့်အတူ ကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်များပါ တပါတည်း ပါလာသည်ဆိုခြင်းကိုတော့ ကြိုတင်မသိနိုင်ခဲ့ကြပါချေ။





# အခန်း(၁၄)

# ကုမ္ပဏီအောနှင့် တွေ့ကြုံရလေပြီ

အိမ်သို့ ရောက်သောအခါ ဒေါက်တာမင်းထင်ကျော်က ဆေးအမည်းများ သုတ်ထားသော မှန်ချပ်ကြီးကို သီးသန့်အခန်း တစ်ခုအတွင်းသို့ ထည့်ထားလေသည်။

ဆရာကြီးသူရဋ္ဌ ကျော်စွာနှင့် လက်စတာတို့ကလည်း ထိုမှန်ကြီးကို စိတ်ဝင်စားနေကြသည်။

"မောင်ထင်ကျော် ရှာနေတဲ့ 'မရဏာကြေးမုံ' ဆိုတဲ့ မှန်ချပ်ကြီးက ဒီမှန်ချပ်ကြီးများ ဖြစ်နေသလား"

"ဖြစ်နိုင်တယ် ဆရာကြီး၊ ဘာချက်စတာမြို့စား ချားလ်(စ်) စစ်ဆေးအမည်းရောင်တွေနဲ့ သုတ်သွားတဲ့မှန်ချပ် မှန်ရင်တော့ ဒီမှန်ဟာ မရဏကြေးမုံဖြစ်မှာ သေချာပါတယ်"

"ဒါဖြင့် ဒီမှန်ချပ်ထဲမှာ ကုမုဒြာရဲ့ဝိညာဉ် ရှိနေမှာပေါ့ နော်"

ကျော်စွာက ဝင်မေးလိုက်သည်။

"ကျွန်တော်တို့ ပစ္စည်းအဟောင်းဆိုင်မှာ ရှိနေတုန်းက မှန်ချပ်ထဲမှာ ကုမုဒြာရဲ့ပုံရိပ်ကို တွေ့လိုက်တယ်လို့ လက်စတာ က ပြောတယ်"

"ဒါဖြင့်ရင်တော့ မရဏကြေးမုံ မှန်ချပ် သေချာတယ်၊ ဘယ်လိုလုပ်မလဲ မောင်ထင်ကျော်"

"အရင်ဆုံးကတော့ မှန်ချပ်ပေါ်က ဆေးအမည်းတွေကို ခွာပစ်ရမယ် ဆရာကြီး"

"ဒီဆေးတွေ မရှိရင်တော့ အန္တရာယ် ရှိလာနိုင်တယ်"

"ဘာကြောင့်ဆိုတော့ မှန်ချပ်ထဲမှာ မြို့စားကြီး အိုစီ ရန်ရဲ့ဝိညာဉ် ရှိနေလိမ့်မယ်၊ သူက အပြင်က လူတစ်ယောက်ရဲ့ ဝိညာဉ်ကို မှန်ထဲ ထည့်ပေးလိုက်ပြီးရင် မှန်ထဲမှာရှိတဲ့ သူ့ ဝိညာဉ်က အပြင်ပြန်ထွက်လာပြီး အဲဒီလူရဲ့ကိုယ်ထဲ ဝင်ပြီး သူ လုပ်ချင်တာတွေ လုပ်ပုံရတယ်၊ ဥပမာ မြို့စားချားလ်စ်ဆိုရင် သူ့ကိုယ်နဲ့ မြို့စားကြီးအိုစီရန်ရဲ့စိတ် ဖြစ်နေတာကြောင့် မိန်း ကလေးတွေကို သတ်တာဖြစ်မယ်"

ဆရာကြီးသူရဋ္ဌက ပြောပြရာ ကျန်လူများက စိတ်ဝင်





စားစွာ နားထောင်ကြသည်။

"မြို့စားအိုစီရန်ဟာ ဝိညာဉ်လှောင်အိမ်လို့ အမည်ပေး ထားတဲ့ မှန်ချပ်ကို လုပ်တာက လူတွေကို ဒုက္ခပေးဖို့သက်သက် ပဲ၊ ဒီမရဏကြေးမုံကျတော့ ဒီလိုမဟုတ်ဘူး၊ သူ့ရဲ့ဝိညာဉ် တစ် သက်လုံး ခိုအောင်းဖို့အတွက် ရည်ရွယ်ချက်နဲ့ လုပ်ခဲ့ပုံရတယ်"

"ဖြစ်နိုင်ပါတယ် ဆရာကြီး"

"ဒါတင် မကသေးဘူး. . . သူ အပြင်ထွက်ချင်လာရင် အခြားလူတစ်ယောက်ရဲ့ဝိညာဉ်နဲ့ လဲလိုက်တယ်၊ အဲ့ဒီလို ထွက် လာပြီးရင် တခြားလူ ခန္ဓာကိုယ်နဲ့ သူလုပ်ချင်တာတွေ လုပ်တော့ တာပေါ့"

"သူက အချိန်တန်ရင် မှန်ချပ်ထဲ ပြန်ဝင်သွားနိုင်ပေမယ့် သူကျူးလွန်ခဲ့တဲ့ရာဇဝတ်မှုတွေ မကောင်းမှုတွေရဲ့ဒဏ်ကို ဟိုလူ တွေက ခံရတာပေါ့နော်"

"ဟုတ်ပါတယ်. . . ဒါကြောင့် အတော်များများက သူတို့ဖာသာ အဆုံးစီရင်သွားကြတာပေါ့"

"ဘာချက်စတာမြို့စား ချားလ်လို အိုစီရန်ရဲ့ သား ကောင်ဘဝ ရောက်ခဲ့ရတဲ့လူ ဘယ်နှယောက်များ ရှိသလဲ မသိ ဘူးနော်"

"ရှိမှာပေါ့ မောင်ထင်ကျော်ရယ်၊ ကျုပ်တို့ သိတာတွေ ရှိသလို မသိတာတွေလည်း အများကြီး ရှိမှာပေါ့၊ မောင်ထင် ကျော်အနေနဲ့ ဒီမှန်ချပ်ပေါ်က ဆေးအမည်းတွေကို ခွာတဲ့အခါ မှာ သတိထားပါ၊ သူ့ဝိညာဉ်နဲ့ တွေ့တဲ့အခါမှာ သူ့ကျော့ကွင်းထဲ

မဝင်မိဖို့ အရေးကြီးတယ်"

ဟု သတိပေးသည်။

ကျန်လူများကလည်း ဒေါက်တာမင်းထင်ကျော်အတွက် စိုးရိမ်နေကြသည်။

လက်စတာကတော့ မှန်ချပ်ပေါ်မှ ဆေးအမည်းများကို ခွာပြီးပါက အစ်မဖြစ်သူ ကုမုဒြာ၏ဝိညာဉ်ကို တွေ့ရလိမ့်မည်ဟု မျှော်လင့်ထားသော်လည်း သူမစိတ်ထဲမှာ ဒေါက်တာမင်းထင်ကျော်ကို တစ်ခုခု ဖြစ်သွားမှာတော့ စိုးရိမ်နေဟန်ရှိလေသည်။

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်က မှန်ချပ်ပေါ်၌ အုပ်ထားသော ဆေးအမည်းများကို စိတ်ရှည်လက်ရှည်ဖြင့် စတင်ခွာလေတော့သည်။

သို့သော် စစ်စေးရည်မှာ ကပ်မိလျှင် ခွာမရနိုင်သည့် ဆေးမျိုး ဖြစ်သောကြောင့် တော်တော်နှင့် ခွာမရနိုင်ပဲ ရှိလေသည်။

မောင်းချခါးဦးဖြင့် စိတ်ရှည်လက်ရှည် ထိုးခွာလိုက်၊ လက်ဖြင့် ဆွဲခွာလိုက်ဖြင့် ပြုလုပ်ရသည်။

ဆရာကြီးသူရဋ္ဌ၊ ကျော်စွာတို့ကလည်း အခြေအနေ လာကြည့်ကြသည်။

သို့သော် အခန်းတွင်းမှာတော့ အမြဲမနေကြပေ။ တစ်ယောက်အကြောင်းရှိလျှင် တစ်ယောက်က အကူအညီပေးနိုင်ရန် အခြားနေရာမှသာ အခြေအနေ စောင့်ကြည့်ကြခြင်းဖြစ်သည်။





ဒေါက်တာမင်းထင်ကျော်ကတော့ စိတ်ဝင်စားသောကြောင့် နေ့ရောညပါ ကြိုးစားပြီး တဖြည်းဖြည်းချင်း ခွာနေလေရာ နှစ်ရက်ခန့်ကြာသောအခါ ဆေးအနက်များ တစ်ဝက်ခန့် ပျောက်သွားပြီး မှန်သားတစ်ဝက်သို့ ပေါ်လာလေတော့သည်။

တစ်ဖက်တစ်ချက် ပေါ်လာသောမှန်သားများက မီးရောင်ဖြင့် ထိုးထားသကဲ့သို့ တောက်ပစူးရှလှပေသည်။

ဒေါက်တာမင်းထင်ကျော်စိတ်ထဲမှာ တစ်ချိန်ချိန်မှာတော့ ထိုမှန်ချပ်ထဲမှ ကုမုဒြာ၏ပုံရိပ်ကိုသော်လည်းကောင်း၊ ဒါမှမဟုတ် တစ်စုံတစ်ခုကို မြင်တွေ့ရလိမ့်မည်ဟု မျှော်လင့်နေမိလေသည်။

သူသည် ဆေးရောင်များ ကွာသွားသောနေရာဆီသို့ အဝတ်စတစ်ခုဖြင့် ပြောင်လက်လာသည်အထိ ပွတ်တိုက်နေလေသည်။

ထိုရက်များအတွင်းမှာတော့ မှန်ချပ်အတွင်းမှာ မည်သည့်ပုံရိပ်မှ မတွေ့ရသေးပေ။

နောက်ထပ်သုံးရက်ခန့်ကြာသောအခါ မှန်ချပ် မျက်နှာပြင်ပေါ်မှာ အုပ်ထားသော ဆေးအနက်များအားလုံး ကင်းစင်သွားလေတော့သည်။

အနက်ရောင်ဆေးသားများ ကင်းသွားသောအခါ ဘဲဥပုံသဏ္ဌာန် လှပသောမှန်ချပ်ကြီးက ပေါ်လွင်လာပြီး ထိုမျှလှပသော မှန်ချပ်ကြီးမှာ မရဏာကြေးမုံဟူသောအမည်ဆိုးဖြင့် ကျော်ကြားနေခြင်းကတော့ မသင့်လျော်ပေ။ အခြားသူများကတော့

မှန်ချပ်မျက်နှာပြင်ပေါ်မှ ဆေးသားများ ကွာသွားသောအခါ တစ်စုံတစ်ခုများ တွေ့ရလိမ့်မလားဟု စိတ်ဝင်တစား လာရောက်ကြည့်ကြသည်။

လက်စတာ မိခင်ဖခင်တို့ပါ တကူးတက လာကြည့်ကြသည်။ ညအချိန်ရောက်သောအခါ ပြန်သွားကြသည်။

ထိုအခါမျိုးတွင် ဒေါက်တာမင်းထင်ကျော်မှာ တစ်ယောက်တည်း မှန်ချပ်ကြီးရှေ့မှာ ထိုင်ပြီး စိမ်ပြေနပြေ ကြည့်နေတတ်သည်။

မှန်သားမှာ ကြည်လင်တောက်ပလွန်းသောကြောင့် ပြင်ပမှ အရာဝတ္ထုအားလုံး မှန်ထဲမှာ ပေါ်နေသည်။ သူ၏ရုပ်ပုံ အပါအဝင် အခြားပရိဘောဂပစ္စည်းများ ပေါ်နေသည်။

ယခု မြင်နေရသော အရာဝတ္ထုများအားလုံးကတော့ ပြင်ပမှာ ရှိသောအရာဝတ္ထုများသာဖြစ်သည်။

ဘာမှထူးခြားခြင်းတော့ မရှိသေးပေ။

ဒေါက်တာမင်းထင်ကျော်က မှန်ချပ်ကို ကြည့်လိုက် နားလိုက် စီကရက်ဖွာလိုက်နှင့် ရှိနေရာ ညဉ့်နက်ပိုင်းအချိန်သို့ ရောက်လာချေပြီ။

နောက်တစ်ကြိမ် မှန်ထဲသို့ ကြည့်လိုက်သောအခါ သူ့ပုံ၏နောက်ဘက်တွင် အမျိုးသမီးတစ်ဦး၏မျက်နှာကိုပါ မြင်ရသည်။

ကုမုဒြာနှင့် တူသောကြောင့် စိတ်ထဲမှာ ထိတ်ခနဲ ဖြစ်သွားမိသည်။ နောက်မှ သတိရပြီး လှည့်ကြည့်လိုက်တော့ သူ့





နောက်မှာ ရပ်နေသည့်လက်စတာကို တွေ့ရလေသည်။

"ဟင်. . . လက်စတာ"

လက်စတာက ဒေါက်တာမင်းထင်ကျော်နံဘေးမှာ ချထားသောခုံမှာ ဝင်ထိုင်လိုက်သည်။

"ဆရာ မအိပ်သေးဘူးလား"

"မအိပ်ချင်သေးတာနဲ့ မှန်ထဲမှာ ထူးခြားမှုတစ်ခုခုများ တွေ့မလားလို့ ထိုင်ကြည့်နေတာပါ"

"ကျွန်မတော့ ဒီလောက်အန္တရာယ်များတဲ့မှန်ချပ်ကြီး အိမ်ပေါ် ရောက်နေတာ စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ကြောက်သလို စိုးရိမ်သလိုလို ခံစားနေတယ်"

"ဘာမှစိုးရိမ်စရာ မရှိပါဘူး၊ ကြောက်စရာလည်း မရှိပါဘူး၊ တကယ်လို့ ဒီမှန်ထဲမှာ ကုမုဒြာရဲ့ဝိညာဉ် ရှိရင်တော့ သူ့ရဲ့ဝိညာဉ် လွတ်မြောက်ဖို့အတွက် ဒီမှန်ချပ်ကြီးကို ဖျက်ဆီးပစ်နိုင်အောင် ကြိုးစားရမယ်"

"ဆိုင်ကလူ ပြောလိုက်တာကတော့ ဘယ်လိုဖျက်ဆီးလို့မှ မရဘူးတဲ့. . . လွယ်ပါ့မလားဟင်"

"နည်းလမ်းတစ်ခုတော့ ရှိမှာပေါ့၊ ဒါထက် ထိုနေ့က မှန်ချပ်ထဲမှာ ကုမုဒြာကို တွေ့လိုက်ရတာ အမှန်ပဲလား"

"အမှန်ပဲ. . . သူ့ကို သေသေချာချာကို မြင်လိုက်ရတယ်၊ ပထမတော့ ကိုယ့်မျက်စိကိုယ်တောင် မယုံမိသလိုပဲ၊ နောက် အသေအချာ ကြည့်မှ တွေ့ရတာ"

"ဒီလိုဆိုရင် သေချာပါတယ်၊ ဒီမှန်ချပ်ထဲမှာ သူရှိနေမှာ

ပါ"

လက်စတာက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဆရာတို့လည်း အီဂျစ်ရောက်တာ ရက်အတော်ကြာနေပြီနော်"

"ဟုတ်တယ်. . . ဒါကြောင့် လက်စတာတို့မိသားစုတွေကို အားနာနေကြတာ"

"အို. . . ကျွန်မပြောတာက ဒီသဘောမျိုးမဟုတ်ပါဘူး၊ ဆရာတို့ နေမယ်ဆိုရင် ကြိုက်သလောက် နေလို့ရပါတယ်၊ ကျွန်မတို့မိသားစုအတွက် ဘာမှပြဿနာမရှိပါဘူး၊ အခု ဆရာတို့ ဒီမှာရောက်နေတာကလည်း ကျွန်မတို့မိသားစုအတွက် ဆောင်ရွက်ပေးနေတာပဲ မဟုတ်လား"

"ဒါတော့ ဒါပေါ့လေ. . . တခြားလူတွေဆီမှာ အချိန်အကြာကြီး နေရတာဆိုတော့လည်း အားနာနေရတာတော့ အမှန်ပဲ"

"အားနာစရာမလိုပါဘူး ဆရာရယ်၊ ဆရာသာ နေမယ်ဆိုရင် အီဂျစ်မှာ ပျော်သလောက် နေနိုင်ပါတယ်"

"ဟင်. . . ဘယ်မှာ နေရမှာလဲ"

"ဆရာ သဘောကျတဲ့နေရာမှာ နေပေါ့၊ အခုလောက်ကြာပြီဆိုမှတော့ အီဂျစ်မှာ နေရတာ မပျော်ဘူးလား"

"ပျော်ပါတယ်. . . အထူးသဖြင့်တော့ ဒီမှာနေရတာပိုပြီးစိတ်ပျော်ရွှင်ပါတယ်"

"ဟင်. . . ဘာကြောင့်လဲဟင်"





"အမှန်ပြောရရင်တော့ လက်စတာနဲ့ အတူနေရတာကို စိတ်ထဲမှာ ပျော်ရွှင်လာသလို ခံစားရပါတယ်၊ ဘာကြောင့်လဲဆိုတော့. . ."

ဒေါက်တာမင်းထင်ကျော်က ဆက်မပြောသေးဘဲ သူမမျက်နှာကို အကဲခတ်ကြည့်လိုက်သည်။

လက်စတာကတော့ သူ့ဆီမှ အကြည့်လွှဲကာ မှန်ချပ်ကြီးကို ကြည့်နေသောကြောင့် သူမမျက်နှာကို မှန်ချပ်ထဲမှာ မြင်နေရသည်။

စိတ်ကျေနပ်မှုနှင့် ရှက်ရွံ့စိတ် ရောနေသော မျက်နှာအမူအရာကို ကြည့်ပြီး စကားဆက်ပြောရန် ဟန်ပြင်လိုက်စဉ်မှာ မမျှော်လင့်သောဖြစ်ရပ်က ပေါ်လာလေသည်။

မှန်ချပ်အတွင်းမှ ကြည်ကြည်လင်လင် ပေါ်နေသော သူတို့နှစ်ယောက်၏ပုံရိပ်များမှာ မှန်သားပြင်ပေါ်သို့ မီးခိုးငွေ့လိုလို ရေငွေ့များလိုလိုအရာများ တက်လာသောကြောင့် ပုံရိပ်များမှာ တွန့်လိမ်ဝေ့ဝါးလာလေတော့သည်။

တဖြည်းဖြည်းနှင့် လှိုင်းတွန့်ကလေးများ ထလာသကဲ့သို့ ဖြစ်လာပြီး မှန်မျက်နှာပြင်ပေါ်မှာ ထင်နေသောပုံရိပ်များက ဝေ့ဝါးလာသည်။

ထိုအခြေအနေကို လက်စတာလည်း မြင်သဖြင့် ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

"လက်စတာ. . . ဝေးဝေးကို သွားနေ"

ဒေါက်တာမင်းထင်ကျော်က မှင်သက်မိနေသော လက်

စတာကို မှန်ချပ်နှင့် ဝေးသောနေရာသို့ ပို့ပေးလိုက်သည်။ သူကိုယ်တိုင်က မှန်ချပ်ရှေ့သို့ ပြန်ရောက်လာသည်။ သူရောက်လာတော့ မှန်ထဲမှာ ပေါ်နေသောမြင်ကွင်းများက ပြောင်းလဲသွားချေပြီ။

၎င်းတို့အခန်းထဲမှာ ရှိသော ပစ္စည်းကိရိယာများ မဟုတ်တော့ဘဲ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသော ပရိဘောဂများ ပေါ်နေခြင်းဖြစ်သည်။

မှန်ထဲမှာ မြင်နေရသည်မှာ အခန်းကျယ်ကြီး တစ်ခုဖြစ်ပြီး အသုံးအဆောင်ပစ္စည်းများမှာလည်း ရှေးခေတ်အသုံးအဆောင်ပစ္စည်းများပင်ဖြစ်သည်။

ဥပမာပြောရလျှင် မှန်ချပ်ထဲမှာ မြင်နေရသည်မှာ ရုပ်ရှင်ပြနေသော မြင်ကွင်းတစ်ခုကဲ့သို့ ဖြစ်နေသည်။

ထိုအခိုက်မှာပင် မှန်ထဲမှာ မြင်နေရသောအခန်းထဲသို့ မိန်းမပျိုတစ်ယောက် ဝင်လာသည်။

သူမ ဝတ်ဆင်ထားသောအဝတ်များမှာ အနက်ရောင်ဖြစ်ပြီး ဆံပင်ရှည်များကို ဖားလျားချထားသည်။

သူမမျက်နှာကို ကောင်းစွာမမြင်ရသေးသော်လည်း စိတ်ထဲမှာ တစ်နေရာ၌ တွေ့ဖူးသည်ဟု ထင်မိသည်။ မိန်းမပျိုလက်ထဲမှာ ကိုင်လာသော ဖယောင်းတိုင်ကို စားပွဲပေါ်မှ ကြေးတိုင်ပေါ် တင်ထွန်းလိုက်တော့မှ သူမမျက်နှာကို မြင်ရတော့သည်။

"ဟင် . . . ကုမုဒြာ"





ဒေါက်တာမင်းထင်ကျော်က တိုးတိုးရေရွတ်လိုက်သော်လည်း ကုမုဒြာက ကြားသွားဟန်ဖြင့် သူရှိရာသို့ တစ်ချက်ကြည့်ပြီး ရှေ့ဘက်သို့ လျှောက်လာသည်။

သို့သော်လည်း တစ်နေရာရောက်သောအခါ တစ်စုံတစ်ခုက တားဆီးထားသကဲ့သို့ တန့်သွားသည်။

သူမသည် ဒေါက်တာမင်းထင်ကျော် ရှိရာသို့ သနားစဖွယ်သာ ကြည့်နေရင်း နှုတ်ခမ်းလေးများ တလှုပ်လှုပ် ဖြစ်နေသည်။

သူမလည်း မှန်အတွင်းမှာ တစ်စုံတစ်ခု လှမ်းပြောနေခြင်းဖြစ်ဟန်ရှိသည်။

ရုပ်ကိုသာ သဲသဲကွဲကွဲမြင်နေရသော်လည်း အသံတော့ တစ်စက်ကလေးမှ မကြားရပေ။

သူမ ပြောနေသောအသံကို မကြားရသော်လည်း နှုတ်ခမ်းလှုပ်ပုံနှင့်အမူအရာကို ကြည့်ရုံနှင့် အကူအညီတောင်းနေမှန်းတော့ သိသာပေသည်။

"ကျွန်မကို ကယ်ပါရှင်၊ ကျွန်မရဲ့ဝိညာဉ် ဒီအထဲက လွတ်မြောက်အောင် အမြန်ဆုံး ကယ်တင်ပေးပါ"

"ကျွန်တော်က ဘယ်လိုကယ်ရမှာလဲ၊ ဒီမှန်ချပ်ကြီးကို ခွဲပစ်ရင် ခင်ဗျား လွတ်မြောက်ခွင့် ရမှာလား"

"ဒီမှန်ချပ်က ဘယ်သူခွဲလို့မှ မရဘူး၊ သူခွဲမှပဲ ရမယ်"

ထိုသို့ပြောနေစဉ် လက်စတာက တဖြည်းဖြည်း ရှေ့တိုးလာပြီး ခေါ်လိုက်သည်။

"မမ. . . မမကုမုဒြာ"

ထိုအသံကြောင့် မှန်ထဲမှာ ပေါ်နေသော ကုမုဒြာ၏ ပုံရိပ်မှ ရုတ်ခြည်း ပျောက်ကွယ်သွားလေတော့သည်။

ထို့အတူ အခြားမြင်ကွင်းများပါ ပျောက်သွားပြီး ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်ပုံရိပ်များနှင့် မူလအခန်းတွင်းမှ အခြေအနေအတိုင်း ပြန်ပေါ်လာလေတော့သည်။

လက်စတာက မျက်ရည်အဝိုင်းသားနှင့် ဒေါက်တာမင်းထင်ကျော်ကို မော့ကြည့်လေသည်။

"ကျ. . ကျွန်မကို ခွင့်လွှတ်ပါ"

ဒေါက်တာမင်းထင်ကျော်က ကတုန်ကယင် ဖြစ်နေသည်။ သူမကိုယ်ကလေးကို ထွေးဖက်လိုက်ရာ လက်စတာမှာ အရုပ်ကြိုးပြတ် ဖြစ်သကဲ့သို့ သူ့ရင်ခွင်အတွင်းသို့ ယိုင်ကျလာလေတော့သည်။

ဒေါက်တာမင်းထင်ကျော်က သူမကို ခပ်တင်းတင်း ဖက်ထားရင်းမှ တိုးတိုးပြောလိုက်သည်။

"မင်းမှာ အပြစ်မရှိပါဘူး၊ သူ ဒီမှန်ထဲမှာ ရှိနေတာ သေချာပြီဆိုတော့ သူနဲ့ ထပ်တွေ့ဖို့ ကြိုးစားရမှာပေါ့"

လက်စတာကတော့ ဒေါက်တာမင်းထင်ကျော် ရင်ခွင်ထဲ၌ မျက်နှာအပ်ကာ တသိမ့်သိမ့် ငိုနေလေတော့သည်။





# အခန်း(၂၅)

# အန္တရာယ်စက်ကွင်းသို့ ဝင်ရောက်ကြခြင်း

ဒေါက်တာမင်းထင်ကျော်အတွက် အရေးအကြီးဆုံးသော အခြေအနေသို့ ရောက်လာပြီဟု ဆိုရပေမည်။ သူတို့ ရှာဖွေရလာသော မှန်ချပ်ကြီးမှာ မရဏကြေးမုံဟု အမည်ပေးထားခဲ့သော မြို့စားကြီးအိုစီရန် စီစဉ်ထားခဲ့သော မှန်ချပ်ဖြစ်ကြောင်းနှင့် ထိုမှန်ချပ်အတွင်းမှာ ကုမုဒြာဝိညာဉ် ရှိနေသည်ကတော့ သေချာနေချေပြီ။

ထို့ကြောင့် မှန်ချပ်ကြီးကို ဖြစ်သည့်နည်းနှင့် ဖျက်ဆီး

ပစ်ရန်နှင့် မှန်ချပ်အတွင်းမှာ ပိတ်လှောင်ထားသော ကုမုဒြာ၏ ဝိညာဉ်ကို အပြင်ထွက်ခွင့်ရအောင် အကူအညီပေးဖို့သာ ကျန်တော့သည်။

ထိုအကြောင်းကို မပြုလုပ်မီ ဆရာကြီးသူရဇ္ဇတို့နှင့် တိုင်ပင်ကြည့်သောအခါ ဆရာကြီးသူရဇ္ဇက ပြောပြသည်။

"မှန်ချပ်ထဲမှာ မိန်းကလေးရဲ့ဝိညာဉ် ရှိနေပြီဆိုတာ သိပြီးမှတော့ သူ့ကို လွတ်မြောက်ဖို့ အကူအညီပေးရမှာပဲ၊ ဒါပေမယ့် လွယ်လွယ်နဲ့တော့ ရမယ်မထင်ဘူး၊ တစ်အချက်က ဒီမှန်ချပ်ကြီးကို ဘယ်နည်းနဲ့မှ ဖျက်ဆီးမရတဲ့အချက်ရယ်၊ မှော်ပညာနဲ့ ချုပ်ထားတဲ့ဝိညာဉ်ကို လွယ်လွယ်နဲ့ အပြင်ထုတ်လို့ရမှာ မဟုတ်ဘူး၊ တစ်စုံတစ်ခုခု အကူအညီတော့ လိုလိမ့်မယ်"

"ဘယ်လိုအကူအညီလဲ ဆရာကြီး"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"ပညာရပ်နဲ့ ပြုလုပ်ထားတဲ့ အစီအရင်တွေဆိုတာ သာမန်ဖျက်ဆီးရုံနဲ့တော့ မရဘူး၊ ဒီလိုကိစ္စတွေမှာ သော့ချက်တွေ လျှို့ဝှက်ချက်တွေ ရှိတယ်၊ အဲဒါတွေကို သိအောင် အရင်လုပ်ပါလား"

ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"နှစ်ပေါင်းများစွာက စီစဉ်ထားခဲ့တာဆိုတော့ သူ့ရဲ့ လျှို့ဝှက်ချက်တွေကို ရှာတွေ့နိုင်ပါတော့မလား ဆရာကြီး"

"အစရှိရင် အဆုံးသတ်ဆိုတာလည်း ရှိတယ်၊ ကျယ်ပြန့်





တဲ့ ကောင်းကင်ပြင်ကြီးတောင် စကြဝဠာရဲ့တစ်နေရာ အနားသတ်တိမ်တွေ ရှိသေးတာပဲ၊ ပြဿနာရှိရင် ဖြေရှင်းနည်း ရှိတယ်၊ လျှို့ဝှက်ချက်မှန်သမျှ အဖြေတစ်ခု အမြဲရှိတယ်၊ ဘယ်နေရာမှာ ရှိမလဲဆိုတာပဲ သိဖို့လိုတယ်၊ အဲ့ဒီလို သိဖို့ကလည်း အတွေ့အကြုံနဲ့ပညာ ရှိဖို့တော့ လိုတာပေါ့"

ဆရာကြီးသူရဇ္ဇစကားကြောင့် ဒေါက်တာ မင်းထင်ကျော်နှင့် ကျော်စွာတို့မှာ အားရှိလာကြပြီး ဆရာကြီးသူရဇ္ဇကို အားကိုးအားထားပြုသောအကြည့်မျိုးဖြင့် ကြည့်လိုက်ကြလေသည်။

"ဆရာကြီးက ဘယ်လိုယူဆထားပါသလဲ"

"ကျုပ်ရဲ့ယူဆချက်ကတော့ ဒီလောက်အရေးကြီးတဲ့ လျှို့ဝှက်ချက်ကို တခြားနေရာမှာ ရှိမယ်လို့ မထင်ဘူး၊ မှန်ရဲ့ လျှို့ဝှက်ချက်တွေမှန်သမျှ မှန်ထဲမှာပဲ ရှိမယ်လို့ ယူဆတယ်"

"ဒီလိုဖြင့်တော့ ဒီမှန်ချပ်ကို ဖျက်ဆီးပစ်ဖို့ မှန်ထဲ ရအောင် ဝင်ရမှာပေါ့"

ထိုစကားကြောင့် ကျော်စွာက ဒေါက်တာမင်းထင်ကျော်ကို အထိတ်တလန့် ကြည့်လိုက်လေသည်။

"ဖြစ်ပါ့မလား ဆရာ"

ထိုအခါ ဆရာကြီးသူရဇ္ဇကပါ ဝင်ပြောသည်။

"ဟုတ်တယ် မောင်ထင်ကျော်၊ ဒီကိစ္စမျိုးဆိုတာ အတော်သိမ်မွေ့သလို အန္တရာယ်လည်း အတော်များတယ်၊ အဆင်မသင့်ရင် ဝိညာဉ်ဘဝနဲ့ ရေသက်ပန် နေသွားရနိုင်တယ်"

"ဖြစ်ပါတယ် ဆရာကြီး၊ ကျွန်တော် လွတ်မြောက်အောင် ကြိုးစားနိုင်မယ်လို့ ယုံကြည်မှု ရှိပါတယ်၊ ဘယ်နည်းနဲ့ အတွင်းရောက်အောင် ဝင်လို့ရနိုင်မယ့်နည်းကိုသာ ပြောပြပါ"

ဟု စိတ်အားထက်သန်စွာဖြင့် ပြောလိုက်လေသည်။

ဆရာကြီးသူရဇ္ဇက ဆေးတံကို ဖွာရင်း အေးအေးဆေးဆေး စဉ်းစားနေသည်။

အတန်ကြာမှ. . .

"ဝိညာဉ်လှောင်အိမ်ထဲကို သာမန်ရုပ်ခန္ဓာနဲ့ ဝင်လို့မရတာတော့ အမှန်ပဲ၊ အဲ့ဒီအထဲကို ဝင်မယ်ဆိုရင် ဝိညာဉ်ဘဝနဲ့ပဲ ဝင်ရမှ ရမယ်"

ဟု ပြောရာ စိတ်ဝင်စားသွားကြလေသည်။

"ဘယ်လိုဝင်ရမလဲ ဆရာကြီး"

"ရုပ်ခန္ဓာက ဝိညာဉ်ထွက်နိုင်တဲ့လမ်းက နှစ်ခုပဲ ရှိတယ်၊ ယာယီထွက်ခွာနည်းနဲ့ ထာဝရ စွန့်ခွာတဲ့နည်းပဲ ယာယီထွက်ခွာတယ်ဆိုတာ အိပ်ပျော်နေတုန်း ဒါမှမဟုတ် အိပ်မွေ့ချထားတဲ့ အခါမှာ ဝိညာဉ်က အပြင်ရောက်ပြီး အလိုရှိတဲ့နေရာ ရောက်နေတဲ့နည်းပဲ၊ ဒါကို မဟာဂန္ဓာရီပညာရှင်အတွက် ခေတ္တယာယီ မရဏသေခြင်းလို့ သတ်မှတ်ကြတယ်"

"ဟုတ်ကဲ့"

"ရုပ်ခန္ဓာကနေ လိပ်ပြာဝိညာဉ် အပြီးထွက်ခွာသွားတာကိုတော့ မရဏသေခြင်းလို့ ခေါ်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ရုပ်ခန္ဓာကနေ ဝိညာဉ်လို့ ခေါ်တဲ့ လိပ်ပြာခန္ဓာ စွန့်ခွာဖို့ဆိုတာ





အရေးကြီးသလို အတော်လည်း ခက်ခဲတဲ့ကိစ္စမျိုးပဲ"

"ဟုတ်ကဲ့. . . ကျွန်တော်သိပါတယ် ဆရာကြီး၊ ဘယ်လိုလုပ်သင့်တယ်. . . ဘယ်လိုလုပ်ရမယ်ဆိုတာကိုသာ ပြောပြပါ"

ဒေါက်တာမင်းထင်ကျော်က စိတ်အားထက်သန်စွာဖြင့် မေးလိုက်သည်။

"မောင်ထင်ကျော်အနေကတော့ ယာယီ ထွက်ခွာတဲ့နည်းနဲ့ပဲ ဝိညာဉ်ထွက်ရမှာပဲ၊ ဒီလိုထွက်နိုင်အောင် ကျုပ်ကပဲ အကူအညီပေးပါ့မယ်၊ မောင်ထင်ကျော်ကို အိပ်မွေ့ချပြီး ဝိညာဉ်ခန္ဓာ ထွက်ခွာနိုင်အောင် လုပ်ပေးပါ့မယ်"

ထိုကဲ့သို့ တိုင်ပင်ပြီးနောက် မည်သို့မည်ပုံ ပြုလုပ်ကြရမည်ကို အသေးစိတ် တိုင်ပင်ကြသည်။

"ကျွန်တော်လေ့လာထားသလောက် ပြောရရင် မြို့စားအိုစီရန်က အပြင်ကဝိညာဉ် အတွင်းကို ရောက်လာရင် သူ့ရဲ့ဝိညာဉ်က အပြင်ထွက်လာပြီး အဲဒီလူရဲ့ကိုယ်ခန္ဓာထဲ ဝင်လေ့ရှိတယ်၊ ပြီးမှ ဟိုလူ့ရုပ်ခန္ဓာကို အသုံးပြုပြီး သူ စိတ်ရှိတဲ့အတိုင်း လူတွေသတ်တာ ဆရာကြီး၊ သူ့ဝိညာဉ် ဝင်နေတဲ့လူ သေသွားလို့ ရုပ်ခန္ဓာ ပျက်သွားတော့မှ. . သူ့ဝိညာဉ်က မှန်ထဲ ပြန်ဝင်ပြီး နောက်ထပ်ရောက်လာမယ့် သားကောင်တစ်ယောက်ကို စိတ်ရှည်ရှည်နဲ့ စောင့်နေတာ"

"ဒါဖြင့် ဟိုမိန်းကလေးရဲ့ဝိညာဉ်ကျတော့ ဘာကြောင့် လှောင်ထားတာလဲ"

ကျော်စွာက မေးလိုက်သည်။

"ကျုပ်အထင်ပြောရရင်တော့ မိန်းကလေးရဲ့လှပတဲ့ ဝိညာဉ်ကို တခြားလူတွေအတွက် ကျော့ကွင်းထောင်ချောက် အဖြစ် အသုံးပြုတယ်ထင်တယ်၊ အခုတောင် ကြည့်လေ၊ မောင် ထင်ကျော်တောင် မှန်ထဲမှာ မိန်းကလေးကို မြင်လိုက်ရပြီးက တည်းက မှန်ရှေ့က မခွာနိုင်အောင် ဖြစ်နေပြီမဟုတ်လား"

ထိုစကားကြောင့် သုံးယောက်သား ရယ်လိုက်ကြသည်။

ရယ်သာ ရယ်ရသော်လည်း ဆရာကြီးသူရဇ္ဇ ပြောသည့် အတိုင်း အမှန်ပင်ဖြစ်ကြောင်း စိတ်ထဲမှ ကြိတ်၍ ဝန်ခံလိုက်ရ လေသည်။

"ကျွန်တော့်ဝိညာဉ် အထဲရောက်သွားခဲ့ရင် မြို့စားရဲ့ ဝိညာဉ်က အပြင်ထွက်လာပြီး ကျွန်တော့်ရဲ့ရုပ်ခန္ဓာထဲကို ဝင်ဖို့ ကြိုးစားမှာ အသေအချာပဲ၊ ဒီတော့ ဘယ်လိုလုပ်မလဲ ဆရာကြီး"

"ဒီကိစ္စကိုလည်း ကျုပ်အနေနဲ့ ကြိုပြီးတွေးထားပြီးသား ပါ။ သူ့ဝိညာဉ်ရောက်လာပြီး ဝင်ဖို့ကြိုးစားရင် ဘယ်လိုကာကွယ် တားဆီးရမယ်ဆိုတာ ပြင်ဆင်ထားရမှာပေါ့"

ဆရာကြီးသူရဇ္ဇစကားကြောင့် အတန်အသင့် စိတ် အေးသွားလေသည်။

ထိုနေ့ညပိုင်းအချိန်မှာ ထိုအစီအစဉ်ကို စတင်ရန် တိုင် ပင်ထားကြလေသည်။ ထိုအကြောင်းကို လက်စတာကိုတော့ ကြိုတင်အသိပေးထားရသည်။

ထိုအကြောင်းကို သိသည်နှင့် များစွာစိုးရိမ်သောက





ဖြစ်သွားလေသည်။

"ဖြစ်ပါ့မလား ဆရာရယ် . . . တကယ်လို့"

"စိတ်မပူပါနဲ့ လက်စတာ၊ ကျွန်တော်တို့ ဒီကိစ္စကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြမှာပါ"

"ကျွန်မတော့ ဆရာ တစ်ခုခု ဖြစ်သွားမှာကို သိပ်ပြီး စိုးရိမ်မိတာပဲ"

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့၊ ကျွန်တော့်အနေနဲ့ ဒီထက် အရေးကြီးတဲ့ကိစ္စတစ်ခု ဆောင်ရွက်ရဦးမှာဆိုတော့ ဘာမှမဖြစ်နိုင်သေးပါဘူး"

"ဘယ်လိုကိစ္စမျိုးလဲဟင်"

"ဟိုညက လက်စတာကို ပြောနေတဲ့စကားက အဆုံး မသတ်ရသေးဘူး၊ အဲဒီစကားကို ဆုံးအောင် ဆက်ပြောဖို့က အရေးကြီးတယ်လေ"

ထိုသို့ပြောတော့မှ သဘောပေါက်သွားဟန်ဖြင့် ရှက် သွေးဖြာသော မျက်နှာလေးဖြင့် မော့ကြည့်ရင်း . . .

"ကျွန်မကလည်း အဲဒီစကားရဲ့အဆုံးသတ်ပုံလေးကို စိတ်ဝင်စားနေတာပါ"

ဟု တိုးတိုးပြောသည်။

"တကယ်ပဲ စိတ်ဝင်စားနေတာလား"

ခေါင်းညိတ်ပြသည်။

"တခြားမဟုတ်ပါဘူး . . . ကိုယ့်အနေနဲ့ လက်စတာကို ချစ်နေမိပြီဆိုတာနဲ့ ကိုယ်ပြောတာကို ယုံကြည်လက်ခံပေးစေ

ချင်ပါတယ်ဆိုတာကို ပြောမှာပါ၊ တကယ်လို့ အခြေအနေတွေ အားလုံး ပြီးသွားရင် အဲဒီစကားကိုဆက်ပြောမှာပါ"

ထိုစကားကြောင့် သူမမျက်နှာပေါ်မှာ အပြုံးရိပ် တစ်ချက်ပေါ်သွားသည်။

"ဒါဖြင့် အခု ပြောနေတာ မဟုတ်သေးဘူးပေါ့"

"လက်စတာ လက်ခံပေးမယ်ဆိုရင်တော့ ကိုယ်က တော့ အခုပဲ ပြောချင်တာပါ"

"ဆရာ ကျွန်မကို ရည်းစားစကား ပြောနေတာ မဟုတ်လား၊ ကျွန်မလည်း တခြားလူတွေရဲ့ချစ်ရေးဆိုတာကို တွေ့ဖူးပါတယ်၊ ဒီလောက် မျက်စိလည်စရာကောင်းတဲ့ ပြောပုံမျိုးတော့ မတွေ့ဖူးသေးဘူး၊ ကဲ. . . ကျွန်မကပဲ ပွင့်ပွင့်လင်းလင်း မေးပါမယ်၊ ဆရာ ကျွန်မကို မေတ္တာရှိနေတာ အမှန်ပဲလား"

"အမှန်ပါပဲ"

"ဆရာပြောတဲ့စကားကို ကျွန်မ စိတ်ဝင်စားပါတယ်၊ အဖြေတစ်ခုခု ပေးနိုင်အောင် စဉ်းစားပေးပါ့မယ်"

"ကိုယ်မျှော်လင့်နေပါ့မယ်"

ဒေါက်တာမင်းထင်ကျော်မှာ လက်စတာ၏ အခြေအနေကို အတန်အသင့် သိခွင့်ရလိုက်ပြီဖြစ်သောကြောင့် အတန်အသင့် စိတ်ကျေနပ်မှု ရသွားလေတော့သည်။

ညဦးပိုင်းအချိန်ရောက်သောအခါ မှန်ချပ်ကြီး ထားသော အခန်းတွင်းသို့ သုံးယောက်ဝင်ပြီး အခန်းတံခါးကို ပိတ်ထားကြသည်။





လက်စတာကိုလည်း အကြောင်းမရှိဘဲ အခန်းတွင်းသို့ မဝင်စေရန် မှာကြားထားသည်။ အခန်းတွင်းရောက်ပြီး အားလုံး ပြင်ဆင်ပြီးသောအခါ ဆရာကြီးသူရဇ္ဇက ပြောသည်။

"မောင်ထင်ကျော် အဆင်သင့်ဖြစ်ရင် စလိုက်ကြရအောင် ဒီမှာကျန်ခဲ့တဲ့ ရုပ်ခန္ဓာအတွက်ကတော့ စိတ်မပူပါနဲ့၊ ဘယ်လိုအန္တရာယ်မျိုးမှ မဝင်နိုင်အောင် ကျုပ်တာဝန်ယူပေးနိုင်ပါတယ်၊

တစ်ခုပဲ ရှိတယ်၊ မြို့စားရဲ့ဝိညာဉ်က အပြင်ရောက်တဲ့အခါ မောင်ထင်ကျော်ရဲ့ရုပ်ခန္ဓာအတွင်းကို ဝင်ဖို့ ကြိုးစားလိမ့်မယ်"

"ဟုတ်တယ် ဆရာကြီး"

"ကျုပ် အကာအကွယ်ပေးထားလို့ ဝင်လို့မရရင် သူ မှန်ချပ်ထဲ ပြန်ဝင်လာပြီး မောင်ထင်ကျော်ရဲ့ဝိညာဉ်ကို ရန်ရှာလိမ့်မယ်၊ အဲ့ဒီအချိန်မှာတော့ ကျုပ်တို့က ဘယ်လိုမှ ဝင်ကူပေးလို့ မရတော့ဘူး၊ မောင်ထင်ကျော်ရဲ့အစွမ်းအစနဲ့ ဖြေရှင်းရမယ့် ကိစ္စမျိုးပဲ"

"ကျွန်တော့်အတွက် စိတ်မပူပါနဲ့ ဆရာကြီး၊ ကျွန်တော် ဖြေရှင်းနိုင်ပါတယ်"

"မောင်ထင်ကျော်ရဲ့စွမ်းရည်ကိုတော့ သိပါတယ်၊ သတိတော့ ထားပါ၊ ကဲ. . . စကြရအောင်"

ဟု ပြောပြီး ဒေါက်တာမင်းထင်ကျော်ကို မှန်ချပ်နှင့် မနီးမဝေးမှာ ပြင်ထားသောခုတင်ပေါ်သို့ လဲလျောင်းစေသည်။

ထို့နောက် ဆရာကြီးသူရဇ္ဇက ဒေါက်တာမင်းထင်ကျော်အား တဖြည်းဖြည်းနှင့် အိပ်ပျော်သွားစေရန် အိပ်မွေ့ချသောပညာဖြင့် အိပ်မွေ့ချလေရာ ခဏကြာသောအခါ အိပ်ပျော်သွားလေတော့သည်။





## အခန်း(၁၆)

# အိုစီရန်နှင့် မရဏာကြေးမုံနိဂုံး

အိပ်ပျော်နေရာမှ လန့်နိုးသွားရသောအကြောင်းရင်းမှာ တစ်နေရာမှ မိမိကို ခေါ်နေသောအသံကြောင့်ပင်ဖြစ်သည်။

ဘယ်ကခေါ်နေမှန်း မသိရသော်လည်း အသံကိုတော့ နားထဲမှာ ကောင်းစွာကြားနေရသည်။

သို့ကြောင့် မျက်လုံးကို အားယူပြီး ဖွင့်ကြည့်လိုက်သည်။ ဦးစွာမြင်လိုက်ရသည်မှာ မနီးမဝေးမှာ ထောင်ထားသော မှန်ချပ်ကြီးပင်ဖြစ်သည်။

ယခုအချိန်မှာတော့ မှန်ချပ်ကြီးမှ စူးရှသောအလင်းရောင်များ ထွက်နေလေသည်။

ထို့ပြင် မှန်ချပ်ထဲမှာလည်း တစ်နေ့က မြင်ခဲ့ရသောရှေးဟောင်းအခန်းတစ်ခန်း၏မြင်ကွင်းများ ပေါ်နေလေသည်။ သလင်းကျောက်ဖြင့် ပြုလုပ်ထားသော မီးပန်းဆိုင်းကြီးများတွင် ဖယောင်းတိုင်များ အစီအရီ ထွန်းထားလေသည်။

ထိုရှေ့နားမှာ ရှေးခေတ်အဝတ်အစားများ ဝတ်ဆင်ထားသောလူတစ်ယောက် မတ်တတ်ရပ်နေသည်။ ၎င်းသည် နှုတ်ခမ်းမွေးနှင့် ခန့်ညားသောမျက်နှာသွင်ပြင်နှင့် ကြံ့ခိုင်သောခန္ဓာကိုယ်အနေအထားမျိုး ရှိသည်။ သူက ပြုံးချိုသောမျက်နှာမျိုးဖြင့် ဒေါက်တာမင်းထင်ကျော် ရှိရာသို့ လှမ်းကြည့်နေသည်။

မှန်ချပ်ထဲမှာ မြင်နေရသော ထိုလူကို ကြည့်ရသည်မှာ ရုပ်ရှင်ကြည့်နေရသည်နှင့် တူလှသည်။ ဒေါက်တာမင်းထင်ကျော်က လှဲနေရာမှ ထပြီး ထိုသူ ရှိနေသော မှန်ချပ်ကြီးအနီးသို့ လျှောက်သွားလေသည်။

"ခင်ဗျား နိုးလာပြီလား၊ ကျွန်တော်က ခင်ဗျားနဲ့ စကားပြောချင်လို့ စောင့်နေတာပါ"

"ခင်ဗျားဘယ်သူလဲ"

"ကျွန်တော့်နာမည်က ပက်ထရစ်လို့ ခေါ်ပါတယ်"

"ဘယ်လိုကြောင့် ဒီမှန်ချပ်ထဲ ရောက်နေတာလဲ"

"မှန်ချပ်ထဲ ရောက်နေတာ မဟုတ်ပါဘူး. . . တမင်ဝင်နေတာပါ"





"ဘာအတွက် ဝင်နေတာလဲ"

"ခင်ဗျား မြို့စားကြီးအိုစီရန်ဆိုတဲ့နာမည်ကို ကြားဖူးတယ် မဟုတ်လား၊ သူက အပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ကို မတရားဖမ်းထားတယ်ဗျ၊ သူ့နာမည်က ကုမုဒြာလို့ ခေါ်တယ်၊ ခင်ဗျားသိတယ် မဟုတ်လား"

ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"သိပါတယ်"

"ကျွန်တော်က သူ့ကို ဒီအထဲက လွတ်မြောက်အောင် အကူအညီပေးမလို့ဗျ၊ ဒါပေမယ့် ကျွန်တော်တစ်ယောက်တည်းနဲ့တော့ ဘယ်လိုနည်းနဲ့မှ မရနိုင်ဘူးဖြစ်နေတယ်၊ အဲ့ဒါ ခင်ဗျားပါ ဝင်ပြီး အကူအညီပေးရင်တော့ အဆင်ပြေနိုင်မယ်"

"ဘယ်လိုအကူအညီပေးရမလဲ"

ထိုသို့ပြောနေစဉ်မှာ အခန်း၏အတွင်းပိုင်းနေရာမှာ ရပ်နေသော ကုမုဒြာကို လှမ်းမြင်ရသည်။ သူမက လက်ဟန်ခြေဟန်ဖြင့် အနားမကပ်ရန် လှမ်းပြောနေသော်လည်း ဒေါက်တာမင်းထင်ကျော်က မမြင်ဟန်ဆောင်လိုက်သည်။

"ခင်ဗျားပါ ဒီအထဲဝင်လာမှဖြစ်မယ်"

"ဘယ်လိုဝင်ရမလဲဗျ"

"လွယ်ပါတယ်ဗျာ. . . ခင်ဗျားသာ ကျွန်တော့်လက်နဲ့ ထိလောက်တဲ့နေရာကို တိုးလာခဲ့ပါ"

ဟု ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ရှေ့သို့ တစ်လှမ်းနှစ်လှမ်း တိုးသွားလိုက်ရာ မှန်ချပ်အနီးသို့ ရောက်သွား

သည်။ ထိုအခါ မှန်ချပ်အတွင်းမှ လူက လက်ကမ်းပေးဖြင့် သူ့လက်နှင့် ထိလိုက်သည်။

ထိုသို့ထိလိုက်သည်နှင့် လျှပ်စစ်ကြိုးနှင့် ထိမိလိုက်သကဲ့သို့ တစ်ကိုယ်လုံး တုန်လှုပ်သွားကာအတွင်းမှ အင်အားကြီးသောအရာတစ်ခုက ဆွဲလိုက်သောကြောင့် မိုက်ခနဲ ဖြစ်သွားလေသည်။

နောက်မှ ပုံမှန်အတိုင်း ဖြစ်ပွားသောကြောင့် မျက်စိဖွင့်ကြည့်လိုက်သည်။ မှန်ချပ်အတွင်းမှာ မြင်နေရသော ရှေးဟောင်းအခန်းကြီးအတွင်းသို့ ရောက်နေလေပြီ။ သူ့အနီးမှာ ပက်ထရစ်ဆိုသောလူကိုတော့ မတွေ့ရတော့ပေ။

"ငါတော့ မရဏာကြေးမုံထဲကို ရောက်နေပြီ"

ဟု တွေးမိပြီး ကြည့်လိုက်တော့ မနီးမဝေးမှာ ရပ်နေသော ကုမုဒြာကို တွေ့ရသည်။

သူမက စိတ်မကောင်းသော မျက်နှာအမူအရာဖြင့် ဒေါက်တာမင်းထင်ကျော်အနီးသို့ လျှောက်လာသည်။

"ကျွန်မ အတန်တန် တားနေတဲ့ကြားက ရှင်လည်း ကျွန်မလို ဝိညာဉ်အကျဉ်းသားဘဝ ရောက်ရပြန်ပြီ"

ဟု စိတ်မကောင်းသောအသံဖြင့် ပြောသည်။ ဒေါက်တာမင်းထင်ကျော်က သူမကို တစ်ချက်ကြည့်လိုက်သည်။

"စိတ်မကောင်းဖြစ်မနေပါနဲ့. . . မင်းက ကုမုဒြာ မဟုတ်လား"

ခေါင်းညိတ်ပြသည်။





"စောစောကလူက ဘယ်သူလဲ"

"အဲဒါ လူတွေကို ဒုက္ခပေးဖို့ မရဏာကြေးမုံကို ပြုလုပ်ခဲ့တဲ့ မြို့စားကြီးအိုစီရန်ပါပဲ"

"အခု ဘယ်ရောက်သွားပြီလဲ"

"ရှင့်ရဲ့ဝိညာဉ်က ဒီအထဲ ရောက်လာမှတော့ သူ့ဝိညာဉ်က အပြင်ရောက်သွားပြီပေါ့။ ကျန်ခဲ့တဲ့ ရှင့်ရဲ့ခန္ဓာထဲ ဝင်ပြီး လူတွေ တစ်ယောက်ပြီးတစ်ယောက် သတ်ဦးမှာပေါ့ရှင်"

ကုမုဒြာက တကယ်ကို စိတ်မကောင်းသောအသံမျိုးဖြင့် ပြောနေခြင်းဖြစ်သည်။

ကုမုဒြာမှာ အပြင်မှာ တွေ့မြင်ခဲ့ရသလိုပင် အပြစ်ပြောစရာ မရှိလောက်အောင် လှပချောမောသူတစ်ဦးပင်ဖြစ်သည်။ သူမသည် ဒေါက်တာမင်းထင်ကျော်အတွက် စိတ်မကောင်းဖြစ်နေဟန် ရှိသည်။

"ဒီလောက် စိတ်မကောင်းမဖြစ်ပါနဲ့၊ မင်းတို့ ဒီအထဲက လွတ်မြောက်အောင် ကယ်ပေးဖို့ တမင်ဝင်လာတာပါ။ အပြင်မှာ ကျန်ခဲ့တဲ့ ကိုယ်ရဲ့ရုပ်ခန္ဓာထဲကိုလည်း သူ့ရဲ့ဝိညာဉ် ဝင်လို့မရအောင် စီစဉ်ထားခဲ့ပါတယ်"

ထိုစကားကြောင့် ကုမုဒြာမှာ များစွာအံ့ဩသွားလေသည်။

"ရှင် တကယ်ပြောတာလား"

"တကယ်ပြောတာပါ. . . မကြာခင် သူ့ရဲ့ဝိညာဉ် ဒီမှန်ထဲကို ပြန်ရောက်လာလိမ့်မယ်၊ သူ မလာခင် ကိုယ်တို့ လုပ်စရာရှိ

တာ အမြန်လုပ်ရမယ်”

“ဘယ်လိုလုပ်ရမှာလဲဟင်”

“မြို့စားရဲ့မှတ်တမ်းတွေ ထားတဲ့အခန်း ဘယ်နေရာမှာ ရှိသလဲ၊ မင်းသိရင်ပြောပြပါ”

“ဟိုမှာ မြင်နေရတဲ့အခန်းထဲမှာ သူအမြဲကြည့်နေတဲ့ ပုရပိုက်တွေနဲ့ ရှေးဟောင်းစာအုပ်တွေ ပစ္စည်းတွေ ရှိတယ်”

“ဒါဖြင့် သွားကြရအောင်”

ဒေါက်တာမင်းထင်ကျော်က သူမလက်ကလေးကို ဆွဲပြီး ခပ်သုတ်သုတ် သွားလေသည်။

ကုမုဒြာ ပြသောအခန်းသို့ ရောက်သောအခါ အတွင်းသို့ ဝင်လိုက်လေသည်။

အတွင်း၌မူ စာအုပ်များ၊ ပုရပိုက်များ၊ ရှေးဟောင်းပစ္စည်းများနှင့် မှန်ချပ်များကို တွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်က အခန်းအလယ်မှာ ရှိသည့် စားပွဲအလယ်မှာ တင်ထားသည့်မှတ်တမ်းများကို တစ်ခုချင်း ကြည့်ရှုလေသည်။

မှတ်တမ်းအတော်များများမှာ အီဂျစ်၊ ပြင်သစ်၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ရေးသားထားခြင်းဖြစ်သည်။

အတော်များများမှာတော့ ဂမ္ဘီရဟု ခေါ်သည့် ထူးခြားဆန်းကြယ်သောပညာရပ်များ၊ မှတ်တမ်းများကို ရေးမှတ်ထားခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ထင်ရှားသော ‘ဗားမဲ့၊ ဗားတမေ့၊





အစီအရင်ကျမ်း’ ကဲ့သို့သော စာအုပ်အမျိုးအစားများဖြစ်ကြလေသည်။

စားပွဲတစ်နေရာမှာ အမှတ်အသားများ ညှပ်ထားသော မှတ်တမ်းတစ်ခုကို တွေ့သဖြင့် ယူကြည့်သောအခါ ဝိဉာဉ်လှောင်အိမ်ဟု ခေါ်သော မှန်ချပ်စီရင်နည်းနှင့် မရဏကြေးမုံစီရင်နည်းများကို တွေ့ရသဖြင့် ဝမ်းသာသွားလေသည်။

ထိုကျမ်းစာအုပ်ထဲမှာ ပြုလုပ်စီရင်နည်းများအပြင် ဖျက်ဆီးပစ်နိုင်သောနည်းလည်း ပါသည်။

မရဏကြေးမုံမှန်ချပ်မှာ အခြားမည်သည့်နည်းနှင့်မျှ ဖျက်ဆီး၍မရသော်လည်း အစီအရင်ပြုလုပ်သူ၏သွေးဖြင့် ထိပါက အလိုအလျောက် အစိတ်စိတ်အမြွှာမြွှာ ကွဲစေသော နည်းပင်ဖြစ်သည်။

ထိုအချိန်မှာပင် သူတို့ရောက်နေသော အခန်းအပြင်ဘက်မှ လျှောက်လာသောခြေသံ ကြားလိုက်ရပြီး မရှေးမနှောင်းမှာပင် အခန်းပေါက်ဝသို့ မြို့စားကြီးအိုစီရန် ရောက်လာလေတော့သည်။

“ဩော် . . . မင်းက လက်စသတ်တော့ မင်းရဲ့ရုပ်ခန္ဓာထဲကို ဝင်လို့မရအောင် လုပ်ထားခဲ့ပြီးမှ ငါ့ရဲ့အကြံအစည်တွေကို ဖျက်ဆီးပစ်ဖို့ ဒီမှန်ထဲကို တမင်ဝင်လာတာကိုး၊ ဒီလိုလုပ်နိုင်ဖို့ မလွယ်သလို စွန့်စားဝံ့ဖို့လည်း မလွယ်လှဘူး”

“ဒီကနေ့က လူတွေကို ဒုက္ခပေးနေတဲ့ ခင်ဗျားရဲ့ နောက်ဆုံးနေ့ပဲလို့သာ မှတ်လိုက်ပေတော့”

"ဒီလိုလွယ်လွယ်နဲ့တော့ ဘယ်ရပါ့မလဲကွာ၊ ငါပဲ နောက်ဆုံးနေ့ ဖြစ်မလား၊ မင်းပဲ နောက်ဆုံးနေ့ဖြစ်မလားဆိုတာ မကြာခင် အဖြေသိရမှာပေါ့"

ဟု ပြောပြီး မြို့စားကြီးအိုစီရန်က နံရံမှာ ချိတ်ထားသော ရှေးခေတ်သုံး ဓါးတစ်လက်ကို ယူလိုက်သည်။

"ရှင့်ကို သတ်တော့မယ်"

"ကိုယ့်အတွက် စိတ်မပူနဲ့၊ မင်း ဝေးဝေးမှာနေ"

ဟု ပြောပြီး ဒေါက်တာမင်းထင်ကျော်က အဆင်သင့် ပြင်ထားလိုက်ပြီး အခန်းအခြေအနေ အကဲခတ်ကြည့်လိုက်သည်။ အခန်းထောင့်တစ်နေရာမှာ ကြက်ခြေခတ် ထောင်ထားသော လှံနှစ်လက် ရှိသည်။

"ကဲ. . . သေဖို့သာ ပြင်ပေတော့"

ဟု ပြောပြီး အိုစီရန်က ဓါးဖြင့် ပြေးခုတ်သည်။

ဒေါက်တာမင်းထင်ကျော်က လွတ်အောင်ရှောင်ပြီး အရှိန်ဖြင့် ဝင်လာသော အိုစီရန် ရင်ဝကို ခြေထောက်ဖြင့် ကန်လိုက်ရာ လဲကျသွားသည်။

ထိုအချိန်မှာပင် လှံရှိရာသို့ ပြေးသည်။

ထိုနေရာရောက်သောအခါ လှံနှစ်လက်ကို နှုတ်ယူပြီး တစ်ချောင်းကို ကြမ်းပြင်တစ်နေရာမှာ စိုက်ထားပြီး တစ်ချောင်းကို အဆင်သင့် ကိုင်ထားသည်။

အိုစီရန်မှာ ခန္ဓာကိုယ် ထွားကြိုင်းရုံမက တိုက်ခိုက်မှုမှာလည်း ကျွမ်းကျင်လေရာ ခွန်အားသုံးပြီး တရကြမ်း တိုက်ရာ





ဒေါက်တာမင်းထင်ကျော်မှာ သတိထားပြီး ခုခံတိုက်ခိုက်ရလေသည်။

တစ်ကြိမ်မှာတော့ အိုစီရန် ဓါးချက်မိပြီး မီးဆိုင်းများ ပြုတ်ကျသွားရာ မီးတောက်များက ကြမ်းပေါ်မှ ကော်ဇောများကို စတင်လောင်လေတော့သည်။

နှစ်ယောက်စလုံးမှာ တိုက်ခိုက်ရေးကောင်းသူများ ဖြစ်သောကြောင့် တိုက်ပွဲက ပိုမိုပြင်းထန်လာသည်။ မီးတောက်များကလည်း တဖြည်းဖြည်းနဲ့ များလာချေပြီ။

တစ်ကြိမ်မှာတော့ ဒေါက်တာမင်းထင်ကျော်က လှံဖြင့် ထိုးလိုက်ရာ အိုစီရန်က ဓါးဖြင့် ခတ်ထုတ်လိုက်သောကြောင့် လှံမှာ လွင့်သွားတော့သည်။

ထိုအခါ အိုစီရန်က အခွင့်သာပြီး တရကြမ်း လိုက်ခုတ်ရာ ဒေါက်တာမင်းထင်ကျော်မှာ ဓါးချက်မထိအောင် ရှောင်ပေးရင်းနှင့် ကြမ်းပြင်ပေါ်မှာ စိုက်ထားသော လှံရှိရာသို့ သွားလေသည်။

ထိုနေရာရောက်သောအခါ ကြမ်းပြင်ပေါ်သို့ လဲကျသွားရာ အိုစီရန်က အပေါ်မှ မိုးခုတ်ရန် ပြေးလာသည်။

"ဒီတစ်ခါတော့ မင်းမလွတ်တော့ပါဘူး"

ထိုသို့ပြေးလာစဉ်မှာ ဒေါက်တာမင်းထင်ကျော်က ကြမ်းပြင်မှာ စိုက်ထားသောလှံကို နှုတ်ပြီး ပြစ်ထိုးလိုက်ရာ အိုစီရန်၏ ရင်ဝကို ဖောက်ဝင်သွားလေသည်။

"အင့်"

အိုစီရန်က ရင်ဝမှာ စိုက်နေသောလှံကို တအံ့တဩ ငုံ့ကြည့်ရင်း ပြန်နှုတ်ရန် ကြိုးစားလေသည်။

သို့သော် မရတော့ပေ။

ထိုနေရာမှာ အနက်ရောင်သွေးများ စီးကျလာသည်။

"ဒီတစ်ခါတော့ တမလွန်ဘဝကို တကယ်သွားပေတော့ မြို့စားကြီးရေ၊ ဒီတစ်ခါတော့ လူတွေကို ဒုက္ခထပ်ပေးလို့ မရတော့ဘူး"

ထိုသို့ပြောရင်း ရင်မှ စီးကျလာသော သွေးများကို ရေတကောင်းတစ်ခုဖြင့် ခံယူလိုက်သည်။

အိုစီရန်မှာ ဒေါက်တာမင်းထင်ကျော်ကို မျက်လုံးပြူးကြီးဖြင့် ကြည့်နေရင်းမှ တဖြည်းဖြည်း ငြိမ်ကျသွားလေတော့သည်။

ခဏကြာသောအခါ ဝေ့ဝါးပျောက်ကွယ်သွားလေတော့သည်။ ထိုအခါမှ ဒေါက်တာ မင်းထင်ကျော်က ကုမုဒြာ အနားသို့ သွားလေသည်။

"မင်းနဲ့ လူတွေကို ဒုက္ခပေးနေတဲ့ လူယုတ်မာကြီးတော့ ဇာတ်သိမ်းသွားပြီ၊ မကြာခင်မှာ ဒီမရဏာကြေးမုံကြီးကို ဖျက်ဆီးပစ်လိုက်တော့မယ်၊ မင်းရဲ့ဝိညာဉ်လည်း လွတ်မြောက်ခွင့် ရတော့မယ်"

"ဒီ. . . ဒီတော့ ကျွန်မက ဘယ်လိုလုပ်ရမလဲဟင်"

ဒေါက်တာမင်းထင်ကျော်က စိတ်မကောင်းစွာဖြင့် ကြည့်လိုက်လေသည်။





"မင်းရဲ့ရုပ်ခန္ဓာဟောင်း ရှိရာသို့ ပြန်သွားပြီးတော့ အဆုံးတိုင် သေခြင်းတရားကို လက်ခံလိုက်ပါ ကုမုဒြာ"

ထိုစကားကြားသောအခါ ကုမုဒြာ၏မျက်နှာပေါ်သို့ မျက်ရည်များ စီးကျလာသည်။

"နောက်ဘဝတွေမှာ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ မကြုံပါစေနဲ့လို့ ကိုယ်ဆုတောင်းပေးလိုက်ပါတယ်"

"ကျွန်မကို ဝိညာဉ်ကျဉ်းသားဘဝက လွတ်မြောက်အောင် ကူညီပေးခဲ့တဲ့ ရှင့်ကို ကျေးဇူးတင်ပါတယ်၊ ကျွန်မညီမလေးကိုသာ စောင့်ရှောက်ပေးလိုက်ပါ"

ဟု ပြောပြီး ကုမုဒြာက တရွေ့ရွေ့နှင့် ထွက်သွားလေတော့သည်။ အခန်းတွင်းမှာ မီးတောက်ကြီးများက အရာအားလုံးကို ဝါးမျိုတောက်လောင်နေလေသည်။

ဒေါက်တာမင်းထင်ကျော်က မှန်မျက်နှာပြင် ရှိသောနေရာသို့ သွားကာ အနက်ရောင်သွေးရည်များဖြင့် ပက်ဖျန်းပြီး မီးတိုင်တုတ်ဖြင့် ရိုက်ချလိုက်ရာ စူးရှကျယ်လောင်သော အသံကြီး ပေါ်ထွက်လာပြီး အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွားလေတော့သည်။

မရဏာကြေးမုံကတော့ နိဂုံးချုပ်သွားခဲ့ချေပြီတည်း။





# အခန်း(၁၇)

# မေတ္တာဝဝ်နှင့် ချစ်သူ့ရင်ခွင်

ကိစ္စများ ပြီးသွားသောအခါ လက်စတာတို့ မိသားစုသုံးယောက်ရော ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်ပါ ပြင်သစ်နိုင်ငံ ပဲရစ်မြို့သို့ တစ်ကျော့ပြန်သွားကြလေသည်။

ပဲရစ်သို့ ရောက်သောအခါ စိန့်မာတင် ဘုရားရှိခိုးကျောင်း မြေအောက်သင်္ချိုင်းမှာ ရှိသော ကုမုဒြာ ရုပ်ခန္ဓာ ထားသောနေရာသို့ သွားကြည့်ကြသည်။

ဘုရားကျောင်းစောင့်အဘိုးကြီးကို ဖရန့်ဒင်္ဂါး ပေးပြီး

လိုက်ပို့ခိုင်းရသည်။ ထိုသို့ရောက်ပြီး ကျောက်တံခါး ဖွင့်လိုက်သောအခါ ယခင်တစ်ခေါက်ကလို ကုမုဒြာ၏လှပသော ကိုယ်ခန္ဓာကို မတွေ့ရတော့ဘဲ အနက်ရောင်အဝတ်များအောက်မှ အရိုးစုဖွေးဖွေးကိုသာ တွေ့မြင်ကြရတော့မည်။

"သူ့ဘဝ တကယ်ပဲ လွတ်မြောက်ခွင့် ရသွားပြီပဲ"

ဟု ဒေါက်တာမင်းထင်ကျော်က ခပ်တိုးတိုး ရေရွတ်လိုက်သည်။

ကုမုဒြာ၏မိခင်ဖခင်တို့နှင့် လက်စတာခမျာမှာတော့ ကံဆိုးခဲ့ရရှာသော ကုမုဒြာ ရုပ်အလောင်းကို ကြည့်ပြီး မျက်ရည်ကျနေသည်မှလွဲပြီး ဘာမှမတတ်နိုင်ကြတော့ပါချေ။

ကိစ္စများ ပြီးသောအခါ ပဲရစ်မြို့မှာ တစ်ရက်နှစ်ရက်နေကြသေးသည်။

ထိုအခါမှ ဒေါက်တာမင်းထင်ကျော်နှင့် လက်စတာတို့မှာ ဘဝရှေ့ရေးအတွက် တိုင်ပင်ဆွေးနွေးကြလေသည်။

"ဆရာတို့ အီဂျစ်ပြန်လိုက်ကြဦးမှာလား"

"အဲ့ဒါကတော့ လက်စတာအပေါ်မှာပဲ မူတည်ပါတယ်၊ လက်စတာ အဖြေပေးတဲ့အပေါ်မှာ မူတည်ပြီးတော့ လိုက်သင့်မလိုက်သင့် စဉ်းစားရမှာပေါ့"

"ဆရာပြောတာကို ကျွန်မ စဉ်းစားထားပြီးသားပါ။ မေးစရာ တစ်ခုပဲ ရှိပါတယ်"

"ဘာမေးမှာလဲ. . . မေးလေ"

"ဆရာ့အချစ်ကို လက်ခံပြီး လက်ထပ်ကြတဲ့အဆင့်





ရောက်ခဲ့ပြီးရင် ဆရာ ဘယ်လိုစီစဉ်မှာလဲ"

"ဪ. . . ဒါလား၊ လက်စတာ ကိုယ့်မေတ္တာကို လက်ခံလို့ လက်ထပ်ပြီးရင် မြန်မာပြည်မှာတစ်လှည့် အီဂျစ်မှာ တစ်လှည့် နေကြမယ်လေ. . . မကောင်းဘူးလား"

"ဒီအစီအစဉ်ကို ကျွန်မ သဘောကျပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်မလည်း မြန်မာပြည်ကို ရောက်ဖူးချင်နေတာနဲ့ အတော်ပါပဲ"

"ဒါဖြင့် ကိုယ့်မေတ္တာကို လက်ခံပြီပေါ့နော်"

"ဟင်. . . ဆရာကလည်း၊ လက်ထပ်ဖို့ကိစ္စတောင် ဆွေးနွေးတိုင်ပင်နေကြပြီ၊ ဒါက မေးဖို့ လိုသေးလို့လား"

"လိုတာပေ့ါ. . . သေချာအောင် မေးထားရမှာပေ့ါ"

"ကျွန်မ ဆရာ့မေတ္တာကိုလက်ခံပါတယ်၊ ဆရာက ကျွန်မကို ချစ်သလို ကျွန်မကလည်း ဆရာ့ကို ချစ်ပါတယ်၊ ကဲ. . . ကျေနပ်ပြီလား"

လက်စတာက ကပြားမလေးပီပီ ရင်ထဲမှာ ရှိသော ခံစားချက်ကို ပွင့်ပွင့်လင်းလင်း ပြောပြီး မျက်စောင်းတစ်ချက် ထိုးလိုက်လေသည်။

"ကျေနပ်ပါပြီ. . . တစ်ခုပဲ ကျန်တော့တယ်"

"ဘာလဲဟင်"

"ချစ်သူတွေ ဖြစ်တဲ့အထိမ်းအမှတ်အနေနဲ့ ဆရာလို့ မခေါ်ဘဲ တစ်ခုခု ပြောင်းခေါ်ပါလား"

"ဘယ်လိုခေါ်စေချင်လို့လဲ"

"နားထဲကနေ အသည်းနှလုံးထဲထိ ရောက်အောင် အခေါ်အဝေါ်မျိုးပေါ့"

လက်စတာက ကြည်နူးစွာတစ်ချက်ပြုံးရင်း ဒေါက်တာမင်းထင်ကျော်ကို မော့ကြည့်ကာ တိုးတိုးခေါ်လိုက်သည်။

"မောင်လို့ ခေါ်ရင် သဘောကျမှာလား"

ဒေါက်တာမင်းထင်ကျော်က သဘောကျစွာ ပြုံးရင်း ခေါင်းညိတ်ပြလိုက်လေသည်။

ထို့နောက် လက်စတာ၏ကိုယ်ကလေးကို ထွေးဖက်ထားလိုက်လေသည်။

ယခုတော့ အရာအားလုံးမှာ အလှတရားတို့နှင့် ပြည့်စုံတင့်တယ်သွားခဲ့လေသည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(မရဏကြေးမုံနှင့် လိပ်ပြာအကျဉ်းသား)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီဖြစ်လေတော့သတည်း။

အနီဃာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု။



